
www.burmeseclassic.com



www.burmeseclassic.com

◆ သုံးပေါက်ချွန်း ... ပုံနှိပ်မှတ်တမ်း ◆

စာမူခွင့်ပြုချက်အမှတ် [၅၀၀၈၁၃၀၇၀၇]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၀၀၉၅၂၀၈၀၇]

၂၀၀၈ မေလ

တန်ဖိုး ◆ ၁၀၀ ကျပ်
ပထမအကြိမ်အုပ်ရေ ◆ ၅၀၀ အုပ်

ထုတ်ဝေသူ ◆ ဦးကျော်လှိုင် (၀၃၈၈၇)
စေတနာစာပေ
အမှတ်—၅၉၊ ၁၉—လမ်း၊
လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ◆ ဦးကျော်လှိုင် (၅၅၇၃)
စေတနာအော့ဖ်ဆက်
အမှတ်—၅၉၊ ၁၉—လမ်း၊
လသာမြို့နယ်၊ ရန်ကုန်။

ဖြန့်ချိရေး ◆ ရန်မျိုးအောင်စာပေ
မွစိန္တာလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်။

ကွန်ပျူတာ ◆ ပန်းအိစံ ,

စာရေးဆရာ မင်းဧသွေးသစ္စာ

၏

နောက်ထွက်မည့်စာအုပ်များ

- ရှင်ကွဲဇာတ် ခရီးကြမ်း
- ဝင်ကစ္စပ်
- ငရုမန်ဇာတ်ဘို
- သုံးပေါက်ချွန်း
- သူယောင်မယ်
- ဖုလဲနက် အမြုတေ
- ခေါင်းသုံးလုံးမြွေ
- သုံးပန်လှ ကချေသည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"သဘာဝလောကကြီးက တို့အတွက် ,
မရှိမဖြစ် အရေးကြီးဆုံး လိုအပ်တဲ့
အသက်ရှုဖို့ လေကိုတောင်
အလကား ပေးထားတယ်...
တို့ဟာ တန်ဖိုးအကြီးဆုံးအရာကို
အလကားရနေတာတောင်...
သဘာဝလောကကြီးထဲက...
ဘာတွေ ထပ်ပြီးတောင်းဆိုချင်တာလဲ?
သဘာဝလောကကြီးကို...
ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး
ဘာကြောင့် အပြစ်တင်ချင်နေရတာလဲ?"

ငရမန်ထောင်ဘို

**နောက်ထွက်မည့်အချစ်...**

# ၁

လှည်း (၁၅)စီးခန့် ပါဝင်သော လှည်းတပ်ကြီး၏ လှည်းက တဲအိမ်များတွင် ရိုင်ပတ်ဟုခေါ်သည့် ဖျာရှည်တစ်မျိုးကို ပတ်ကာ စပါးတင်း (၂၀)ခန့်စီ ထည့်ထားပြီးဖြစ်၏။

လှည်းများကို ထမ်းပိုးတုံးနှစ်ဖက်မှ ထမ်းပိုးကျည်များတွင် လည်း နွားများကို တပ်ဆင်၍ ထွက်ခွာရန် အသင့်ဖြစ်နေချေပြီ။

မကြာမီ အနောက်ရိုးမ တောင်စွယ်တောင်တန်းများ၏ နောက်ကွယ်တွင်နေလုံးက ဝင်ရောက်ပျောက်ကွယ်ပေတော့မည်။

လှည်းတပ်ချီတော့မည့် လှည်းသမားအားလုံးသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



စစ်ထွက်မည့် သူရဲကောင်းများလို ဖျတ်လတ်တက်ကြွနေကြ၏။

လှည်းတပ်တွင် ရှေ့ဆုံးမှ ဦးဆောင်သွားလာမည့် ခေါင်းလှည်းသမား မြသီးကို နို့စို့အရွယ် ကလေးငယ်အား ခါးထစ်ခွင်၍ ချီပိုးထားသော ဖနီးသည်က

*"တော့်ကို ဝမ်းစာ စပါးကလေး ကြိတ်ခွဲဖို့ အရေးရှိလို့သာ မြို့ကိုလွှတ်ရတယ်၊ လုံးလုံးစိတ်မချဘူး၊ မြို့ကိုရောက်ရင် နွားငတ်ရေငတ်ဖြစ်ပြီး နင်းကန်လည်း သောက်မနေနဲ့ဦး၊ ဖဲဝိုင်း၊ ကြက်ဝိုင်းတွေအနားလည်း ယောင်လို့တောင်မကပ်နဲ့၊ ဟို... နာမည်ကြီးနေတဲ့ စိမ်အိမ်ဆိုလား ဘာလား၊ အဲဒီအိမ်ကိုလည်း ခြေဦးတောင် မလှည့်နဲ့နော်၊ ပြန်လာလို့ မဟုတ်တရုတ်သတင်းတွေကြားရရင်တော့ ကျုပ်နဲ့အတွေ့ပဲ"*

ဟု မှာကြားလေ၏။

မြသီးက သူ၏စိတ်ကူးထဲမှ မြို့သို့ ဘက်လျှင် ပြုလုပ်မည့်





အစီအစဉ်များကို အတိအကျပင် ပြောဆိုဟန့်တားနေသော ဖနီးသည်ကို ခပ်တည်တည်ကြည့်ကာ

*"ရှင်မရယ်... စိတ်ချစမ်းပါ၊ မြသီးတို့က မဟုတ်တာဆို ဘယ်တော့မှ မလုပ်တတ်ဘူးဆိုတာ သိရဲ့သားနဲ့"*

ဟုပြောလိုက်လေ၏။

ဖနီးသည်က နှုတ်ခမ်းကိုထော်ပြီး

*"ရှင့်စိတ်ထဲမှာ အဲဒီမဟုတ်တာတွေကို အဟုတ်မှတ်နေတာ ကျုပ်ကသိလို့ မှာနေရတာတော်ရေ၊ ကဲ...ကဲ ဟိုမှာ တ ခြားသူတွေလည်း အသင့်ဖြစ်နေပြီ၊ သွားဖို့ပြင်ပေတော့၊ ကျုပ်မှာ တာတွေကိုသာ မမေ့နဲ့"*

ဟုမှာပြန်၏။

အခြားလှည်းများတွင်လည်း ဤကဲ့သို့ မှာကြားနေသူများရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် လှည်းသမားများ မြို့သို့ရောက်လျှင် စိတ်လွတ်ကိုယ်လွတ် ပြုလုပ်တတ်ကြသည်ကို သိရှိထားကြလေရာ အခြားအရာများထက် မြသီး၏ဖနီးသည် တားမြစ်သည့် အရက်၊ ဖဲနှင့် မိန်းမ မရှုပ်မွေရန်ကိုသာ အဓိကထား၍ မှာကြားနေကြခြင်းဖြစ်၏။

လွန်ခဲ့သည့်နှစ်က ယခုဖိုပင် ဝမ်းစာစပါး သွားရောက်ကြိတ်ခွဲရင်း အောင်လှနှင့်အောင်မြဟူသော ညီအစ်ကိုသည် မြို့မှ အပြန် ဝမ်းစာဆန်ကလေး တစ်စေ့မျှပင် ယူဆောင်မလာနိုင်ဘဲ လှည်းခွဲကြီးသက်သက် မောင်း၍ပြန်လာခဲ့သော သာဓကမျိုးကလည်း မကြာခဏ ဖြစ်ပေါ်ခဲ့ဖူး၏။

အောင်လှတို့ညီအစ်ကိုသည် မြို့တွင် အပျော်ကြီးပျော်ကာ ဖဲဝိုင်းတွင် ကြိတ်ခွဲပြီးသမျှဆန်များအားလုံး ရောင်းချပြီး ရှုံးနိမ့်ခဲ့ခြင်းကြောင့် ဖြစ်၏။

နောက်ဆုံး လှည်းတွင်လိုက်ပါမည့် လှည်းသမားဖြစ်သူ လူရွယ်မှာမူ မိန်းမဝဝကြီးရှေ့တွင် ရှိကျိုးဟန်နှင့် ခေါင်းငုံ့ကာ ရပ်တန့်နေ၏။





ထိုအခါ မိန်းမဝဝကြီးက

*"ဒီမှာ ရွှေတိုး၊ သူများတွေယောင်လို့ နင်လိုက်မယောင်ရဘူး"*

ဟု ပြောလေရာ ဆံပင်ရှည်ကို ခေါင်းတွင် သျှောင်တစောင်းထုံး၍ တဘက်ယောင်းနှင့်ပတ်ထားသော ရွှေတိုးဟူသည့် လူရွယ်က ရိုသေဟန်နှင့်

*"ဟုတ်ကဲ့ပါ"*

ဟု အဖြေပေး၏။

မိန်းမဝဝကြီးက စိန်နားကပ်မှ အရောင်တဖျတ်ဖျတ်လက်သွားအောင် ခေါင်းကိုယမ်းပြီး

*"ဟုတ်ကဲ့ဆိုရုံနဲ့ မပြီးသေးဘူး၊ စပါးနှစ်ဆယ်စာကို ကြိတ်ခွဲပြီးရင် ဆန်ဘယ်နှစ်တင်းထွက်သလဲဆိုတာ ခန့်မှန်းလို့ရတယ်နော်၊ ရလာတဲ့ဖွဲတွေ၊ ဆန်ကွဲတွေကိုလည်း အသေအချာ ထုပ်ပိုးခဲ့ပါ၊ ဒါတွေက တန်ဖိုးမရှိလို့ဆိုပြီး မှန့်ပဲသရေ*



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ လဲစားမလာခဲ့နဲ့ဦး"

ဟု မှာပြန်၏။ ထိုအခါ ရွှေတိုးက ခေါင်းညိတ်ပြီး

"ဟုတ်ကဲ့ပါ"

ဟု အဖြေပေးပြန်၏။

ထိုအခါ မိန်းမဝဝကြီးက ဆက်၍

"ဦးဘလှနဲ့ တို့အိမ်က လှည်းနှစ်စီးတိုက် သွားမှာဆိုတော့ စားသောက်ဖို့အတွက် ငါးပိကြော် တော့ ထည့်ပေးလိုက်တယ်၊ ဆန့်စက်နားက အကြော်တဲကလေးမှာ အိုးငှားပြီး ထမင်းချက်စားလို့ ရတယ်၊ လိုအပ်ရင်လည်း အဲဒီအကြော်တဲက အကြော်ကလေး ဘာလေး ဝယ်စားပေါ့၊ ဦးဘလှ ဆီမှာ ငွေ (၂) ကျပ် ပေးထားတယ်၊ ကဲ... ကဲ သွားပေတော့၊ ခေါင်လှည်းသမား မြသီးတောင် လှည်းပေါ်ရောက်သွားပြီ"

ဟု ပြောလေ၏။





ထိုအခါမှပင် ရွှေတိုးသည် နားပူသည့်အရေးမှ လွတ်မြောက်ကာ လှည်းထောက်ကိုဖြုတ်ပြီး လှည်းပေါ်သို့တက်၍ နှင်တံကို ကိုင်လိုက်တော့၏။

သူ၏လှည်းရှေ့တွင် သူ့လိုပင် မိန်းမဝဝကြီး၏အိမ်တွင် စာရင်းငှားလုပ်သူ ဦးဘလှ၏လှည်းရှိ၏။ ဦးဘလှက ဆေးပြင်းလိပ် တိုကိုခဲရင်း အိပ့် အိပ့်နှင့် ပြန်လည်ထွက်ခွာသွားသော မိန်းမဝဝ ကြီး၏ ကျောပြင်ကိုကြည့်ကာ

"ဒေါ်စိန်ထွားတို့ကတော့ မှာလိုက်တာတွေ စုံနေတာပဲ၊ ဟား...ဟား..ဟား... ဆန့်စက်မှာ စပါးကြိတ်ဖို့ တခြားရွာတွေက လှည်းတွေနဲ့ ကျပ်နေရင် ဘယ်နှစ်ရက်လောက် တန်းစီပြီးစောင့် ရမလဲ မသိဘူး၊ စားဖို့သောက်ဖို့ပေးလိုက်တာ ငါးပိကြော်တစ်ပုလင်းနဲ့ ငွေ (၂) ကျပ်ကွ၊ တို့ တော့ ရက်ကြာရင် ရေသောက်ပြီး ဗိုက်မှောက်နေ ရမဲ့ကိန်းရှိတယ်၊ ဒါပေမဲ့ မပူပါနဲ့ကွာ၊ ဒေါ်စိန်ထွား



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ဘယ်လောက်ပဲ ကပ်စေးနည်းနည်း သူ့သမီးက ငါ့ကို ကိုတ်ပြီး ငွေ (၁၀) ပေးလိုက်တယ်ကွ၊ လိုရာသုံးရအောင်တဲ့၊ အဲဒါကလည်း မင်းမျက်နှာကြောင့်ပါကွာ"

ဟု ပြောလေ၏။ ရွှေတိုးက ပတ်ဝန်းကျင်ကို အကဲခတ်ပြီး

"တိုးတိုးလုပ်ပါဗျာ၊ ခင်ဗျားစကားကို ဟိုကြားလူတွေကြားပြီး ကျုပ်တို့ကို ယုံထင်ကြောင်ထင်ဖြစ်ကုန်လိမ့်မယ်၊ မမြလေးက စိတ်သဘောထားကောင်းတာလည်း ခင်ဗျား သိရဲ့သားနဲ့၊ ကျုပ်လိုနင်းပြားကို သနားရုံကအပြင် ဘယ်မှာဟိုမှာလဲဗျာ၊ တော်ကြာ ခင်ဗျားနောက်ပြောင်တဲ့စကားက ဒေါ်စိန်ထွားရဲ့နားကိုပေါက်သွားရင် သူ့အိမ်မှာ ကျွဲလိုနွားလို ရုန်းနေရတဲ့ဘဝကလေးတောင် မရဘဲ ခွေးပြေး၊ ဝက်ပြေး ထွက်ပြေးနေရဦးမယ်"

ဟု ဆိုလိုက်ရာ ဦးဘလုက မျက်လုံးပေါက်များပိတ်အောင်





ရယ်မောကာ

"မင်းအပြောနဲ့ ငါတို့လည်း တိရစ္ဆာန်မျိုးစုံအောင်ကိုဖြစ်သွားတော့တာပဲ၊ ဒါပေမဲ့ အဖြစ်မှန်ကိုတော့ ပြောရမှာပဲဟေ့၊ မင်းရဲ့ ငါးပိရည်ဆမ်းထားတဲ့ ထမင်းပန်းကန်ထဲမှာ ဝက်သားတုံးကြီးတွေ မြှုပ်ပြီးထည့်ပေးတာ ဘယ်သူလဲကွ၊ ဟိုတစ်ခေါက် မြို့ကအပြန်ဝယ်လာတဲ့ စွပ်ကျယ်ကလေးတစ်ထည်ကိုမင်းအတွက်ဆိုပြီး ငါနဲ့ လှူကြိုပေးခိုင်းတာ ဘယ်သူလဲကွ၊ ထွန်းတုံးချစအချိန်က မိုးတွေမိပြီး မင်းနှစ်ရက်လောက် အပြင်းဖျားတော့ ညကြီးသန်းခေါင်အိမ်နောက်ဖေးပေါက်ကလာပြီး အပူကျဆေးတိုက်တာ ဘယ်သူလဲကွ"

ဟု ပြောဆိုပြန်၏။ ရွှေတိုးက လက်ကာပြီး

"ပြောလေကဲလေပါလားဗျာ၊ လှည်းထွက်ပေတော့၊ တခြားသူတွေထွက်နေပြီ၊ ဒါမှမဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



*လည်း နောက်ဆုံးက လိုက်ခဲ့ပေတော့"*

ဟု စကားစပြတ်စေရန် သူ၏နွားများကို နှင်တံဝင့်၍ ပြေးလိုက်တော့၏။

ရိုက်နှက်စရာမလိုအောင် သခင်၏အကြောင်းကိုသိသော နွားများကလည်း လှည်းကိုရုန်း၍ ထွက်ခွာလေ၏။

ထိုအခါမှပင် ဦးဘလှလည်း နွားများကို ကြိမ်နှင့်တို့လိုက်လေ၏။ ၎င်း၏ရယ်မောသံကြီးကမူ ထွက်ပေါ်နေဆဲသာဖြစ်၏။

◆◆◆





တစ်နေ့သ၌ ရန်ကုန်မြို့ရှိ ဆူးလေစေတီတော်မြတ်၏ ရင်ပြင်တော်ပေါ်၌ သန့်ပြန့်ကောင်းမွန်သော အဝတ်အထည်များကို ဆင်မြန်းထားသည့် လူရွယ်တစ်ယောက်နှင့် နောက်လိုက်ဖြစ်ဟန်တူသူတို့သည် ဘုရားကို လက်ယာရစ်လှည့်ကာ ဖူးမြော်ပြီးနောက် ဆူးလေဘိုးဘိုးကြီးနတ်နန်းသို့ ရောက်လာကြလေ၏။

ထိုအခါ လူရွယ်က ပိုးရင်ဖုံးအင်္ကျီအိတ်တွင်းမှ ရွှေကြိုးတပ် အိတ်ဆောင်နာရီငယ်ကို ထုတ်ယူကြည့်ရှုကာ



www.burmeseclassic.com

www.burmeseclassic.com



*"မောင်ညွှက်ရေ အချိန်တော့ကျပြီကွယ့်"*

ဟု ပြောဆိုလေ၏။

နောက်ပါး၌လိုက်ပါလာသူသည် ပခုံးထက်၌ ရွှေငှက်ပျောသီး အဖီးတွားတွားကြီးများနှင့် အုန်းသီးအပေါ်အဝင် အောင်သပြေ၊ တံခွန်၊ ကုက္ကားများပါ ထိုးစိုက်ထားသော ကြေးရည်သုတ်ဖလုံကြီးနှင့် ထည့်ထားသည့် ပွဲကြီးကို ထမ်းထားရင်းမှ

*"ကောင်းလှပါပြီ ကိုယ်တော်လေး၊ မယ်တော်ကြီးနဲ့ ဖေဒဝီနွားကြီးကလည်း အချိန်နာရီ အတိအကျ မြုလုပ်ဖို့ မှာကြားလိုက်တာပဲလေ"*

ဟု ဆိုလေ၏။

ကိုယ်တော်လေးဆိုသူက ဆူးလေဘိုးဘိုးကြီးနတ်ကွန်း အတွင်းသို့ ရှေ့မှဦးဆောင်ကာ ဗိုးလုံချည်ကို မသည်ဆိုရုံမျှမ၍ ဟန်ပန်မူင်မောင်းကောင်းစွာနှင့် ဝင်ရောက်သွားလေရာ မောင်ညွှက်လည်း နောက်မှ ငှက်ပျောပွဲကိုထမ်းကာ လိုက်ပါလာလေ၏။

ထို့နောက် မောင်ညွှက်က ဆူးလေဘိုးဘိုးကြီးနတ်နန်းမှ





တာဝန်ကျဝန်ထမ်းထံ ငှက်ပျောကို အပ်နှံပြီး လွယ်အိတ်တွင်းမှ ကတ္တီပါအခင်းတစ်ခုကို ထုတ်ယူလေ၏။

ပြီးနောက် လက်နှစ်ဖက်ကိုပိုက်ကာ တည်တည်ခန့်ခန့်ကြီး ရပ်တန့်နေသော ကိုယ်တော်လေး၏ရှေ့တွင် ထိုကတ္တီပါအခင်းကို ခင်းပေး၍

*"ကိုယ်တော်လေးကြွပါ၊ မယ်မယ်ကြီး အတွက် ဖေဒဝီနွားကြီး စီရင်ပေးတဲ့အတိုင်း ဆူးလေ ဘိုးဘိုးကြီးမှာ ကန်တော့ပွဲပေးပြီး တောင်းဆုချွေရ ဦးမယ် မဟုတ်လား"*

ဟု ပြောလေ၏။

ကိုယ်တော်လေးက အခင်းထက်တွင် ဆောင့်ကြောင့်ထိုင်ပြီးနောက် ဆူးလေဘိုးဘိုးကြီးရုပ်တုတော်ကို မမှိတ်မသုန်ကြည့်ကာ လက်အုပ်ချီပြီး

*"ဘိုးဘိုးကြီးခင်ဗျား၊ သားတော်ကလေး ထိပ်တင်ခွေက ရှိသေသမှု အခဉ်ပြုပြီး လက်ဆယ်*



www.burmeseclassic.com

www.burmeseclassic.com



မြာအုပ်မိုးလို့ ရှိခိုးပူဇော်ပါတယ်၊ နာမကျန်းဖြစ်နေတဲ့ သားတော်ကလေးရဲ့ မွေးသမီခင် ကျေးစူးရှင် မယ်တော်ကြီးရဲ့ စွဲကပ်နေတဲ့ ဝေဒနာတွေ ပိန်းကြာ ဖက်ပေါ်တွင် ရေမတင်သလို အလျှင်အမြန် လျော့ ကျ ပျောက်ကွယ်စေရန်အကြောင်း တောင်းဆုချွေရ ပါတယ်၊ စောင့်ရှောက်တော်မူပါခင်ဗျား"

ဟု ဆုတောင်းလေ၏။

ထို့နောက် နန်းမှ နန်းဟန်အပြည့်ရှိသော ထိပ်တင်ဆွေဆိုသူ ကိုယ်တော်လေးက လက်ဆယ်ချောင်းအပြည့် ဝတ်ဆင်ထားသော ကျောက်မျက်ရတနာအစုံအလင်ဖြင့် ပြုလုပ်ထားသည့် လက်စွပ်များမှ အရောင်တဖျတ်ဖျတ်လက်အောင် လက်အုပ်ချီထားရာမှ ဘိုးဘိုးကြီးအား ရှိသေစွာကန်တော့လေ၏။

မကြာမီ ထိပ်တင်ဆွေနှင့် နောက်လိုက်နောက်ပါဖြစ်သူ မောင်ညွှက်တို့သည် ဘုရားမှ မြန်လည်ထွက်ခွာလာကြ၏။

မောင်ညွှက်သည် ထိုအချိန်တွင် ကားကိုမောင်းနှင်နေရသည့်





ဒရိုင်ဘာဖြစ်သွားပေပြီ။ ၄င်းသည် အနက်ရောင် ဘောဘီအော်စတင် ကားကလေးကို ကျွမ်းကျင်စွာမောင်းနှင်ရင်း နောက်ခန်းတွင် လိုက်ပါလာသူ ထိပ်တင်ဆွေကို

"ကိုယ်တော်လေး စိတ်ပင်ပန်းနောက်ကျိနေရတာကို ရှင်းလင်းဖို့ ဘုံဘောရက်စတောရင့်ကို သွားမလား"

ဟု မေးမြန်းလေ၏။ ထိပ်တင်ဆွေက ပဝါဖြူတစ်စနှင့် မျက်နှာကို ပွတ်သပ်ပြီး ခေါင်းယမ်းကာ

"အရိုပ်သုံးပါး နားမလည်လိုက်တာ မောင်ညွှက်ရယ်၊ အိမ်မှာ မယ်မယ်ဘုရားက နေမှန်းညမှန်းမသိ ဖြစ်နေတဲ့အခြေအနေမှာ ကျုပ်က အဲဒီကို သွားပြီး မျက်နှာဖြူမတွေနဲ့ ပွတ်သီးပွတ်သပ်လုပ်နေလို့ တော်ပါ့မလား၊ ပြောမှဲသာ ပြောရတယ်၊ ကျုပ်ကလည်း အဲဒီကို မရောက်တာ သီတင်းတစ်ပတ်တောင် ကျော်နေပြီ၊ စိတ်ကတော့ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာပဲ၊ ပယ်မလာအုန်းမောင်တို့၊ ရှိစီတင်တင်ကြီးတို့၊ စင်သီယာချစ်ထွန်းတို့ကတော့ ကျုပ်ကို မျှော်နေကြရှာရော့မယ်၊ ဒင်းကလေးတွေက အပြောချိုသလောက် ဖွံ့ဖွံ့ထွားထွား ကပြားမကလေးတွေ မဟုတ်လား၊ မယ်မယ့်ကိစ္စသာမရှိရင် အခုတောင် အပြေးကလေး သွားလိုက်ချင်တော့တယ်"

ဟု ညည်းညူပြာနှင့် ပြောလေ၏။ ထိုအခါ မောင်ညွှက်က နှုတ်ခမ်းကိုလျှာနှင့်သပ်ပြီး

"မယ်မယ်ကြီးအနားမှာ အစေအပါးတွေနဲ့ ကုလားဆရာဝန်ကြီးကလည်း အချိန်ပြည့်ရှိနေတာပဲ၊ ကိုယ်တော်လေးအနေနဲ့ လောလောဆယ် အချိန်တစ်နာရီ၊ နှစ်နာရီလောက်တော့ အပန်းဖြေလိုက်သင့်တယ်"

ဟု တိုက်တွန်းပြန်၏။ ထိပ်တင်ဆွေသည် မောင်ညွှက်က





နှစ်ခါဝင် မတိုက်တွန်းရဘဲ မဆွတ်ခင်က ညွှတ်ချင်နေသူဖြစ်လေရာ လက်ကိုဖွေ့ယမ်းပြီး

"အင်းလေ… ခေတ္တခဏတော့ အပန်းဖြေဦးမှပဲ"

ဟု ဆိုကာ ဘုံဘောရက်စဆောရင့်ခေါ် ထိုခေတ်အခါက မျက်နှာဖြူများ၊ လူကုံထံများသာ ကျွက်စားတတ်သည့် စားသောက်ဆိုင်သို့ သွားရန် မောင်ညွှက်ကို အမိန့်ပေးလေ၏။

မောင်ညွှက်က မျက်နှာကြီး ဝင်းထိန်ပြီး

"ကိုယ်တော်လေး… ဟိုရောက်ရင်လည်း ကျွန်တော်မျိုးကို ဘိုဆန်ဆန် ဖရက်ဒီညွှက်လို့ ခေါ်ဖို့မမေ့ပါနဲ့နော်"

ဟု ပြောလေရာ ထိပ်တင်ဆွေက မျက်လုံးကိုမှေးစင်းထားရင်းမှ

"အင်း… မောင်မင်းလည်း ဘိုရူးရူးနေတဲ့ရောဂါက ဘယ်တော့မှ ပျောက်ပါ့မလဲ မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မောင်မင်းလို လူမျိုးတွေကြောင့် ကျုပ်တို့လူမျိုးတွေ အင်္ဂလိပ်ကျွန်ဘဝ ရောက်နေရတာပေါ့၊ ပြောမဲ့သာ ပြောရတယ်၊ အင်္ဂလိပ်မင်းများရဲ့ ဘုန်းတန်ခိုးက လည်း ကြီးထွားလွန်းလို့ နေမဝင်အင်ပါယာကြီး ရှိတောင် သမုတ်ကြတယ် မဟုတ်လား၊ မောင်မင်း အနေနဲ့ အင်္ဂလိပ်ကိုအထင်ကြီးပြီး ဘိုရူးရူးနေတယ် ဆိုပေမဲ့ သူတို့ဆီက ကောင်းတာကိုပဲယူပြီး မကောင်းတာကို ပယ်ရမယ်ကွဲ့၊ မှတ်ထားစမ်း၊ ကျုပ်တို့ဟာ ကိုယ့်မင်းကိုယ့်ချင်းနဲ့ ရပ်တည်လာ ခဲ့တဲ့ လူမျိုးဆိုတာလည်း မမေ့နဲ့ကွယ်၊ ကိုယ်တော် လေးဆိုရင် အဖိုးဖြစ်သူရဲ့ မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် ချီးမြှင့်ထားတဲ့ ကွမ်းတော်အုပ်ကိုင် ရာထူးနဲ့ အဖေဖြစ်သူရဲ့ သီပေါကိုယ်တော်ကလေး ကိုယ်တိုင် ချီးမြှင့်ထားတဲ့ ဆင်တော်ထိန်းစာရေး ကြီး ရာထူးတွေ၊ ဂုဏ်ဒြပ်တွေ^ အခုထိ ထိန်း





သိမ်းပြီး နန်းမှု နန်းဟန်မပျောက်ကွယ်အောင် စောင့် ထိန်းနေတာပဲ မဟုတ်လား၊ အမျိုးကိုစောင့်ထိန်း ခြင်းဟာ မင်္ဂလာတစ်ပါးပဲလို့ ကျမ်းဂန်တွေက လည်း အတိအကျ ဆိုထားတယ် မောင်ညွှက်ရဲ့"

ဟုပြောလေ၏။

မောင်ညွှက်သည် မကြာမီ စားသောက်ရတော့မည့် နိုင်ငံခြား အရက်နှင့် စားကောင်းသောက်ဖွယ်များကို မြင်ယောင်ရင်း မင်းလို လိုက်၊ မင်းကြိုက်ဆောင်ဟူသည့်အတိုင်း ခေါင်းတဆတ်ဆတ်ညိတ် ကာ

"သိပ်ဟုတ်တာပေါ့ ကိုယ်တော်လေးရယ်၊ မိဘမျိုးရိုးတွေက နန်းတွင်းမှာနှစ်ကာလကြာရှည် ကတည်းက ကွမ်းတော်အုပ်ကိုင်တို့၊ ဆင်တော် ထိန်းစာရေးကြီးတို့ဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့ နေထိုင်လာ ခဲ့ကြတဲ့ ဆွေကြီးမျိုးကြီးတွေပဲ"

ဟု သံယောင်လိုက်ကာ ထောက်ခံလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သူတို့သည် ဘုံဘောရက်စတောအရှင့်သို့ ရောက်ရှိလာကြ၏။ ထိုသို့ရောက်ရှိပြီး မကြာမီပင် အချိန်ကာလကို မေ့လျော့သွားကြ၏။

မိုးချုပ်၍ ခေတ်မီးရောင်များ ထိန်လင်းလာမှပင် စားပွဲဝိုင်းတစ်ခုတွင် ဇရက်မင်းစည်းစိမ်ခံစားနေသော မောင်ညွှက်သည် အလန့်တကြားဟန်နှင့်

*"ဟိုက်...အိမ်ပြန်ဖို့ အချိန်တောင် တော်တော်လင့်နေပြီ၊ ငါကလည်း ကိုယ်တော်လေးကို သတိပေးမိဘူး"*

ဟု ရေရွတ်လေ၏။

ကိုယ်တော်လေးမှာမူ ထိပ်တင်ဆွေသည့် ဘိုကပြားမကလေးများကြားတွင် တဝါးဝါး တဟားဟားနှင့် ပွဲကျနေဆဲသာ ရှိ၏။

◆◆◆





လဆန်းရက်ဖြစ်လေရာ ကောင်းကင်တွင်လက ထိန့်ထိန့်သာနေ၏။ လှည်းတပ်ကြီးက တကျွိကျွိ တအိအိနှင့် ခရီးနှင်လျက်ရှိ၏။

လှည်းများသည် လှည်းလမ်းအတိုင်း ရှေ့နောက်စီတန်းကာသွားလာနေ၏။ ခေါင်လှည်းမှအပ နောက်လိုက်ကျန်လှည်းများအားလုံးမှာ နွားများကို ဂရုတစိုက် ထိန်းကျောင်းမောင်းနှင်စရာမလိုဘဲ နွားများသည် ရှေ့ဆောင်နွားလာ ဖြောင့်ဖြောင့်သွားသော် –



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖွားစဉ်ဆက် ဖြောင့်ဖြောင့်လိုက်လျက်သာရှိ၏။

ဤသို့ဖြင့် လှည်းသမားများသည် သူ့အလိုလို ရွေ့လျားနေသော လှည်းများထက်တွင် သက်သောင့်သက်သာ လိုက်ပါကြရင်း အချို့က ကပ်လျက်လှည်းအချင်းချင်း စကားပြောဆို၏။

အချို့က ဝှက်၍ယူလာသော အရက်ပုလင်းကို ထုတ်၍ မော့ကာ လက်ဆင့်ကမ်း၏။

အချို့က ဝါးပုလွေကိုမှုတ်၏။ အချို့က ကွင်းပြင်ကျယ်ကြီးတွင် ပဲ့တင်ထပ်၍နေအောင် အသံသေးအသံကြောင်နှင့် တေးသီချင်းတို့ကို အော်ဟစ်သီဆို၏။

နောက်ဆုံးလှည်းမှ ရွှေတိုးမှာမူ ကောက်ရိုးထုံးကိုမှီ၍ ကောင်းကင်မှ လမင်းကြီးကို မျက်တောင်မခတ်တမ်းကြည့်ရှုနေ၏။

သူသည် လကိုကြည့်ရှုနေသော်လည်း လဟုမမြင်ချေ။ လမင်းကြီးသည် မမြလေး၏ ဝိုင်းစက်ရွှန်းလဲ့သော မျက်ဝန်းအစုံနှင့် ချစ်စဖွယ်မျက်နှာကလေးဖြစ်နေ၏။

မမြလေးသည် သူ့ကိုပြုံး၍ ပြန်လည်ကာ စူးစိုက်ကြည့်ရှု





နေ၏။ ထိုအခါ ရွှေတိုးက

*"မမြလေးရယ်... တို့နှစ်ယောက်ရဲ့ဘဝက မိုးနဲ့မြေလို ကွာခြားလှပါတယ်၊ မမြလေးကို ချစ်တဲ့စိတ်က ကျုပ်ရင်ထဲမှာ ပြည့်ကျပ်နေပြီ၊ ဒါပေမဲ့ အဲဒီကွာခြားတဲ့ဘဝအခြေအနေတွေကြောင့် ကျုပ်ရင်ထဲမှာ အချစ်စိတ်တွေကို မျိုသိပ်ထားရတာ ပင်ပန်းလွန်းလှပါတယ်"*

ဟုပြောလိုက်၏။

မမြလေးက ပြုံး၍

*"အစ်ကိုက နိမ့်ပါးတဲ့ဘဝကြောင့် အားငယ်နေတာလား"*

ဟု မေးမြန်းလေရာ ရွှေတိုးက ခေါင်းယမ်းပြီး

*"အစ်ကို့မှာ အားငယ်တတ်တဲ့စိတ် မရှိပါဘူး၊ အစ်ကို့ကြောင့် မမြလေး မျက်နှာငယ်မှာ စိုးရိမ်တာပါ"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်၏။

မမြလေးက ဖြူဖွေးညီညာသော သွားကလေးများပေါ်အောင် ခစ်ခနဲရယ်၍

"အစ်ကို့မှာ ငွေကြေးမပြည့်စုံတာကလွဲရင် လေးစားစရာကောင်းတဲ့ ရိုးသားမှုရှိတယ်၊ စိတ်ထား ဖြူစင်တယ်လေ၊ အဲဒါတွေကမှ ငွေကြေးနဲ့ တန်ဖိုး ဖြတ်လို့မရတဲ့ အဖိုးတန်အရာတွေပဲ၊ အစ်ကိုဟာ အဲဒီအရာတွေနဲ့တင် တန်ဖိုးရှိတဲ့လူတစ်ယောက် ဖြစ်နေပါပြီ၊ လူ့ဘဝကြီးမှာ ဖြူစင်ရိုးသားမှုကသာ အရေးအကြီးဆုံးပါ"

ဟုပြောဆိုလေရာ ရွှေတိုးက သက်ပြင်းချပြီး

"ကျုပ်က မမြလေးကို တင့်တောင်းတင့်တယ်နဲ့ ရွှေပေါ်မြတင် ထားချင်တာပါ၊ ကျုပ် ကြားဖူးမြင်ဖူးတာကတော့ လောလောဆယ် အချစ် စိတ်တက်ပြီး မိုးမမြင်လေမမြင် ဖြစ်နေပေမဲ့ အချိန်





ကြာလာတာနဲ့အမျှ ဆင်းရဲခြင်းဟာ အပြစ်တစ်ခု၊ မပြည့်စုံမှုဟာ အပြစ်တစ်ခု ဖြစ်လာတော့တာပဲ မဟုတ်လား"

ဟုပြောလိုက်ပြန်၏။

မမြလေးက ခေါင်းကိုယမ်းပြီး

"တစ်ဦးကိုတစ်ဦး နားလည်မှုထားပြီး အားလုံးကို ရင်ဆိုင်ဖြေရှင်းရမှာပေါ့၊ ချစ်တဲ့သူနဲ့ ပေါင်းဖက်ပြီး ရောင့်ရဲစိတ်မွေးရမှာပေါ့၊ ရွှေဘုံပေါ်မှ စံနေတဲ့လူတွေလည်း ပူလောင်မှုတွေ အမျိုးမျိုး ခံစားနေရတာပဲ မဟုတ်လား၊ အနေဆင်းရဲပေမဲ့ ပူပင်ကြောင့်ကြမှုကင်းပြီး စိတ်ချမ်းသာအောင် ကြိုး စားရမှာပေါ့"

ဟုဆိုလေ၏။ ရွှေတိုးက မျက်နှာဝင်းပပြီး

"သိပ်ဟုတ်တာပေါ့၊ မမြလေးရဲ့ စကားတွေ ကြောင့် ကျုပ် အားတက်ရတယ်၊ မမြလေးက



www.burmeseclassic.com

www.burmeseclassic.com



*ကျူပ်အပေါ်လည်း နားလည်စာနာတယ်၊ လူ့ဘဝ ကြီးကိုလည်း အမှန်အတိုင်း မြင်တတ်တယ်"*

ဟုရေရွတ်လေ၏။

ထို့နောက် ရွှေတိုးသည် စိတ်ကူးယဉ်ကမ္ဘာမှ နိုးထကာ အားအင်အပြည့်နှင့်

"*ငါ မြို့ကအပြန်မှာ မမြလေးကို ချစ်ခွင့် ပန်တော့မယ်၊ ဘာပဲဖြစ်ဖြစ် ငါ့ရဲ့မေတ္တာကို မမြလေးသိအောင် ကြေညာရတော့မယ်"*

ဟု ကြုံးဝါးလိုက်မိ၏။

ထိုအခိုက်တွင်ပင် ခေါင်လှည်းမှ အကြောင်းတစ်စုံတစ်ခု ကြောင့် တုံ့ခနဲ ရပ်တန့်သွားလေရာ နောက်လှည်းများလည်း အဆင့် ဆင့် ရပ်တန့်သွားကြ၏။

◆◆◆





ရွှေတိုးသည် စိတ်ကူးယဉ်နေရင်းမှ သူ၏လှည်းဦးက ရှေ့လှည်း၏ လှည်းနောက်မြီးနှင့် ဒုတ်ခနဲထိပြီး နွားများလည်း တုံ့ခနဲ ရပ်တန့်သွားလေရာ မျက်မှောင်ကြုတ်ပြီး

"*ဦးဘလှ ဘယ်လိုဖြစ်တာလဲဗျ"*

ဟုမေးမြန်းလိုက်၏။

ဦးဘလှသည် လှည်းထက်တွင် အိပ်စက်ရင်း လိုက်ပါ လာသူဖြစ်ရာ မျက်လုံးကိုပွတ်သပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးဟေ့၊ ခေါင်လှည်းသမား မြသီး ရေချိန်လွန်ပြီး လှည်းပေါ်က ပြုတ်ကျတာဖြစ်လိမ့်မယ်"

ဟု ထင်ကြေးပေး၏။ ရွှေတိုးလည်း အဖြစ်အပျက်ကို စုံစမ်းရန် လှည်းထက်မှ ဖုတ်ခနဲ ခုန်ချလိုက်တော့၏။

"တောက်... ကံကောင်းလို့ပေါ့ကွာ၊ လှည်းနဲ့သာ ဖြတ်ကြိတ်မိရင် အသေပဲ၊ အိပ်ရေးရှားလို့ကွာ၊ လှည်းလမ်းမှာ ကန့်လန့်ကြီး လာအိပ်နေတယ်"

ဟု အော်ဟစ်သံ ထွက်ပေါ်လာ၏။

မြသီး၏ လှည်းရှေ့တွင်လူတစ်ယောက်သည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်စက်နေကာ တခေါခေါနှင့်ပင် ဟောက်လျက်ရှိ၏။

မြသီးက ထိုသူအနီးသို့ကပ်၍ နှာခေါင်းကို တရှုံ့ရှုံ့လုပ်ကာ

"ဒါကြောင့်ကိုး၊ အရက်နံ့ကလည်း ဟောင်နေတာပဲ၊ ဒီလောက် ရူးသွားရူးလာပြတ်ပြီး လူမနိုး





သူမနိုး ကွင်းပြင်ကြီးထဲမှာ ဘယ်လိုလူမျိုးကများ မူးယစ်ပြီး လာအိပ်နေရတာလဲ မသိဘူး"

ဟု မကျေမနပ် ပြောဆိုလိုက်ပြန်၏။

လှည်းသမားအချို့ကလည်း ထိုသူကို ဝိုင်းအုံကြည့်ရှုပြီး

"ခရီးဖင့်တယ်ဟေ့၊ ဒီလူကို လှည်းလမ်းဘေးကို ဆွဲချထားလိုက်ပေတော့"

"ဒီအတိုင်းထားခဲ့လို့ ဖြစ်ပါ့မလား၊ တော်ကြာ မြွေပါးကင်းပါးနဲ့တွေ့ပြီး သေသွားရင် ဘယ်လိုလုပ်မလဲ"

"စိတ်မချရင် မင်းအဘကို မင်းပဲစောင့်ရှောက်ရင်း ဒီမှာ ကျန်ခဲ့ပေတော့၊ တို့ကတော့ ဆန်စက်ကို အချိန်မီရောက်အောင် သွားရမယ်"

"ဟုတ်တယ်ဟေ့၊ ဆန်စက်မှာ စာရင်းအမြန်ပေးထားနိုင်မှဖြစ်မှာ၊ တခြားရွာက လှည်းတွေဦးသွားရင် ဘယ်နှစ်ရက် စောင့်ရမလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ယောက်တစ်ပေါက် ပြောဆိုကြ၏။

ထိုအခါ မြသီးက ခေါင်းညိတ်ပြီး ထိုမျှ စကားသံများကြားတွင် အိပ်စက်နေနိုင်တုန်းပင်ရှိသေးသော ထိုသူကို မ၍ လှည်းလမ်းနံဘေးတွင် ချထားလိုက်တော့၏။

မကြာမီလှည်းများ စတင်ထွက်ခွာလေ၏။ ထိုအခါ အိပ်စက်နေသူ၏ နံဘေးမှ ဖြတ်၍ လှည်းများ တစ်စီးပြီးတစ်စီး ကျော်ဖြတ်သွားကြ၏။

နောက်ဆုံးမှ လိုက်ပါလာသော ရွှေတိုး၏လှည်းမှာမူ ထိုသူအနီးမှ ဖြတ်သန်းမသွားဘဲ တုံ့ခနဲ ရပ်သွား၏။ ဦးဘလှက နောက်သို့လှည့်ပြီး

*"ဟေ့ကောင်လေး... ဘာလုပ်မလို့လဲ"*

ဟု မေးမြန်းလေရာ ရွှေတိုးက အော်ဟစ်၍

*"ဒီအတိုင်းထားခဲ့လို့ ဖြစ်မလားဗျ။ ကျုပ် ခေါ်ခဲ့မယ်ဗျာ၊ သူနိုးလာတော့လည်း သူ့ခရီး သူ ဆက်မှာပေါ့"*





ဟု အဖြေပေးလိုက်၏။

ဦးဘလှက ခေါင်းကုတ်ကာ

*"မင်းကတော့ တော်တော်ဒုက္ခရှာတဲ့ကောင်ပဲ"*

ဟု ပြောလေ၏။

ရွှေတိုးကမူ ထိုစကားကို မကြားဟန်ပြုပြီး အိပ်စက်နေသူကို ပခုံးထက်တွင်ထမ်း၍ လှည်းပေါ်သို့ တင်လေ၏။

ထို့နောက် လှည်းတန်းကြီးကိုမီရန် နွားများကို ကြိမ်နှင့် အသာအယာ တို့လိုက်တော့၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



မောင်ညွှက်သည် ကားကို အရှိန်ပြင်းစွာ မောင်းနှင်ကာ ကုက္ကိုင်းဘက်ရှိ ခြံဝင်းကျယ်ကြီးတစ်ခုသို့ ရောက်လာ၏။

ကားနောက်ခန်းမှ ထိပ်တင်ဆွေမှာ အနည်းငယ် ရေချိုးကိုက်နေဟန်နှင့် မျက်လုံးကို မှေးစင်းရင်း လိုက်ပါလာ၏။

ခြံဝင်းကျယ်ကြီး၏ သံတံခါးကို ခြံစောင့်က အသင့်ပင် ဖွင့်ထားပြီးဖြစ်၏။ ကားက နှစ်ထပ်တိုက်ခံအိမ်ကြီး၏ ဆင်ဝင်တွင် တုံ့ခနဲရပ်တန့်သွားလျှင် ထိပ်တင်ဆွေက အလျင်စလိုဟန်နှင့် ကားတံခါးကို ဂျိုင်းခနဲဖွင့်ကာ ဆင်းသက်သွားလေ၏။





၎င်းသည် အိမ်ကြီးထဲသို့လှမ်း၍ ဝင်မိလျှင်ပင် အစေအပါး မိန်းကလေးတစ်ယောက်က ဆီး၍

*"မယ်တော်ကြီး မကြာခင်ကမှ အသက်ကုန်သွားတယ်"*

ဟု သတင်းပေးလေ၏။

ထိပ်တင်ဆွေသည် ရင်ဝကိုဆီး၍ အတန်ခံလိုက်ရသလို မူးယစ်နေမှုကလေးက ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွား၏။

မျက်နှာကလည်း သွေးဆုတ်သလို ဖြူရော်သွား၏။ မယ်တော်ကြီး၏ရုပ်ကလာပ်မှာ သူမ၏ အိပ်ခန်းအတွင်း၌သာရှိသေး၏။

နံဘေးတွင် ကုလားဆရာဝန်ကြီးမှာ မျက်နှာမသာမယာနှင့်ရှိနေပြီး ကသုတ်ကရက် ရောက်လာသော ထိပ်တင်ဆွေကို မြင်တွေ့လျှင်

*"လူကလေးကို မယ်တော်ကြီးက အသက်မကုန်ခင်အထိ တဖွဖွမေးနေခဲ့တယ်၊ ကျွန်ုပ်*



www.burmeseclassic.com

www.burmeseclassic.com



*အကောင်းဆုံး ဆေးဝါးတွေကလည်း မယ်တော်ကြီးရဲ့အသက်ကို မကယ်တင်နိုင်တော့ပါဘူး"*

ဟုဆိုလေ၏။

ထိပ်တင်ဆွေသည် အသက်ရှင်စဉ်ကလိုပင် တည်ကြည်ခန့်ညားသော ရုပ်ရည်၊ ပျက်ယွင်းခြင်းမရှိသေးသော မယ်တော်ကြီးအား တွေတွေကြီး စူးစိုက်ကြည့်နေ၏။

မယ်တော်ကြီးသည် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ချေပြီ။ မကြာမီ သူတို့မိသားစု၏ အတိုင်ပင်ခံရှေ့နေကြီး ရောက်လာလျှင် ထိပ်တင်ဆွေက

*"မယ်တော်ကြီးရဲ့ နောက်ဆုံးခရီးကို စည်စည်ကားကားဖြစ်အောင် စီစဉ်ပါဗျာ"*

ဟု တာဝန်ပေးလိုက်၏။ ထိုအခါ ရှေ့နေကြီးက

*"ကိုယ်တော်လေးရဲ့ မယ်တော်ကြီးကိစ္စကိုလည်း စီစဉ်စရာရှိတာ စီစဉ်ရမှာပေါ့၊ ပြီးတော့ မယ်တော်ကြီးက မရှိရှာတော့ဘူးဆိုတော့ မဖြစ်*





*မနေ အသိပေးရမဲ့ကိစ္စတွေကိုလည်း အသိပေးရဦးမယ်"*

ဟုပြောလေ၏။ ထိပ်တင်ဆွေက စိတ်ရှုပ်ထွေးဟန်နှင့်

*"ကျုပ်အနေနဲ့ မယ်တော်ကြီး ဈာပနကလွဲပြီး ဘာကိုမှ ခေါင်းထဲမှာမရှိဘူးဗျာ"*

ဟု ခပ်ထန်ထန်ပြောလိုက်၏။ ရှေ့နေကြီးက သက်ပြင်းချ၍ သူ၏လက်ဆွဲသားရေသေတ္တာပြားကလေးကို ဖွင့်ကာ

*"ဟောဒီစာချုပ်တွေကို စစ်ဆေးကြည့်ပါဦး"*

ဟု ပြောလေ၏။ ထိပ်တင်ဆွေက ရှေ့နေကြီးထံမှ စာရွက်စာတမ်းများကို ဆတ်ခနဲလှမ်းယူပြီး ကြည့်ရှုကာ မျက်လုံးပြူးကျယ်၍

*"ဒါ... ဒါတွေက ဘာလဲဗျ၊ မယ်တော်ကြီးနာမည်နဲ့ မတ္တခင့်ဘဏ်မှာ ငွေချေးထားတဲ့ စာချုပ်တွေပဲ"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလိုက်ရာ ရွှေနေကြီးက ခေါင်းညိတ်၍

"ဟုတ်ပါတယ်၊ တွံတေးဘက်မှာရှိတဲ့ လယ်မြေတွေ၊ ဆန်စက်တွေနဲ့ ယောဒီက အိမ်ကြီး အပါအဝင် စီးနေတဲ့ကားပါမကျန် အားလုံးကို မတ္တာဇင့်ဘဏ်မှာ အပေါင်ထားပြီး ငွေချေးယူထားတဲ့ စာချုပ်တွေပါ"

ဟု ရှင်းပြလေ၏။

ထိပ်တင်ဆွေက မျက်နှာကြီးနီရဲကာ ခေါင်းကို သွက်သွက် ခါယမ်းရင်း

"ဒါတွေက ဘာအဓိပ္ပါယ်လဲဗျ။ ဘာကြောင့် ဒီလိုပေါင်နှံရတာလဲ"

ဟု အော်ဟစ်လေရာ ရွှေနေကြီးက လေသံအေးအေးနှင့်

"ပိုင်ဆိုင်သမျှအားလုံးကို မတ္တာဇင့်ဘဏ်မှာ ပေါင်နှံထားရတာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ၊ ဒီ အရာတွေအတွက် အတိုးငွေတွေကို မှန်မှန်မပေးနိုင်





တဲ့အတွက် အတိုးအထပ်ထပ်တက်ပြီး အရင်းကို တောင် ကျော်လွန်လာလို့ ပိုင်ဆိုင်သမျှကို သိမ်းယူဖို့ မတ္တာဇင့်ဘဏ်က မကြာခင်ရက်ပိုင်းကမှ နို့တစ်စာ ရောက်လာခဲ့တယ်၊ အဲဒီအတွက် မယ်တော်ကြီးရဲ့ နာရေးကိစ္စပြီးတာနဲ့ ကိုယ်တော်လေးဟာ ဒီအိမ်ကြီးအပါအဝင် ပိုင်ဆိုင်သမျှကို မတ္တာဇင့်ဘဏ်ကို လွှဲပြောင်းပေးရတော့မှာဖြစ်တယ်"

ဟု ပြောလေ၏။

ထိပ်တင်ဆွေသည် ကမ္ဘာမြေကြီးတစ်ခုလုံး ချာချာလည်သွားသလို ခံစားရကာ အရပ်ကြီးပြတ်သလို ကုလားထိုင်ပေါ် ထိုင်ချလိုက်ပြီး

"ဘယ်လိုတွေဖြစ်ကုန်တာလဲဗျာ၊ ဒါတွေ အားလုံး ကျုပ် မသိခဲ့ပါလား၊ မယ်တော်ကြီးက ကျုပ်ကို ဘာမှအသိမပေးခဲ့ပါလား"

ဟု ရေရွတ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှလုံးညှိုးနွမ်းနေသော ထိပ်တင်ဆွေသည့် မယ်တော်ကြီး၏ ရျာဝနက်စွကို ရှေ့နေကြီးအား လွှဲအပ်ထားရ၏။

◆◆◆





သူ့အတွက် ကံကြမ္မာအပြောင်းအလဲက မြန်ဆန်လွန်းလှ၏။ သူသည် မယ်တော်ကြီး၏ မီးခံသေတ္တာကို ဖွင့်၍ကြည့်ရှုခဲ့ပြီးဖြစ်၏။

မီးခံသေတ္တာထဲတွင် လက်ဝတ်ရတနာများကို တွေ့ရသော်လည်း ထိုအရာများအားလုံး အတုများသာဖြစ်၏။ မယ်တော်ကြီးသည် ထိုလက်ဝတ်ရတနာအတုများကိုဝတ်ဆင်ပြီး ဟန်မပျက်နေထိုင်ခဲ့ခြင်းသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသိဖြစ်သော ရှေ့နေကြီးက ထိပ်တင်ဆွေကို

"ကိုယ်တော်လေး ငယ်စဉ်ကတည်းက အိမ်တော်ဦးစီးဖြစ်တဲ့ ဖခင်က ဆုံးပါးသွားခဲ့တာ ဆိုတော့ မယ်တော်ကြီးဟာ ရှိတဲ့အတွင်းပစ္စည်း ကလေးတွေကို ထုခွဲပြီး ငွေကိုတိုးပွားအောင် တွံတေးဘက်မှာ လယ်ယာတွေနဲ့ ဆန်စက်တွေ တည်ထောင်လုပ်ကိုင်ပြီး စီးပွားရေးလုပ်ခဲ့တယ်၊ အဲဒီက အကျိုးအမြတ်က ထင်သလောက်မရခဲ့ပေမဲ့ သားအမိနှစ်ယောက်တော့ ကောင်းကောင်းမွန်မွန် စားသောက်နေထိုင်နိုင်ခဲ့တယ်၊ ဒါပေမဲ့ မယ်တော်ကြီးဟာ စီးပွားရေးကို ကိုယ်တိုင်ကြပ်မတ်မလုပ်ဆောင်နိုင်တာကတစ်ကြောင်း၊ လွှဲအပ်ထားတဲ့ မန်နေဂျာလိုလူမျိုးတွေက ငွေကြေးလိမ်လည်ခဲ့တာတွေကတစ်ကြောင်းနဲ့ စီးပွားဥစ္စာတွေ တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့တယ်၊ ဒါတွေကို ကောလိပ်





ကျောင်းမှာ မပျော်ပိုက်လို့ ယောင်ခြောက်ဆယ်ဘဝနဲ့ မင်းညီမင်းသားတစ်ပါးလို နေထိုင်ခဲ့တဲ့ ကိုယ်တော်လေးကို စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဖွင့်မပြောခဲ့ဘူး၊ ကိုယ်တော်လေးကလည်း အိမ်ရဲ့ကိစ္စတွေကို စိတ်ပါဝင်စားခြင်းမရှိခဲ့တာကိုး"

ဟု အပြစ်တင်ဟန်နှင့် ပြောခဲ့၏။

ယခုတော့ ထိပ်တင်ဆွေသည် မင်းသားကလေးလိုဘဝမှ ချက်ချင်းပင် အိမ်ခြေယာခြေမဲ့တစ်ယောက်သို့ ပြောင်းလဲရပေတော့မည်။

ထိုကြားထဲ မောက်ညှက်အပါအဝင် အိမ်၏အစေအပါးများကလည်း တစ်စခန်းထလာကြ၏။ မောင်ညှက်က ခါတိုင်းလိုပင် ထိပ်တင်ဆွေအား ရိုကျိုးဟန်မရှိတော့ဘဲ

"ကဲ… ကိုထိပ်တင်ဆွေ၊ ကျုပ်တို့ကို မယ်တော်ကြီးက လုပ်ခလစာရှင်းမပေးတာ သုံးလကျော်နေပြီ၊ အဲဒီလုပ်ခတွေကို ရှင်းပေးပေတော့၊



www.burmeseclassic.com

www.burmeseclassic.com



*ကျုပ်တို့လည်း တခြားမှာ အလုပ်အကိုင် ရှာဖွေရ ဦးမယ်"*

ဟု တောင်းဆို၏။

ဤသို့ဖြင့် ထိပ်တင်ဆွေသည် မယ်တော်ကြီး၏ရက်လည်ဧ တွင် ရှေ့နေကြီးနှင့် မဂ္ဂဇင့်ဘဏ်မှ စီးပွားရေးကိုယ်စားလှယ်တော် ကြီးတို့၏ ရှေ့မှောက်တွင် ပိုင်ဆိုင်သမျှကို လက်မှတ်ထိုး၍ လွှဲ ပြောင်းပေးလိုက်ရ၏။

ထို့နောက် ရှေ့နေကြီး၏ အကျိုးဆောင်ခအပါအဝင် အသုဘ အတွက် လိုအပ်သည့်ကုန်ကျစရိတ်များ၊ အိမ်၏အစေအပါးများ အတွက် လုပ်ခလစာများ စသည်ဖြင့် ရှင်း၍ပေးရပြန်၏။

ထိုအခါ အိမ်ကြီးထဲမှ အဖိုးတန်ပန်းချီကားများ၊ ပရိဘောဂ များနှင့် သူဝတ်ဆင်ထားသော လက်ဝတ်တန်ဆာများကို ရောင်းချ ကာ ပေးလိုက်ရ၏။

နောက်ဆုံးတွင် ထိပ်တင်ဆွေသည် အဝတ်အထည် အနည်း ငယ်ကို ထည့်ထားသည့် သားရေသေတ္တာကို လက်ဆွဲပြီး အိမ်ကြီး





ကို ကျောခိုင်းခဲ့ရ၏။

တစ်နည်းအားဖြင့် လူသားတိုင်း ရှောင်လွှဲရနိုင်သည့် လောကဓံကို ရင်ဆိုင်ကြုံတွေ့ရ၍ ခြေလှမ်းစရခြင်းသာဖြစ်၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးသည် လမင်းကြီးကိုကြည့်၍ စိတ်ကူးယဉ်နေသည့် အခြေအနေကလေး ပျက်စီးသွားပြီဖြစ်၏။ သူ၏နံဘေးတွင် အရက်နံ့ တထောင်းထောင်းနှင့် ယဇ်ထုပ်ကြီးက တခူးခူး တခေါ်ခေါ်နှင့် အိပ်စက်ကာ လိုက်ပါလာသည် မဟုတ်ပါလား။

ရွှေတိုးက ထိုသူကိုကြည့်ပြီး သက်ပြင်းချကာ

"လောကကြီးမှာ ဒီလိုလူမျိုးတွေလည်း ရှိသေးတာပဲ၊ ဘာမှအပူအပင်ရှိပုံလည်း မရဘူး၊





ငါသာ ခေါ်မလာခဲ့ရင်လည်း လှည်းလမ်းနဘေးက ကွင်းထဲမှာ ဒီအတိုင်း တစ်ညလုံး အိပ်စက်နေမှာပဲ၊ သူ့အသက်က (၄၀)ကျော်လောက်ပဲ ရှိဦးမယ်၊ ဒီအသက်အရွယ်တိအောင် ဒီလိုလမ်းဘေးမှာ မှူးလဲနေအောင် သောက်စားထားတယ်ဆိုတော့ တော်တော်မိုက်လုံးကြီးတာပဲ၊ သူ့ရဲ့ဇနီးမယားနဲ့ သားသမီးတွေကတော့ သူ့အတွက် နေ့စဉ် စိတ်ဒုက္ခရောက်ရမှာ မလွဲဘူး၊ ဒါကြောင့် လူကြီးသူမတွေက အသက်ကြီးလေ မိုက်တွင်းနက်လေ ဖြစ်တဲ့သူတွေက ကြီးမိုက်လို့ ခေါ်ကြတာပဲ၊ ဒီလူကြီးဟာလည်း ကြီးမိုက်ကြီးပေါ့"

ဟု ရေရွတ်လိုက်၏။

ထိုအခါ အိပ်စက်နေသည်ဟုထင်ရသည့် ယဇ်ထုပ်ကြီး၏ မျက်လုံးအစုံက ဖျတ်ခနဲပွင့်လာ၏။ ထို့နောက် ၎င်းက ခေါင်းထောင်ပြီး ဟက်ခနဲရယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"စွပ်စွဲချက်ကလည်း ပြင်းထန်လွန်းလှချည်လားကွာ"

ဟု ပြောလေ၏။ ရွှေတိုးက မျက်မှောင်ကြုတ်၍

"ခင်ဗျား နိုးလာပြီကိုး"

ဟု ဆိုလေရာ ထိုသူက ခေါင်းယမ်းပြီး

"ငါက ဘယ်တုန်းကအိပ်ပျော်ခဲ့လို့ နိုးရမှာလည်းကွ"

ဟု မေးမြန်း၏။ ရွှေတိုးက နှုတ်ခမ်းကိုစေ့၍

"ခင်ဗျားပါးစပ်က တခူးခူး တခေါ်ခေါ်ဟောက်နေတာ အိပ်ပျော်နေတာမဟုတ်လို့ ဘာလဲဗျ၊ ကျုပ်ကို ချကြောင်ကြောင် သာမလုပ်စမ်းပါနဲ့ဗျာ"

ဟု ပြောလိုက်၏။ ထိုသူက

"တခေါ်ခေါ်ဟောက်နေတိုင်း အိပ်ပျော်တယ်လို့ ဘယ်ပညာရှိက ပြောခဲ့ဖူးလို့လဲကွ၊ ငါသာ





တကယ်အိပ်ပျော်နေခဲ့ရင် မင်းပြောတာတွေ ဘယ်လိုလုပ်သိမှာလဲ"

ဟု ဆိုပြန်ရာ ရွှေတိုးက စိတ်မရှည်ဟန်နှင့်

"ခင်ဗျားက အိပ်ချင်ယောင်ဆောင်နေတာပေါ့၊ ဟုတ်ပြီလေ၊ ဒါဆိုရင် ကျုပ်ရဲ့တာဝန်ကုန်ပြီပေါ့၊ ကျုပ်က ခင်ဗျား လှည်းလမ်းဘေးမှာ မြေဝါးကင်းပါးနဲ့တွေ့ပြီး ဒုက္ခမျှားမှာစိုးရိမ်လို့ ခေါ်လာခဲ့တာပဲ၊ အခု နိုးလာပြီဆိုတော့ ကိုယ့်လမ်း ကိုယ်ဆက်ပေတော့"

ဟု ပြောဆိုလိုက်၏။ ထိုအခါမှပင် ထိုသူက လက်ကာ၍

"အဲဒီလိုတော့ နှင်မထုတ်ပါနဲ့ကွာ၊ အခုလို ညကြီးမင်းကြီးမှာ ဘယ်လိုလုပ် ခရီးသွားလာလို့ ကောင်းပါ့မလဲ၊ ငါ လိုက်ခဲ့ရပါစေ၊ လောလော ဆယ် ရင်တွေပူနေလို့ ရေကလေးတစ်ပေါက်လောက် တိုက်စမ်းပါကွာ၊ ပြီးတော့ ဆေးလိပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ဘာလေးပါရင်လည်း တစ်ဖွာလောက်ဖြစ်ဖြစ် ဖွာပါရစေ''

ရွှေတိုးက ဘာမှမပြောတော့ဘဲ ရေဘူးကိုထုတ်၍ ရေတိုက်၏။ ဆေးပေါ့လိပ်ကိုပေး၍ ဆေးလိပ်ဖွာစေ၏။ ထိုသူက ထိုအခါမှ ပင် ကောင်းကင်မှ ထိန့်ထိန့်သာနေသော လမင်းကြီးကို မော့၍ ကြည့်ကာ

''အင်း... ဒီလိုအချိန်မျိုးမှာ လမင်းကြီးကို ငေးမောပြီး စိတ်ကူးကလေးယဉ်လို့ ခရီးသွားရင် ဘယ်လောက်ဇိမ်ရှိလိုက်မလဲ၊ စိတ်ကူးယဉ်တယ် ဆိုကတည်းက ကိုယ့်ရင်ထဲမှာ မျှော်လင့်တောင့်တ နေတဲ့အရာတွေကို စိတ်ကူးယဉ်ရမှာ မဟုတ်လား၊ မင်းတို့လိုအရွယ်တွေဆိုရင် ကြီးပွားချမ်းသာဖို့အရေး နဲ့ နှလုံးသားရေးရာကလေးတွေပဲ တွေးတော စိတ်ကူးရမှာပေါ့၊ လမင်းကြီးရဲ့ အေးမြတဲ့အလင်းနဲ့ တိတ်ဆိတ်အေးချမ်းတဲ့ ပတ်ဝန်းကျင်အခြေအနေ





ကတော့ နှလုံးသားရေးရာကို မှိုင်ပြီးစိတ်ကူးယဉ်ဖို့ လှုံ့ဆော်နေသလိုပဲ၊ မဟုတ်မှလွဲရော၊ မင်း ငါနဲ့ မတွေ့ခင်က ဟောဒီလမင်းကြီးကို ငေးမောပြီး နှလုံးသားရေးရာကိစ္စတွေ စိတ်ကူးယဉ်ခဲ့တယ် မဟုတ်လား''

ဟု မေးမြန်းလေ၏။ ရွှေတိုးက ဟက်ခနဲရယ်၍

''ဟား ဟား... ခင်ဗျားကို ကြီးမိုက်လို့ ထင်မိတာ မှားပြီထင်တယ်၊ ဟုတ်ပါတယ်ဗျား၊ ကျုပ် ခင်ဗျားပြောတဲ့အတိုင်း စိတ်ကူးယဉ်ခဲ့မိ တယ်''

ဟု ဝန်ခံလိုက်၏။ ထိုအခါ ထိုသူက

''ဒီလိုပဲဖြစ်ရမှာပေါ့၊ ငါလည်း မင်းအရွယ်က ဒီလိုပဲ စိတ်ကူးယဉ်ခဲ့ဖူးတာပေါ့၊ ဒါပေမဲ့ စိတ်ကူး ယဉ်ရုံတင်ယဉ်ပြီး... ...ဘ်တွေ့အကောင်အထည် မဖော်ရင်လည်း မကောင်းဘူးကွ၊ စိတ်ကူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရေပေါ်မှာ အရုပ်ရေးသလို၊ လေထဲမှာ တိုက်အိမ်ဆောက်သလိုပဲ မဟုတ်လား၊ လောကကြီးမှာ ထက်မြက်တယ်ဆိုတဲ့လူတွေ၊ အောင်မြင်မှုတွေရနေတဲ့ လူတွေဟာ စိတ်ကူးကို လက်တွေ့ မွေ့မိဋ္ဌာန် ကျကျက သေသေချာချာ အကောင်အထည်ဖော်ခဲ့လို့ပဲ၊ ဘာမှမလုပ်ရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး ဆိုတဲ့ စကားလည်းရှိတာပဲ၊ စဉ်းစားကြည့်ရင် တို့လို လူတွေအတွက် သဘာဝတရားကြီးက ပေးထားတဲ့ ဒီခန္ဓာကိုယ်ကြီးမှာတောင် နှစ်ပိုင်းရှိတယ်မဟုတ်လား။ စိတ်ကူးပြီး တီထွင်ကြံဆနိုင်တဲ့ ဦးခေါင်းက ဦးနှောက်ရဲ့ အဲဒီအရာတွေကို အကောင်အထည်ဖော်ပေးရတဲ့ ခြေလက်တွေပေါ့ကွာ။ တိတိကျကျ ပြောရရင် စိတ်ခန္ဓာက ညွှန်ကြားသမျှကို ရုပ်ခန္ဓာက အကောင်အထည်ဖော်ပေ[illegible]ရပေါ့"

ဟု ပြောလေ၏။ ရွှေတိုးက ခေါင်းညိတ်ပြီး





"ခင်ဗျားရဲ့စကားတွေက အဓိပ္ပာယ်ရှိပါတယ်၊ ခင်ဗျားကို ကြီးမိုက်လို့ခေါ်မိတာ စိတ်မရှိပါနဲ့"

ဟု တောင်းပန်လိုက်၏။ ထိုအခါ ထိုသူက ဆေးပေါ့လိပ်ကို ဖွာရှိုက်၍ ရွှေတိုးနှင့်ယှဉ်၍ထိုင်က

"ငါ့ကိုတော့ ဘယ်လိုပဲခေါ်ခေါ် စိတ်မဆိုးပါဘူး၊ မင်းဘက်ကကြည့်တော့လည်း ငါ့လုပ်ရပ်ဟာ ကြီးမှမိုက်တွင်းနက်နေတယ်လို့ ထင်ရတဲ့ လူကြီးတစ်ယောက်ဖြစ်နေတာကိုး၊ ငါ့အမေဆိုရင်တော့ ငါ့ကို ဒီလိုပြောမှာမဟုတ်ဘူး"

ဟု ဆိုလေ၏။ ရွှေတိုးက

"ခင်ဗျားမှာ မိန်းမတွေ၊ ကလေးတွေ မရှိဘူးလား"

ဟု မေးမြန်းရာ ထိုသူက

"မိန်းမမရဘူးသေးတဲ့လူတွေကို လူပျိုလို့ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ငါကလည်း လူပျိုကြီးပေါ့ကွာ၊ ဒီအသက်အရွယ်ထိရောက်ပေမဲ့ ငါ့အမေအတွက်တော့ ကလေးတစ်ယောက်လို သတ်မှတ်တုန်းပဲကွ၊ ဟားဟား… ဒါကြောင့်လည်း ဒီအသက်အရွယ်ကြီးရောက်မှ ကလေးတစ်ယောက်လို အိမ်ပေါက နှင်ချထားတာကို ခံရတာပေါ့၊ စကားကြုံလို့ပြောရရင် စိတ်ကူးအယဉ်ကောင်းလွန်းလို့ အိမ်ပေါက နှင်အချခံရတာပဲကွ"

ဟု ပြောလေ၏။ ရွှေတိုးက စိတ်ဝင်တစားနှင့်

"ခင်ဗျားစကားက အထူးအဆန်းပါလား၊ ခင်ဗျားဟာ ဒီအသက်အရွယ်ထိ ဆိုးသွမ်းနေနဲ့လို့ မိခင်က အပြစ်ပေးလိုက်တာဖြစ်မယ်"

ဟု မှတ်ချက်ချလေရာ ထိုသူက

"အဲဒီလိုလည်း မဟုတ်ဘူးကွ၊ ငါဟာ အမေနဲ့နေစဉ်တုန်းက မကောင်းမှုတွေ ဘာမှမလုပ်





ခဲ့ပါဘူးကွာ၊ အဲ… ကောင်းတာလည်း ဘာမှမလုပ်ခဲ့ဘူးကွ၊ မင်း နည်းနည်းတော့ နားရှုပ်သွားလိမ့်မယ် ထင်တယ်၊ ဒီလိုကွာ၊ ငါဟာ ဘာဆိုဘာမှမလုပ်ဘဲ အိပ်လိုက်စားလိုက်နဲ့ တစ်ချိန်လုံး စိတ်ကူးတွေပဲယဉ်နေခဲ့တာကွ၊ စာကလေး ပေကလေး ဖတ်ပြီး အချိန်ရှိတိုင်း ကာကာဆိုင်မှာ လေပန်းနေတတ်တာပေါ့ကွာ"

ဟု ပြောလေ၏။ ရွှေတိုးက ခေါင်းညိတ်ပြီး

"ဒီလိုလူမျိုးတွေ ကျုပ် တွေ့ဖူးပါတယ်၊ ကျုပ်တို့ရွာထဲက ဆံသဆိုင်မှာဆိုရင်လည်း အရည်မရ၊ အဖတ်မရနဲ့ အင်္ဂလန်ဘုရင်မကြီးဟာ ညတိုင်း သူ့ယောက်ျားကို ရိုက်နှိုးပြီး အိပ်/မအိပ်၊ ဂျာမဏီပြည်ကြီးက ဟစ်တလာဆိုတာဟာလည်း ကျုပ်တို့ မြန်မာပြည်ကြီးကို အင်္ဂလိပ်လက်အောက်က လွတ်မြောက်အောင် ကယ်တင်မဲ့ စကြာမင်းတလေး



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာပြီး ဟိုမြည်မှာဝင်စားခဲ့တဲ့လူလို့ ဆိုကြ
တယ်၊ ဒါကြောင့် သူ့ရဲ့အမှတ်အသားဟာ ကြော
တ်ဆိပ်ဖြစ်နေတာပဲလို့ ပြင်းခုန်နေကြတာပဲဗျ၊
ခင်ဗျားကရော ဘယ်လိုတွေ စိတ်ကူးယဉ်ခဲ့ရှိလဲ"

ဟု မေးမြန်းလိုက်ရာ ထိုသူက အနည်းငယ်ပြုံးမြုံးနေသော
မှတ်ဆိတ်မွေးငုတ်စိများကို ပွတ်သပ်ကာ

"အသက် (၂၀)ကျော်အထိ ငါ စိတ်ကူးယဉ်
ခဲ့တာက ဘိုင်စကုတ်မင်းသားလုပ်ဖို့ပဲဗျ၊ အဲဒီတုန်း
က ငါဟာ အခန်းထဲမှာ ကိုယ်လုံးပေါ်မှန်ကြီး
ရှေ့တစ်ချပ်၊ နောက်တစ်ချပ်ချိတ်ပြီး အမျိုးမျိုးသရေ
အမူအရာတွေ လေ့ကျင့်နေတော့တာပေါ့ဗျာ၊ ငါ့
ကိုယ်ငါလည်း လှပသန့်ရှင်းအောင် ဂရုစိုက်နေခဲ့
တာပေါ့၊ ကိုယ်ကာယတောင့်တင်းအောင် အလေး
တွေ ဘာတွေလည်း မ,ရတာပေါ့၊ ဒါပေမဲ့
ဘိုင်စကုတ်မင်းသားဖြစ်ဖို့ဆိုတာ ဓါတ်ရှင်ရိုက်ပြီး





ဇိတ်ကားပေါ်ရောက်လာမှ ဖြစ်မှာမဟုတ်လား၊
ဒါပေမဲ့ ငါဟာ အဲဒီလိုလုပ်ဖို့ မကြိုးစားခဲ့ဘူးဗျ၊
စိတ်ကူးထဲမှာတော့ ငါဟာ မြန်မာပြည်တင်မက
ဘူး၊ နိုင်ငံခြားက မင်းသားတွေကိုတောင် ရင်
ဘောင်တန်းနိုင်တဲ့ မင်းသားတစ်လက်ဖြစ်နေပြီဗျ၊
သူတို့ဟာ ငါ့လောက် သရုပ်မဆောင်နိုင်ဘူးလို့
ထင်နေတော့တာပေါ့"

ဟု ဆိုလေ၏။ ရွှေတိုးက ပြုံး၍

"စိတ်ကူးနဲ့ ရူးတယ်ဆိုတာမျိုးပေါ့"

ဟု ရေရွတ်လေရာ ထိုသူက

"သိပ်မှန်တာပေါ့၊ စိတ်ကူးယဉ်ပြီး လက်တွေ့
အကောင်အထည်မဖော်နိုင်ရင် အရူးပဲပေါ့၊ နောက်
ပိုင်းမှာ ငါရဲ့စိတ်ကူးယဉ်မှုက ပြောင်းလဲသွားပြန်
တယ်၊ ငါဟာ စာတိုပေစတွေဖတ်ရင်း စာရေး
ဆရာဖြစ်ဖို့ စိတ်ကူးယဉ်မိပြန်တယ်ဗျ၊ ငါဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဝတ္ထုကြီးတွေ ဘယ်လိုဇာတ်အိမ်တွေတည်ပြီး ရေးဖွဲ့မလဲလို့ စိတ်ကူးနေတော့တာပဲကွ၊ ပြီးတော့ နာမည်ကြီးဝတ္ထုတွေလောက်ကို ငါက အလွယ်တကူ ရေးဖွဲ့နိုင်မယ်လို့ ထင်လာတော့တာပဲကွ၊ စိတ်ကူးထဲမှာတော့ ငါဟာ အားလုံးထက်သာလွန်ပြီး ငါသာလုပ်ခဲ့ရင် ဘာမဆိုဖြစ်တယ်လို့ ထင်မှတ်နေတော့တာပဲ၊ အဲဒီမှာ တစ်နေ့တော့ ငယ်သူငယ်ချင်းတစ်ယောက်နဲ့ မထင်မှတ်ဘဲ တွေ့ဆုံခဲ့တယ်၊ သူဟာ ငယ်စဉ်က ဆင်းရဲခဲ့ပေမဲ့ တွေ့တဲ့အချိန်မှာတော့ သူဌေးကြီးဖြစ်နေပြီကွ၊ အဲဒီတော့ ငါက လည်း သူ့ကို သူငယ်ချင်းရယ်၊ မင်းလို ဆင်းရဲသားကတောင် ဒီအချိန်မှာ သူဌေးကြီးဖြစ်နေတယ်ဆိုရင် ငါ့လို ပြေပြေလည်လည်နေထိုင်တဲ့သူက ချမ်းသာအောင်လုပ်ခဲ့ရင် မင်းထက်ပိုပြီးချမ်းသာနေပြီပေါ့ကွာလို့ အားကျမခံ ပြောခဲ့တယ်ကွ၊ အဲဒီသူငယ်





ချင်းကတော့ ငါ့ကို ပြုံးကြည့်ပြီး စကားအရာနဲ့ ချမ်းသာမနေပါနဲ့ကွာ၊ လက်တွေ့လုပ်ပြီး ချမ်းသာတာမြင်ရရင် ငါပိုပြီးဝမ်းသာမှာလို့ ပြောခဲ့တယ်ကွ၊ မကြာခင်ပဲ ငယ်သူငယ်ချင်းဖြစ်ခဲ့ဖူးတဲ့ လူတစ်ယောက်နဲ့ ထပ်တွေ့ရပြန်တယ်၊ သူကလည်း တွေ့တဲ့အချိန်မှာ နာမည်အသင့်အတင့်ရနေတဲ့ စာရေးဆရာတစ်ယောက်ဖြစ်နေတယ်ကွ၊ ဒါကြောင့် ငါက သူငယ်ချင်းရယ်၊ မင်းရေးတဲ့စာတွေလောက်တော့ ငါ တရေးနိုးထပြီးရေးလည်း ရပါတယ်ကွာလို့ ပြောလိုက်တော့ အဲဒီသူငယ်ချင်း စာရေးဆရာက ငါ့ကိုပြုံးကြည့်ပြီး သူငယ်ချင်းရယ်တဲ့၊ စာတွေရေးစမ်းပါကွာ၊ ရေးဖြစ်အောင်သာရေးစမ်းပါ၊ မင်းအဖြစ်က ရေကူးနည်းစာအုပ်ကို အလွတ်ကျက်ပြီး ရေထဲတစ်ခါမှမဆင်းတဲ့လူလို ဖြစ်နေပြီကွ၊ ရွှေစစ် မစစ်ဆိုတာကလည်း မှတ်ကျောက်တင်ကြည့်မှ



www.burmeseclassic.com

*သိရတာမဟုတ်လားလို့ ပြောသွားတယ်ကွ"*

ဟု ဆိုလေ၏။ ရွှေတိုးက အတန်ကြာမျှ ငြိမ်သက်နေပြီးနောက် ခေါင်းညိတ်ကာ

*"စိတ်ကူးကို လက်တွေ့အကောင်အထည် ဖော်တဲ့အခါမှာ ကွာခြားချက်တွေ၊ အခက်အခဲတွေ မလွဲမသွေ တွေ့လာရမှာပဲ၊ ဒါဟာ လက်တွေ့ မလုပ်ဘဲ ဘယ်လိုမှမသိနိုင်တဲ့အခြေအနေပဲ"*

ဟု ဆိုလေ၏။ ထိုအခါ ထိုသူက သက်ပြင်းချ၍

*"စိတ်ကူးအယဉ်လွန်ရင် အဲဒီစိတ်ကူးကို တကယ်ထင်ပြီး ထင်တစ်လုံးဖြစ်သွားတတ်တယ်၊ ထင်တစ်လုံးဆိုတာ တစ်နည်းအားဖြင့် ဘဝင်မြင့် စိတ်ပါပဲ၊ ငါ့ရဲ့ အဲဒီစိတ်ကို ရိပ်မိနေတဲ့ ငါ့မိခင်က ပညာပေးတဲ့အနေနဲ့ ပုံပြင်လေးတစ်ပုဒ် ပြောပြခဲ့တယ်ကွ၊ အဲဒီပုံပြင်ကို ပြောပြီးတာနဲ့ ငါ့ကို လက်တွေ့ဘဝထဲ မဖြစ်မနေရောက်သွား အိမ်ပေါ်*





*က နှင်ချလိုက်တော့တာပဲဟော့"*

ဟု ပြောလေ၏။

လှည်းတန်းကြီးက တရွေ့ရွေ့သွားလာဆဲသာရှိ၏။ ရွှေတိုးကမူ မထင်မှတ်ဘဲ တွေ့ဆုံခဲ့သော လူတစ်ယောက်၏ စိတ်ဝင်စားဖွယ် ပုံပြင်လေးတစ်ပုဒ်ကို စူးစိုက်နားဆင်နေလေ၏။

◆◆◆

www.burmeseclassic.com



ထိပ်တင်ဆွေသည် ခြေဦးတည်ရာ သွားလာလျက်ရှိရာ လမ်းနံဘေးရှိ ထမင်းဆိုင်လေးတစ်ဆိုင်မှ မွှေးပျံ့သော ဟင်းရန့်က နှာခေါင်းထဲသို့ တိုးဝင်လာလေရာ ဝမ်းဗိုက်က ဆာလောင်မှုက တကြုတ်ကြုတ်မြည်လာ၏။

ထိုအခါ သူ၏ခြေလှမ်းက ထမင်းဆိုင်သို့ အလိုလိုဦးတည်မိသွား၏။ ထိပ်တင်ဆွေသည် ပြောင်လက်အောင် တိုက်ချွတ်ထားသော ဒံအိုးကြီးများတွင်ထည့်ထားသော ဟင်းလျာများကိုကြည့်ပြီး တစ်ခုချင်း လက်ညှိုးညွှန်ကာ





*"ဝက်သားရယ်၊ အမဲနှပ်ရယ်၊ ကြက်ကြော်ရယ်၊ ငါးခူဆီပြန်ရယ်နဲ့ ထမင်းစားမယ်၊ ဆယ့်နှစ်မျိုးဟင်းချိုလည်းလုပ်ပါ"*

ဟု မှာကြားလိုက်၏။

ဆိုင်ရှင်က ထိပ်တင်ဆွေကို အထူးအဆန်းဟန်နှင့်ကြည့်ပြီး မှာကြားသမျှကို ပြင်ဆင်ပေး၏။ ထိပ်တင်ဆွေကမူ အိမ်တွင် မင်းညီမင်းသားတစ်ပါးလို ဟင်းမျိုးစုံလင်သော ထမင်းဝိုင်းနှင့် စားသောက်ခဲ့သူ ဖြစ်၏။

ယခုမှာကြားသော ဟင်းများမှာ သူ့အတွက် နည်းပါး၍ပင် နေသေး၏။ ထမင်းဝိုင်းပြင်ဆင်ပြီးလျှင် ထိပ်တင်ဆွေက ခွန်းခက်ရင်းကို သေသပ်စွာ သန့်ရှင်းပြီး ဟင်းလျာများကို တို့တိ၊ တို့တိနှင့် စားသောက်လေ၏။

စားသောက်ပြီး ကျသင့်ငွေရှင်းသည့်အခါမှပင် ဒုက္ခတွေ့လေတော့၏။ ဆိုင်ရှင်က

*"အားလုံးပေါင်း (၁၃)ကျပ်ကျတယ်"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ထိပ်တင်ဆွေက အိတ်တွင်းသို့ လက်နှိုက်ပြီး ထုတ်လေရာ ငွေအကြေအချို့ အပါအဝင် ရှိသမျှငွေကြေးမှာ (၁၀)ကျပ်ပင် မပြည့်ချေ။

သူ့တွင် ချမ်းသာသမျှ ငွေကြေးက အကုန်ပင်ဖြစ်၏။ သူသည် ယခင်က တမည့်ကျော်မောင်ညွှန့်ထံ သူ၏ပိုက်ဆံအိတ်ကို အပ်နှံထားကာ ထိုကဲ့သို့ အပြင်ထွက်စားသောက်သမျှကို မောင်ညွှန့်က ရှင်းပေးခဲ့သည်ချည်းဖြစ်၏။

ထိပ်တင်ဆွေသည် ငွေများကိုရေတွက်ပြီး မျက်နှာငယ်သွားကာ ဆိုင်ရှင်ကို

*"ကျုပ်... ကျုပ်မှာရှိတာ ဒါအကုန်ပဲဗျ"*

ဟု ပြောလိုက်၏။

ဆိုင်ရှင်မိန်းမကြီး၏မျက်နှာက တင်းမာသွားပြီး နှုတ်ခမ်းကို ထော်ကာ

*"ကြားလို့ကောင်းသေးရဲ့လားတော်၊ ငွေမရှိလည်း တန်ရုံစားသောက်ပေါ့၊ ခုတော့ လူဆယ်*





*ယောက်လောက် စားသောက်တဲ့ ဟင်းတွေမှာပြီး ပေးစရာမရှိဘူးတဲ့"*

ဟု အော်ကြီးဟစ်ကျယ် ပြောလိုက်၏။

မိန်းမကြီး၏အသံကြောင့် အခြားစားသောက်နေသူများ၏ အကြည့်က ထိပ်တင်ဆွေထံ ရောက်ရှိလာ၏။

ထိပ်တင်ဆွေသည် ရှက်ခြည်းပင် ထိုနေရာမှ အခိုးအငွေ့အဖြစ် ပျောက်ကွယ်သွားချင်စိတ်ပေါ်လာအောင် ရှက်ရွံ့သွားမိ၏။

သူသည် ဆိုင်ရှင်မိန်းမကြီးကို မဝံ့မရဲကြည့်ပြီး

*"ကျုပ် တောင်းပန်ပါတယ်ဗျာ၊ လိုတဲ့ငွေ မကြာခင် လာပေးပါ့မယ်"*

ဟု ပြောလေ၏။ ထိုအခါမှပင် ဆိုင်ရှင်မိန်းမကြီး၏အသံက ပို၍ကျယ်လောင်ကာ

*"ဒီလိုသာ လူတွေကို လိုတဲ့ငွေ အကြွေးထားရအောင် အလှူလုပ်နေတာ မဟုတ်ဘူးဟော့၊ ရုပ်ကလေးကြည့်တော့ သူဌေးသားလိုလို သနား*



www.burmeseclassic.com

www.burmeseclassic.com



ကမားလေးနဲ့၊ ငွေအကြေမပေးနိုင်ရင် ဆိုင်ထဲက တစ်ဖဝါးမှ ခွာဖို့မစဉ်းစားနဲ့၊ ပုလိပ်ခေါ်ပြီး ဖမ်းခိုင်းမယ်”

ဟု ကြိမ်းဝါးရာ ထိပ်တင်ဆွေက တုန်လှုပ်ကာ

“ဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ ဟောဒီက ကျုပ်ရဲ့ ခရီးဆောင်အိတ်ထဲမှာ ပိုးလုံချည်ကလေးတွေ၊ အင်္ကျီကောင်းကောင်းကလေးတွေ ပါပါတယ်၊ အဲဒါတွေကိုသာ ယူထားလိုက်ပါတော့”

ဟု ဆိုလေတော့၏။

ဤသို့ဖြင့် ထိပ်တင်ဆွေသည် အိမ်ခြေရာခြေမဲ့ဘဝမှာ အဝတ်တစ်ထည် ကိုယ်တစ်ခုအခြေအနေသို့ ရောက်ရှိသွား၏။

သူသည် ထမင်းဆိုင်မှ ခေါင်းငိုက်စိုက်နှင့် ထွက်ခွာလာရင်း လူတစ်ယောက်ကို ဖျတ်ခနဲ သတိရမိ၏။ ထိုအခါ သူသည် အနည်းငယ် အားတက်သွားပြီး

“တင်တင်ကြီးရှိတာပဲ၊ ဘာပဲဖြစ်ဖြစ် သူ့ဆီက အကူအညီရနိုင်တာပဲ”





ဟု ရေရွတ်လိုက်၏။

တင်တင်ကြီးသည် စကော့ဈေးထဲတွင် ရွှေဆိုင်ဖွင့်ထားပြီး ကြွယ်ဝချမ်းသာသူဖြစ်၏။ သူမသည် ထိပ်တင်ဆွေနှင့် ရွယ်တူခန့်ရှိကာ ခေတ်ဆန်စွာ ဝတ်စားပြင်ဆင်တတ်သောကြောင့် လိုချင်သူဝိုင်းဝိုင်းလည်နေခဲ့၏။

သူမကမူ တစ်ချိန်က ထိပ်တင်ဆွေကို စိတ်ဝင်စားလေရာ ရေလာမြောင်းပေးလုပ်ခဲ့ဖူး၏။ ထိပ်တင်ဆွေက သူငယ်ချင်းအဆင့်ထက် မကျော်လွန်ဘဲ အေးစက်စက် နေထိုင်ခဲ့လေ၏။

သို့သော် တင်တင်ကြီးသည် ထိပ်တင်ဆွေ၏မိခင်ကြီး အသုဘသို့မူ ဘာကြောင့်မှန်းမသိဘဲ ရောက်ရှိမလာခဲ့ချေ။

ထိပ်တင်ဆွေကမူ စီးပွားရေးသမားဖြစ်သော တင်တင်ကြီး တစ်ယောက် ခရီးလွန်နေသည်ဟု ထင်မှတ်ထား၏။

“ကိုယ်တော်လေး၊ အဲ... ကိုဆွေပါလား၊ ဘာကိစ္စလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။

ထိပ်တင်ဆွေသည် မျှော်လင့်ထားသလို တင်တင်ကြီး၏ ဝမ်းသာဟန်အမူအရာကို မမြင်တွေ့ရလေရာ လာရင်းကိစ္စကိုပြောရန် နှုတ်ဆွံ့သွား၏။

တင်တင်ကြီးသည် ကျောက်ပေါက်မာသဲ့သဲ့ရှိသော လူတစ်ယောက်နှင့် စကားလက်ဆုံကျနေခြင်းဖြစ်၏။ ထိုသူသည် အဖိုးတန် အဝတ်အထည်များကို ဆင်မြန်းကာ လူကုန်ထံအရာရှိ တစ်ယောက်၏ ဟန်ပန်နှင့်ဖြစ်၏။

ထိပ်တင်ဆွေက တင်တင်ကြီး၏မေးမြန်းမှုကြောင့် သက်ပြင်းချကာ

"တင်တင်ကြီးနဲ့ မတွေ့ရတာကြာပြီဆိုတော့ တွေ့ချင်တာနဲ့ ရောက်လာတာပါ"

ဟု အဖြေပေးလိုက်၏။

ထိုအခါ တင်တင်ကြီးက ကျောက်ပေါက်မာနှင့်လူဘက်သို့ လှည့်ပြီး





"ကိုအောင်မြတ်၊ ဒါက ကျွန်မသူငယ်ချင်း ထိပ်တင်ဆွေလို့ခေါ်တယ်၊ အရင်က မင်းမျိုး မင်းနွယ်တွေလို့ ဆိုတယ်၊ အခုအချိန်မှာတော့ ရှိသမျှ စည်းစိမ်တွေအားလုံး မင်္ဂလာဇင့်ဘက်ကို ထိုး အပ်လိုက်ရတော့ တော်တော်ဒုက္ခရောက်နေတယ် လို့ ကြားတယ်"

ဟု ပြောကာ မိတ်ဆက်ပေး၏။

ထိပ်တင်ဆွေသည် မျက်နှာရဲခနဲဖြစ်ကာ သူ၏အဖြစ်ကို တင်တင်ကြီးက ကောင်းစွာသိရှိနေသောကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

တင်တင်ကြီးသည် တစ်ခါမျှ မတွေ့ဆုံဘူးသည့် လူစိမ်း တစ်ယောက်၏ရှေ့တွင် မိမိ၏အကြောင်းကို အထင်သေးဟန်ဖြင့် အပုပ်ချသလို ပြောဆိုနေချေပြီ။

ထိုအခိုက် ကျောက်ပေါက်မာနှင့်လူက ထိပ်တင်ဆွေကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



*"ကိုယ့်လူပုံစံက လူပေါကြော့ပုံစံမျိုးပဲ၊*

*အင်းလေ… ကာရွေရွှစ်ဆယ်သူဌေးသားတောင်*

*ကိုယ့်စွမ်းကိုယ်စ မရှိတော့ လမ်းဘေးရောက်ရသေး*

*တာပဲ"*

ဟု မှတ်ချက်ချလေ၏။

ထိပ်တင်ဆွေသည် ကင်ဖ်ာင်ကြီး၏ ဂုဏ်ပကာသန မက်မောမှုကို ကောင်းစွာသဘောပေါက်သွားပြီဖြစ်၏။

သူသည် ထိုနေရာတွင် ကြာရှည်စွာ ရပ်တည်မနေနိုင်တော့ဘဲ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ တင်တင်ကြီးကိုပင် နှုတ်မဆက်တော့ဘဲ ချာခနဲ လှည့်ထွက်ခဲ့တော့၏။

ထို့အတူ ထိပ်တင်ဆွေသည် ကျင်လည်ခဲ့သော အသိုက်အဝန်းမှလူများနှင့် ဤအရပ်ဒေသမှ ဝေးရာသို့ ပြေးထွက်ချင်စိတ်ပါ ဖြစ်ပေါ်လာ၏။

◆◆◆





သူသည် ခေါင်းငိုက်စိုက်နှင့် ခြေဦးတည့်ရာသို့ သွားလာနေ၏။ တစ်ခါတစ်ရံ လမ်းမထက်တွင် သွားလာမိရာ ကားသမားများ၏ ဆဲဆိုမှုကို ခံရ၏။

လန့်ချားကုလားများကပင် မထိမှဲ့မြင်နှင့် ကြိမ်းမောင်းသွားကြ၏။ သို့သော် ထိပ်တင်ဆွေကမူ အားလုံးကို မသိကျိုးကျွံပြုကာ သွားလာနေဆဲသာဖြစ်၏။

သူသည် ညနေစောင်းအချိန်တွင် ကြည့်မြင်တိုင်ကမ်းနားသို့



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ရောက်ရှိနေကြောင်း သတိပြုမိ၏။ သူ၏ရှေ့မှ မြစ်ကမ်းပါးရှိ မြေကွက်လပ်ကျယ်ကြီးတစ်ခုတွင် လူအုပ်စုတစ်စုက လှုပ်လှုပ်ရွရွ ဖြစ်နေသည်ကိုလည်း တွေ့ရ၏။

လူအုပ်စုထဲမှ သေးသေးညှက်ညှက် လူတစ်ယောက်က လယ်ဂျာစာအုပ်တစ်အုပ်ကို ချိုင်းကြားတွင်ညှပ်ကာ

*"ကဲ ကဲ… အချိန်မရှိတော့ဘူး၊ အလုပ်ကတော့ ပင်ပန်းမှာအမှန်ပဲ၊ တစ်ယောက်ကို လေး၊ ငါးကျပ်လောက်တော့ ရလိမ့်မယ်၊ တစ်ညလုံး မနားမနေ လုပ်ရမှာနော်၊ ရေသာခိုလို့မရဘူးဆိုတာ ကြိုပြောထားမယ်၊ လုပ်ချင်တဲ့သူတွေ ဒီမှာ စာရင်းပေးကြ"*

ဟု အော်ဟစ်နေလေ၏။

ထိပ်တင်ဆွေသည် ထိုသူ၏စကားကို စိတ်ဝင်စားသွား၏။ သူသည် ထိုညအတွက် အိပ်စက်စရာနေရာလည်းမရှိသလို ငွေကြေးကလည်း တစ်ပြားတစ်ချပ်မျှ မရှိချေ။





သူ့အတွက် တစ်ညလုံး အလုပ်လုပ်ရင်း ထိုအခက်အခဲကို ဖြေရှင်းနိုင်ပေတော့မည်။

ထို့ကြောင့် ထိပ်တင်ဆွေသည် အလုပ်ကြမ်းသမား ကူလီများ ဖြစ်ဟန်တူသူ လူအုပ်ကြားထဲသို့ စာရင်းပေးရန် မရဲတရဲဖြင့် ဝင်ရောက်လိုက်တော့၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးသည် လှည်းကြုံလိုက်ပါလာသူ ယစ်ထုပ်ကြီး၏ စကားကို စိတ်ဝင်တစား နားစွင့်နေ၏။

ထိုအခါ လူကြီးက အားခြောက်သွားဟန်နှင့် ရေတောင်းလေရာ ရေဘူးကိုထုတ်၍ ပေးရပြန်၏။ ထိုသူက ရေကို အားပါးတရ မော့၍သောက်ပြီး

"ငါ့မိခင်က ငါ့ကို ပညာပေးတဲ့အနေနဲ့ ပုံပြင်လေးတစ်ပုဒ်ပြောပြပြီး အိမ်ပေါ်က နှင်ချလိုက်





တယ်ဆိုတဲ့အကြောင်း မင်းကို စကားစပြီးပြီနော်၊ အဲဒီပုံပြင်လေးကို ပြောပြမယ်ကွာ၊ စိတ်ကူးယဉ် အတွေးသမား တစ်ယောက် လက်တွေ့မလုပ်ကိုင်လို့ ကောင်းကောင်း ဒုက္ခရောက်သွားတယ်ဆိုတဲ့ အကြောင်းပေါ့ကွာ"

ဟု ပြောလေရာ ရွှေတိုးက နားစွင့်နေလေ၏။

ထိုအခါ ထိုသူက ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်ပြီးမှ

"ပုံပြင်ကတော့ တိုတိုပါပဲကွာ၊ တစ်ခါက ငါ့လို စိတ်ကူးယဉ်ကမ္ဘာထဲမှာ ပိတ်မိနေတဲ့လူ တစ်ယောက်ရှိတယ်ပေါ့ကွာ၊ အဲဒီလူဟာ တစ်နေ့ တစ်နေ့ ဘယ်လိုငွေရှာရမလဲတွေးပြီး ဘယ်လို နည်းလမ်းနဲ့ ချမ်းသာရမလဲလို့ မပြတ်ကြံစည်နေတဲ့ သူပေါ့၊ သူဟာ ငွေကြေးကို ဘယ်လိုရှာဖွေရမယ်၊ ဘယ်လိုစုဆောင်းရမယ်ဆိုတာတို့လည်း ကြီးမှား ချမ်းသာနည်းစာအုပ်တွေဖတ်ပြီး တော်တော်ကလေး



www.burmeseclassic.com

www.burmeseclassic.com



နားလည်နေတယ်လို့ဆိုတယ်၊ ဒါပေမဲ့ စဉ်းစားတွေးတောရုံအပြင် ငွေကြေးကို လက်တွေ့ရှာခဲ့တော့ ဘယ်လိုလုပ်ချမ်းသာခြင်းကို ရရှိပါမလဲ၊ ဒါနဲ့ပဲ ဒီလူဟာ ကံကောင်းထောက်မပြီး တစ်နေ့မှာ အမွေတွေ အစုလိုက်အပြုံလိုက်ရပြီး သူဌေးတစ်ယောက် ဖြစ်လာခဲ့တယ်၊ သူဟာ ငွေထုပ်ကြီးကို ရှေ့ချပြီး ဒီထက်ပိုလို့ ငွေတွေတိုးပွားအောင် အဲဒီငွေတွေကို ဘယ်လိုလုပ်နေ့တွေမှာ ရင်းနှီးမြှုပ်နှံရမလဲဆိုတာကို စာအုပ်တစ်အုပ်ချပြီး နေ့ရှိသရွေ့ အစီအစဉ်တွေ ဆွဲနေတော့တာပေါ့၊ သူ့ရဲ့ စာအုပ်ထဲက စာရင်းအရဆိုရင် ငွေတွေဟာ နှစ်အနည်းငယ်အတွင်းမှာ မယုံကြည်နိုင်လောက်အောင် တိုးပွားနေတော့တာပေါ့၊ သူဟာ အဲဒီငွေတွေကို လုံခြုံစိတ်ချရအောင်လည်း စိတ်ကူးနဲ့ အစီအစဉ်တွေ ပြုလုပ်ခဲ့သေးတယ်၊ သူဟာ တံတိုင်းမြင့်ကြီးနဲ့





သံဆူးကြိုးတွေ ကာရံတဲ့ အိမ်ကြီးတစ်ဆောင်ကို ဆောက်တယ်၊ လုံခြုံရေးအတွက် အစောင့်တွေထားတယ်၊ ဒါတွေဟာ စိတ်ကူးထဲမှာပဲရှိတဲ့အတွက် လက်တွေ့မလုပ်ဆောင်နိုင်ခဲ့တော့ သူမှာ အမွေတွေရထားတယ်လို့သိတဲ့ လူဆိုးလူမိုက်တွေက ရောက်လာပြီး သူ့ဆီကငွေတွေကို အလွယ်တကူ လုယက်သွားတာကို ခံလိုက်ရတယ်၊ သူဟာ လူဆိုးလူမိုက်တွေရဲ့ ရိုက်နှက်မှုကိုလည်း သေလုမြောပါး ခံလိုက်ရသေးတယ်တဲ့၊ ကိုယ့်ဆီကို ငွေထုပ်ကြီးရောက်လာတာတောင် စိတ်ကူးယဉ်လို့ကောင်းတုန်းပဲဆိုရင်တော့ အဲဒီလိုအဖြစ်မျိုးနဲ့ ကိုးရမှာပဲလို့ ငါ့မိခင်က ပြောခဲ့တယ်၊ ပြီးတော့ တကယ့်အခွင့်အရေးဆိုတာ လက်တွေ့လုပ်ကိုင်ရင်းမှ တွေ့ကြုံပေါ်ပေါက်လာတတ်တယ်လို့လည်း ဆိုသေးတယ်၊ ဒါကြောင့် ငါ့မိခင်က ငါ့ကို မင်း ဘယ်သူ့ဆီက အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



မှ မယူဘဲ ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ ရပ်တည်နိုင်မှ (၃)နှစ်တိတိပြည့်တဲ့အချိန်မှာ အိမ်ပေါ်ပြန်တက်ခွင့်ရ လိမ့်မယ်လို့ မှာလိုက်တယ်"

ဟု ဆိုလေတော့၏။

ရွှေတိုးက

"ဟား ဟား… ခင်ဗျားဟာ ဒီအရွယ်ကြီးရောက်မှ အိမ်ပေါ်က နှင်အချခံလိုက်ရတာ တစ်မျိုးကြီးပဲ၊ ခင်ဗျားက မိခင်ရဲ့စကားကို နားထောင်ပုံတော့မရဘူး၊ ဘာကြောင့်လဲဆိုရင် လှည်းလမ်းပေါ်မှာ လှမ်းသူမှန်းမသိ မူးယစ်နေလို့ ကျုပ်က ဒုက္ခတွေမှာစိုးပြီး ကူညီခဲ့ရတယ် မဟုတ်လား"

ဟု ပြောလိုက်ရာ ထိုသူက ခေါင်းယမ်းပြီး

"ဟဲ ဟဲ… ငါကလည်း ကိုယ့်အကြံနဲ့ ကိုယ်ပဲကွ၊ မင်းတို့လှည်းတွေလာကတည်းက ငါ သိတာပဲ၊ ဒါကြောင့် လှည်းကြီးနဲ့ မြို့ကိုလိုက်ချင်





ပေမဲ့ ငါ့မိခင်ရဲ့အမှာစကားကြောင့် အကူအညီမတောင်းရဘဲနဲ့ အလိုလိုကူညီတာခံရအောင် လုပ်ခဲ့တာပဲကွ၊ ငါဟာ ယစ်ထုပ်ကြီးတစ်ယောက်မဟုတ်ပါဘူး၊ အရက်ကိုတော့ ဆေးဖြစ်ဝါးဖြစ် ဆောင်ထားတတ်တယ်၊ ဒါကြောင့် မင်းတို့လှည်းတန်းကြီးနီးလာတဲ့အခါ ငါ့တစ်ကိုယ်လုံး အရက်နဲ့လောင်းပြီး မူးယစ်ချင်ဟန်ဆောင်နေတာပဲကွ၊ တကယ်မူးယစ်နေတဲ့ သူဆိုရင် အခုလို မင်းနဲ့ စကားတောင်ပြောနေနိုင်မှာမဟုတ်ဘူး"

ဟု ဆိုလေ၏။ ရွှေတိုးက ခေါင်းတဆတ်ဆတ်ညိတ်၍

"ခင်ဗျားက မိခင်ရဲ့အမှာစကားကို အာပတ်လွတ် ကျူးလွန်လိုက်တာပဲဗျာ"

ဟု မှတ်ချက်ချလိုက်၏။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ရွှေတိုးသည် ထိုသူနှင့် အချိန်ကြာမြင့်စွာ စကား ပြောဆိုရင်း မြို့နှင့် နီးကပ်လာခဲ့၏။

ဆန်စက်ရှိရာမြို့ကလေးနှင့် သူတို့ရွာမှာ (၄)မိုင်ခရီးခန့် သွားလာရ၏။

ထိုသို့သွားလာရာတွင် နွားများ သက်သောင့်သက်သာ နှ စေရန် ညဘက်တွင်သာ ဤသို့ လှည်းတပ်ချီပြီး သွားလာတတ် ကြ၏။

ဆန်စက်မှာ မြို့စွန်တွင်ပင် ရှိလေရာ သူတို့လှည်းတပ်ကြီး သည် လယ်ကွင်းပြင်မှဖြတ်၍ ဆန်စက်၏နောက်ကွယ်မှ သစ်ပင်





ကြီးများ အုပ်ဆိုင်းနေရာသို့ ဝင်ရောက်လာခဲ့ကြ၏။

ဆန်စက်၏ နံဘေးတစ်ဖက်တစ်ချက်နှင့် ရှေ့ဘက်တွင် ဒိုကဲ့သို့ နဝလီဟူ၍ ဝမ်းစာစပါးကြိတ်ခွဲမည့် အခြားရွာများမှ လှည်းများက ပြည့်ကျပ်နေလေ၏။

ထို့ကြောင့် ခေါင်းလှည်းသမား မြသီးက လှည်းကိုရပ်တန့် ပြီး နောက်လှည်းများကြားအောင် အော်ဟစ်ပြီး

*"ထင်တဲ့အတိုင်းပဲဟေ့၊ စက်မှာ လှည်းတွေ ကျပ်နေပြီ၊ တစ်ယောက်ယောက်က စပါးကြိတ်ခွဲ ဖို့ စာရင်းသွားပေးထားလိုက်၊ ငါက လှည်းတွေ ဘယ်မှာထိုးထားရမလဲဆိုတာ အခြေအနေ သွား ကြည့်လိုက်ဦးမယ်"*

ဟု ပြောလေ၏။

ဤသို့ပြောဆိုပြီးနောက် မြသီးနှင့် အခြားလည်လည်ဝယ်ဝယ် သော လှည်းသမားတစ်ယောက်တို့ ထွက်ခွာသွားကြ၏။

ရွှေတိုးက ဆူညံသောစက်သံနှင့် မီးခိုးငွေ့တလူလူ ဖုန်



www.burmeseclassic.com

www.burmeseclassic.com



တထောင်းထောင်းကြားမှ ပြည့်ကျပ်နေသောလှည်းများကိုကြည့်ပြီး

"ဒီအတိုင်းဆိုရင် နှစ်ရက်၊ သုံးရက်တော့

စောင့်ရလိမ့်မယ် ထင်တယ်" ဟု

ရေရွတ်လိုက်၏။

ရှေ့လှည်းမှ ဦးဘလုကလည်း

"တို့ရွာကလှည်းတွေတော့ သင့်တော်ရာ

နေရာရှာပြီး ခွဲနေရမဲ့ပုံပဲ၊ မင်းနဲ့ငါက ခွဲလို့မဖြစ်ဘူး

ဟေ့၊ တို့အတွက် လှည်းထိုးထားဖို့နေရာကလေး

ဘာလေးလည်း ရှာစမ်းပါဦး၊ ဒီပုံအတိုင်းတောင်

လှည်းတွေက ကျပ်နေတာ၊ နောက်ထပ်ရောက်လာ

တဲ့ လှည်းတွေကလည်း ရှိသေးတယ်"

ဟု ရွှေတိုးကို ပြောလေ၏။ ရွှေတိုး၏ လှည်းနှင့် ခရီးကြုံ

လိုက်ပါလာသူ လူကြီးက မြင်ကွင်းကိုကြည့်၍ စိတ်ပျက်ဟန်နှင့်

"ဟုတ်တယ်ဟေ့၊ အခု လှည်းတွေရပ်ထား

တာ လမ်းဖြစ်နေတယ်ကွ၊ နောက်လှည်းတွေရောက်





လာရင် လမ်းဖယ်ပေးရဦးမယ်၊ နေရာကလေး

ဘာလေး ရှာထားမှဖြစ်လိမ့်မယ်"

ဟု ကိုက်တွန်း၏။

ရွှေတိုးလည်း လှည်းထက်မှ ဖုတ်ခနဲခုန်ဆင်းပြီး တရှူးရှူး

တရှဲရှဲနှင့် မြည်ဟည်းကာ စက်စွမ်းအားပေးနေသော ရေနွေးငွေ့

ဘွိုင်လာအိုးကြီးအနီးမှဖြတ်၍ ဆန်စက်ရှေ့သို့ ရောက်လာ၏။

ထိုအခါ မြသီးနှင့်တွေ့လေရာ

"ရွှေတိုး… ဆန်စက်ရှေ့ဘက်မှာတော့

လှည်းလေးငါးစီးစာ ထိုးဖို့ရှိတယ်၊ ကျန်တဲ့လှည်း

တွေက တစ်စီးစ နှစ်စီးစ ခွဲပြီးထိုးရတော့မှာပဲ"

ဟု ပြောလေ၏။ ဆန်စက်စာရေးနှင့် သွားရောက်တွေ့ဆုံ၍

စာရင်းပေးသော လှည်းသမားကလည်း ရွှေတိုးတို့နှင့်တွေ့လျှင်

ဒေါသတကြီးနှင့်

"စာရေးက တော်တော်မောက်မာတာပဲကွ၊

ဒီကောင်က စာရင်းပေးတာကို ဒီအတိုင်း လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



*ချင်ပုံမရဘူး၊ တခြားရွာက လှည်းသမားတွေက တော့ ဒီကောင့်ကို ငွေကလေး ဘာလေး လာဘ် ထိုးပြီး အမြန်ကြိတ်ခွဲရအောင်လုပ်နေတာ တွေ့ရ တယ်၊ ငါတို့ကိုတော့ ဘယ်နေ့ကြိတ်ခွဲရမယ်ဆိုတာ တောင် ရက်ချိန်းမပေးလိုက်ဘူး"*

ဟု ပြောလေ၏။

ထိုအခါ ရွှေတိုးတို့လည်း စက်စာရေးနှင့် သွားရောက်တွေ့ဆုံ ပြီး ရက်ချိန်းကို တိတိကျကျ သိရှိစေရန် မေးမြန်းရ၏။

ထို့နောက် မြသီးမှာ ရွှေ့ဆုံးလှည်း လေးငါးစီးကိုခေါ်၍ ထွက်သွားလျှင် ရွှေတိုးလည်း လှည်းရပ်နားရန် နေရာရှာဖွေရပြန်၏။

အချို့လှည်းများမှာ စပါးကြိတ်ခွဲပြီး၍ ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသလို အချို့ကလည်း ယခုမှ ဝင်ရောက်လာဆဲရှိ၏။

ရွှေတိုးက လှည်းနှစ်စီးစာ ရပ်တန့်ရန်နေရာတွေ့လျှင် အလျှင်အမြန်ပြန်၍ ဦးဘလှကို အကြောင်းကြားရန် ပြင်လေ၏။

သူတို့ရွာမှ လှည်းများမှာ မူလရပ်တန့်ထားရာနေရာတွင်





မရှိတော့ချေ။ အချို့က နေရာရှာပြီး တကွဲတပြား ထွက်သွားကြ သလို အချို့က နောက်လှည်းများ ဝင်လာလေရာ လမ်းဖယ်ပေးရင်း အခြားနေရာသို့ ရောက်ရှိသွားကြ၏။

ထိုသို့ရောက်ရှိပြီးလျှင် အခြားလှည်းများကြားတွင် ညပ်၍ ရုတ်တရက်ပြန်ထွက်ရန် ခက်ခဲလှ၏။

ရွှေတိုးသည် ရွာမှလှည်းများကို ရှာဖွေရင်း ဦးဘလှကို တစ်နေရာတွင် တွေ့လေ၏။

ဦးဘလှက

*"ဟိတ်ကောင်လေး... မင်းလှည်းတော့ ဘယ်ရောက်သွားပြီလဲ မသိဘူး၊ ငါတို့လှည်းတွေ က လမ်းဖယ်ပေးရင်း ဟိုရောက်ဒီရောက် ဖြစ်ကုန် ပြီ၊ မင်းလှည်းနဲ့ လမ်းကြုံလိုက်လာတဲ့လူက တစ် နေရာရာရှာပြီး ရပ်ထားမှာပဲ"*

ဟု သတင်းပေး၏။

ဤသို့ဖြင့် ရွှေတိုးသည် လှည်းကို ရှာဖွေရပြန်၏။ ဆန့်ကျင်



www.burmeseclassic.com

www.burmeseclassic.com



နံဘေးဝန်းကျင်တွင် ထိုကဲ့သို့ လရောင်အလင်းနှင့် ဓာတ်မီးရောင်ကလေးကလည်း နီကျင်ကျင်ကလေးမျှသာရှိလေရာ မိမိ၏လှည်းကို ရှာဖွေရသည်မှာ ထင်သလောက် မလွယ်ကူချေ။

ရွှေတိုးသည် အခြားလှည်းများကြားတွင် တိုးဝှေ့သွားလာရင်း

*"ဟိုလူကြီး ငါ့လှည်းကို ဘယ်အထိတောင် မောင်းပြီး နေရာချထားလဲမသိဘူး၊ ရှာရတာလည်း ဆန်စက်ဝန်းတစ်ခုလုံး နှံ့နေပြီ"*

ဟု ရေရွတ်မိ၏။

တစ်ဆက်တည်းဝင် စိုးရိမ်စိတ်ဝင်လာပြီး

*"ဒုက္ခပဲ၊ အဲဒီလူကြီးနာမည်ကို ငါက သိတာ မဟုတ်ဘူး၊ ငါ့လှည်းကို အပ်နှံထားခဲ့မိတာ မှားပြီထင်တယ်၊ လှည်းရော၊ နွားတွေရော၊ စပါးတွေရော အပျောက်ရိုက်သွားပြီလား မသိဘူး"*

ဟု တွေးလိုက်မိတော့၏။





သူတွေးထင်ထားသည့်အတိုင်းပင် ရွှေတိုးက ရှာမှ အခြားလှည်းသမားများကို အကူအညီတောင်း၍ ရှာဖွေသော်လည်း သူ၏လှည်းကို အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ဆွေသည် လူ(၂၀)ခန့် ပါဝင်သော လော်ရီကားကြီး တစ်စီးတွင် လိုက်ပါလာခဲ့၏။ သူနှင့်အတူရှိနေသူအားလုံးမှာ ညစ်ထေးစုတ်ချာသော အသွင်အပြင်နှင့် ကူလီများ၊ ကြုံရာကျပန်း လုပ်ကိုင်ကြသူများသာဖြစ်၏။

ကားခေါင်းခန်းတွင် သေးသေးညှက်ညှက်နှင့် အလုပ်သမားခေါင်းက လိုက်ပါလာ၏။ ထိပ်တင်ဆွေသည် ကြည့်မြင်တိုင်





ကမ်းနားတွင် ထိုသူထံ၌ စာရင်းပေးရန် ရောက်ရှိစဉ်က ထိုလူက သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး

*"မင်းက အလုပ်ကြမ်းလုပ်မလို့လား"*

ဟု မေးမြန်းခဲ့၏။ ထိပ်တင်ဆွေက အားတက်သရောနှင့် ခေါင်းညိတ်ကာ

*"ဟုတ်ပါတယ်ဗျာ၊ ကျုပ် အလုပ်လုပ်ချင်လို့ပါ၊ ကျုပ် လုပ်နိုင်ပါတယ်"*

ဟု အဖြေပေးလိုက်၏။ အလုပ်သမားခေါင်းက မျက်နှာကိုမဲ့ပြီး ခေါင်းယမ်းကာ

*"ဒီပုံနဲ့တော့မဖြစ်ဘူး ကိုယ့်လူ၊ မင်း ဝတ်စားထားတာလည်း ကြည့်ဦးလေ၊ ပွဲနေပွဲထိုင်သွားမှာ ကြဲနေတာပဲ၊ ဘလေဇာကုတ်နဲ့ ဘန်ကောက်လုံချည်နဲ့၊ ပေတင်ရှူးနဲ့ဆိုတော့ ငါ့လို အလုပ်သမားခေါင်းကတောင် မင်းကိုခိုင်းရမှာ အားနာနေပြီ၊ ဒီတော့ မင်းအဝတ်တွေကို ပြောင်းပေ*



www.burmeseclassic.com

*တော့"*

ဟု အမိန့်ပေးဟန်နှင့် ပြောလေရာ ထိပ်တင်ဆွေက အူကြောင်ကြောင်နှင့်

*"ဒီအဝတ်တွေနဲ့ အလုပ်နဲ့ ဘယ်လိုသက်ဆိုင်နေလို့လဲဗျာ၊ ကျုပ်ဘက်က အလုပ်ကောင်းကောင်းလုပ်နိုင်ရင်ပြီးတာပဲ မဟုတ်လား"*

ဟု ဆိုလိုက်၏။ အလုပ်သမားခေါင်းက မျက်နှာတည်၍

*"ကဲ…အချိန်မရှိဘူး၊ အလုပ်သမားဆိုတာ အလုပ်သမားနဲ့တူမှ ဖြစ်မှာပေါ့ကွ၊ ဒီတော့ ငါ့အဝတ်တွေနဲ့လဲလှယ်ပြီး ဝတ်ခဲ့ပေတော့၊ မင်းအတွက် အဆင်ပြေအောင် ငါလုပ်ပေးတာပဲ၊ ဒီလိုမှမဟုတ်ရင် အလုပ်ရဖို့မစဉ်းစားနဲ့တော့"*

ဟု ပြောလေ၏။

ထိပ်တင်ဆွေသည် သူ၏အဝတ်အထည်များကို အလုပ်သမားခေါင်းက မျက်စိကျနေသည်ကို ရိပ်မိသော်လည်း မတတ်သာ





၍ ထိုသူနှင့် အဝတ်ချင်းလဲလှယ်ဝတ်ဆင်လိုက်ရ၏။

ထိုအခါ အလုပ်သမားခေါင်းသည် မတော်တရော အဝတ်အထည်များနှင့် ကြီးမားနေသော ပေတင်ရှူးကို အခန့်သားဝတ်ဆင်လေ၏။

ထိပ်တင်ဆွေမှာမူ ချည်ကြမ်းအင်္ကျီကျပ်ကျပ်ကို ဒူးဆစ်အထိ ဆူးရောက်မတတ် တိုနေသော ကာကီဘောင်းဘီနှင့် တွဲဖက်ဝတ်ဆင်လိုက်ရ၏။

ပေတင်ရှူးအစား အလုပ်သမားခေါင်း၏ ခုံဖိနပ်က ခြေအောက်တွင် ရောက်ရှိလာ၏။

သူသည် လော်ရီကားကြီးနှင့် လိုက်ပါလာရသော်လည်း မည်သည့်အလုပ်ကို လုပ်ကိုင်ရမည် မသိချေ။ ကားသည် ကမ်းနားလမ်းအတိုင်း မောင်းနှင်ပြီးနောက် အင်းစိန်ဘက်သို့ ရောက်ရှိလာ၏။

ထိုမှနေ၍ ဘိုကုန်းဘက်မှ မြေနီလမ်းတစ်ခုသို့ ဝင်ရောက်မြန်၏။ ထိုမြေနီလမ်းမှ ကုန်းမြင့်တစ်ခုအတိုင်းသွား၍ သစ်ပင်များရှုပ်ဆိုင်းနေသော ခြံဝင်းကျယ်ကြီးတစ်ခုအတွင်း ဝင်ရောက်လေ၏။

www.burmeseclassic.com



ထိုအချိန်တွင် အမှောင်ထုက ကျရောက်နေပြီဖြစ်၏။ ခြံဝင်းကျယ်ကြီးအတွင်း၌ သရက်၊ ပိန္နဲ စသည့် သစ်ပင်ကြီးများရှိပြီး အမိုးချွန်နှင့် သစ်သားအိမ်ငယ်တစ်အိမ်ကို တွေ့ရ၏။

အိမ်ကလေးမှာ အဖြူရောင်ဆေးများသုတ်၍ မှန်တံခါးများ တပ်ဆင်ထားကာ လှပပြီး နေချင့်စဖွယ်ဖြစ်၏။ အိမ်ကလေး ပတ်ဝန်းကျင်တွင် မြက်ခင်းပြင်နှင့်ပန်းချုံကလေးများစိုက်ပျိုးထား၏။

ထိုနေရာတွင် မျက်နှာပေါက်ဆိုးဆိုးနှင့် လူတစ်ယောက်က အသင့်ရှိနေ၏။ ထိုသူသည် အောက်လင်းမီးအိမ်ကြီးများကိုလည်း ပြင်ဆင်ထား၏။

အလုပ်သမားခေါင်းက မျက်နှာပေါက်ဆိုးဆိုးနှင့် လူကိုတွေ့၍ ရိုသေဟန်နှင့်

*"ဆရာ ဘယ်နေရာမှာ အလုပ်လုပ်ရမလဲ ဆိုတာ ပြောပါ"*

ဟု မေးမြန်းလေ၏။

မျက်နှာပေါက်ဆိုးဆိုးနှင့်လူက လက်မှ ရွှေရောင်နာရီကို





ကြည့်ပြီး

*"နောက်ကျနေပြီထင်တယ်၊ မင်းကို စောစောလာပါလို့ မှာထားရဲ့နဲ့ကွာ၊ မနက်လင်းလို့မှ အလုပ်မပြီးရင် မလွယ်ဘူး"*

ဟု ညည်းညူကာ အိမ်ကလေး၏ ခြေရင်းဘက်ရှိ မြေကွက်လပ်တစ်ခုသို့ ခေါ်ဆောင်ကာ

*"ဟောဒီနေရာမှာ အလျားက (၁၅) ပေ၊ အနံက (၁၀) ပေ၊ အနက်က (၅) ပေလောက် တူးပေတော့၊ ထွက်လာတဲ့မြေကြီးတွေကို အိမ်နောက်က ချောက်ထဲကိုပို့ရမယ်"*

ဟု ခိုင်းစေလေ၏။ ထိုအခါ အလုပ်သမားခေါင်းက အလုပ်သမားများကို

*"ကဲ... ကိုယ့်လူတို့ကြားကြတဲ့အတိုင်းပဲ၊ အလုပ်စကြပေတော့၊ မနက်လင်းလို့ (၆)နာရီ ခေါင်းခန့်ထိုးတာနဲ့ အလုပ်ပြီးတာကို မြင်ချင်တယ်၊*



www.burmeseclassic.com

www.burmeseclassic.com



*အလုပ်မှာ ခိုကပ်နေမယ်ဆိုရင်တော့ လုပ်ခ တစ်ပြားမှရဖို့ မမျှော်လင့်နဲ့"*

ဟု ပြောလေ၏။

ထိပ်တင်ဆွေသည် အလုပ်သမားကူလီများကြားတွင် ယော
လည်လည်နှင့် ရပ်တန့်ကာ ဘာကြောင့်များ ညတွင်းချင်း ထိုကဲ့သ
မြေကျင်းကြီး အရေးတကြီး တူးခိုင်းသည်ကို နားမလည်သေးချေ

အလုပ်သမားခေါင်း၏ အမိန့်သံအဆုံးတွင် အားလုံးမှာ
အသင့်ယူဆောင်လာသော ပေါက်တူး၊ ဂေါ်ပြားနှင့် မြေသယ်ရ
ခြင်းများကို ဆွဲယူလိုက်ကြ၏။

ထိပ်တင်ဆွေသည်လည်း ပေါက်တူးတစ်လက်ကိုယူက
မြေတူးရမည့်နေရာသို့ ရောက်ရှိလာ၏။ အလုပ်သမားခေါင်းက
တူးဆွရမည့်မြေကြီးကို တိုင်ငုတ်များစိုက်၍ ကြိုးတန်းပေး၏။

ထိပ်တင်ဆွေသည် အခြားသူများနည်းတူ ပေါက်တူးဖြ
မြေကြီးကို ဖွာခနဲ ဖွာခနဲနေအောင် အားစိုက်၍ပေါက်လိုက်၏။

သို့သော် မြေကြီးက သံတုံးပမာ မာကျောလှသည်ဟု ထင်





ကာ ပေါက်တူးချက်က လိုရာသို့မရောက်ဘဲ နံဘေးသို့ လွဲချော်သွား၏။

နဘေးမှ ကူလီတုလားကြီးက ပိုးခနဲဝင်လာသော ပေါက်တူးကို အလန့်တကြား ခုန်ရှောင်လိုက်ပြီး

*"ဟရေး… ကောင်လေး၊ ပေါက်တူး မကိုင်တတ်ဘူးလား၊ ကုလားကို တစ်ချက်ထိရင်နော်၊ မင်းကို ဟောဒီပေါက်တူးနဲ့ ဆယ်ချက်ပြန်ပေါက်မယ်"*

ဟု လက်တွင်းမှ ပေါက်တူးနှင့်ရွယ်ကာ ကြိမ်းဝါး၏။ ထိပ်တင်ဆွေက အလျှင်အမြန်ပင်

*"မတော်လို့ပါဗျာ၊ ကျုပ် သတိထားပြီး လုပ်ပါမယ်"*

ဟု တောင်းပန်ရ၏။

ထိပ်တင်ဆွေသည် ပေါက်တူးချက်တိုင်း လက်မောင်းတစ်လျှောက် မခံမရပ်နိုင်အောင် နာကျင်သောဝေဒနာကိုခံရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ဖဝါးများဖွင့်လည်း စုတ်ပြဲပြီး အဝတ်စနှင့် စည်းနှောင်ထားရ၏။ ထိုကဲ့သို့ (၁၀)မိနစ်မျှ လုပ်ကိုင်ပြီးလျှင် ထိပ်တင်ဆွေသည် ပေါက်တူးကိုလွှတ်ချကာ သူ့ထံမှ မြေကြီးသယ်ယူနေသော လူတစ်ယောက်ကို မျက်နှာချိုသွေးပြီး

"ခင်ဗျားနဲ့ ကျွန်တော် နေရာချင်းလဲချင်တယ်ဗျာ၊ ကျုပ် မြေသယ်ပါ့မယ်"

ဟု ပြောလိုက်၏။ ထိုသူက ထိပ်တင်ဆွေကို အထင်သေးဟန်နှင့်ကြည့်ပြီး

"အခုမှအလုပ်စရုံပဲရှိသေးကွာ၊ မင်းတို့လို ခပ်ပျော့ပျော့ကောင်တွေနဲ့ တွဲလုပ်ရတာ တော်တော်ဆိုးတာပဲ၊ အချိန်စေ့လို့ အလုပ်မပြီးရင် အကုန်လုံး ခုကျကုန်လိမ့်မယ်"

ဟု ပြောဆိုကာ ပေါက်တူးကို ကိုင်လေ၏။

ထို့နောက် မြေသယ်ခြင်းအား ထိပ်တင်ဆွေ၏ပခုံးထက်သို့ မကာ တင်လိုက်ပြီး





"အိမ်နောက်က ချောက်ထဲမှာပုံရမှာ သိတယ်နော်"

ဟု မှာလေ၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ဆွေသည် တစ်သက်တွင် တစ်ခါမျှ မလုပ်ကိုင်ခဲ့ဖူးသော အလုပ်ကြမ်းကို လုပ်ကိုင်နေရချေပြီ။

သူသည် မြေကြီးများကို အခေါက်ခေါက်အခါခါ ထမ်းပိုးရင်း ထိုအလုပ်ကလည်း ပေါက်တူးပေါက်ရသည့်နည်းတူ ပင်ပန်းလှသည်ကို သိရှိလိုက်၏။

သူ၏ပခုံးထက်တွင် အရေပြားတို့ ပွန်းပဲ့နေချေပြီ။ မြေသယ်ခြင်းကြီးက တစ်ခေါက်ထက်တစ်ခေါက် ပို၍လေးလံလာကာ ခြေ



တစ်လှမ်းမျှပင် မရွေ့ချင်လောက်အောင်လည်း ဖြစ်လာ၏။

သူ၏တစ်ကိုယ်လုံး ဖုန်သဲတို့နှင့် လိမ်းကျံပြီး ပင်ကိုယ်ရုပ်ပျောက်ကွယ်နေ၏။ ထိုကဲ့သို့ ညစ်ပေရသည့်အထဲ ချွေးတို့နှင့် ရွှဲနစ်နေပြန်၏။

ထို့ကြောင့် ထိပ်တင်ဆွေသည် သောက်ရေအိုးမှရေကို မကြာခဏ သောက်ရ၏။ မကြာခဏလည်း အမောဖြေရ၏။

ထိပ်တင်ဆွေသည် ထိုသို့ရှိနေစဉ် ကူလီခေါင်းနှင့် မျက်နှာပေါက်ဆိုးဆိုးလူမှာမူ စားပွဲကုလားထိုင်များချ၍ အရက်ဝိုင်းဖွဲ့ကာ မြိန်ယှက်နေကြလေ၏။

ထိုအခိုက် ကားတစ်စီးက ခြံတွင်းသို့ မောင်းဝင်လာလေရာ မျက်နှာပေါက်ဆိုးဆိုးနှင့်လူသည် မျက်နှာကြီး ဝင်းထိန်ပြီး ရွှပ်ရွှပ်ရှားရှား ဖြစ်သွား၏။

ကားက သူတို့အနီးထိရောက်ရှိကာ ရပ်တန့်သွား၏။ မျက်နှာပေါက်ဆိုးဆိုးနှင့်လူက ပျာပျာသလဲနှင့် ကားဆီသို့သွားပြီး တံခါးကို ဖွင့်ကာ

www.burmeseclassic.com

www.burmeseclassic.com



"အိုး… ကိုကို့အချစ်လေး၊ ညကြီးမင်းကြီး ဘာကြောင့် လိုက်လာရတာလဲကွယ်"

ဟု ပြောလေ၏။

ပွင့်ဟနေသော တံခါးမှနေ၍ မျက်နှာကို လွှန်ကဲစွာချယ်သထားသော ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်နှင့် မိန်းမတစ်ဦး ဆင်းသက်လာကာ

"ကိုကိုကလည်း၊ ချစ်က ကိုကိုတစ်ယောက်တည်း ပင်ပန်းနေမှာစိုးလို့ အစားအသောက်ကလေးတွေ စီစဉ်ပြီး လိုက်လာရတာပေါ့၊ ကားနောက်ခန်းက ကြိမ်ခြင်းကြီးထဲမှာ ကိုကို့အကြိုက် ဝက်ခေါက်ကင်တွင်၊ ဆတ်သားခြောက်ဖုတ်တွေတောင် ပါသေးတယ်"

ဟု ပြောလေ၏။

အလုပ်သမားအားလုံး၏အကြည့်က ထိုမိန်းမထံရောက်ရှိသွား၏။ လူတစ်ယောက်က အောက်လင်းမီးအိမ်အလင်းရောင်နှင့်





မီးပေါ်မှ နတ်သမီးကလေးတစ်ပါး ရုတ်တရက်ရောက်လာသလို ရှိလှသည့် လှပသောမိန်းမကိုကြည့်ပြီး နှုတ်ခမ်းကို လျှာနှင့်သပ်၍

"သူများတွေများ ကောင်းစားနေလိုက်တာဗျာ၊ ဘာမှမလုပ်ဘဲ အရက်ပိုင်းနဲ့မိမ်ခံနေတဲ့ကောင်ကိုများ ပင်ပန်းမှာစိုးရိမ်လို့တဲ့"

ဟု ပြောလေ၏။

ထီပိတင်ဆွေသည် ထိုအမျိုးသမီးကိုမြင်လျှင် မြေသယ်နေရာမှ ခြေချော်၍လဲလုမတတ် ဖြစ်သွား၏။ **သူ၏**နှုတ်ဖျားမှလည်း ထိတ်လန့်တကြားနှင့်

"ဟိုက်… ဟန်နီကျော်မြဆိုတဲ့ မိန်းမပါလား"

ဟု ရေရွတ်မိ၏။

နေရာအနှံ့တွင် အောက်လင်းမီးအိမ်များက ထွန်းညှိထားသေရာ ထိုမိန်းမနှင့် မျက်နှာပေါက်ဆိုးဆိုးလူတို့ တစ်ယောက်နှင့်တစ်ယောက် တယုတယရှိနေသည်ကို အတိုင်းသား မြင်တွေ့နေရ



www.burmeseclassic.com

www.burmeseclassic.com



၏။

ထိပ်တင်ခွေသည် ခေါင်းကိုငုံ၍ ခပ်ကုပ်ကုပ်သွားလာကာ

"ဒီမိန်းမ ငါ့ကိုတွေ့သွားရင်တော့ ပြဿနာပဲ၊ အရှက်တော့ လုံးလုံးကွဲတော့မှာပဲ"

ဟု တွေးတောနေမိပြန်၏။

ထို့နောက် ထိပ်တင်ခွေက အတူတူမြေသယ်သည့် လူတစ်ယောက်ကိုကပ်၍

"အဲဒီမိန်းမနဲ့ ဟိုလူက ဘာတော်သလဲဗျ"

ဟု စပ်စုလိုက်ရာ ထိုသူက မျက်နှာမဲ့ပြီး

"ဘာတော်ရမှာလဲ၊ အဲဒီမျက်နှာပေါက်ဆိုးဆိုးနဲ့ကောင်က အင်္ဂလိပ်စစ်တပ်ကို အစားအသောက်တွေ ကန်ထရိုက်သွင်းပြီး ချမ်းသာနေတဲ့ကောင်ပဲ၊ အဲဒီကောင်က ငွေပေါတော့ မိန်းမတွေတစ်ယောက်ပြီးတစ်ယောက် ယူတယ်၊ အဲဒီမိန်းမကလည်း သူ့ရဲ့ နံပါတ်ဘယ်လောက်မြောက် မိန်းမလည်း မသိဘူး၊ ဒါပေမဲ့ ဒီကောင်က အဲဒီမိန်းမကို တော်တော်အရေးထားပုံရတယ်၊ ဒီအိမ်နဲ့ခြံဆိုဒီမိန်းမနဲ့ တစ်ပတ်ကိုတစ်ခါလာပြီး အပန်းဖြေတဲ့နေရာပဲ၊ အဲဒီမှာ အမျိုးသမီးက အိမ်ထဲမှာ ပို့ပြီးနေချင်စဖွယ်ဖြစ်အောင် ရေကန်ကလေး ဘာလေးလုပ်ပြီး ကြာပန်းတွေစိုက်ထားရရင် ကောင်းမှာပဲလို့ အကြံပေးလိုက်တာနဲ့ ဟိုတရုတ်ကြီးက ချက်ချင်းပဲ ရေကန်တူးဖို့ အလုပ်သမားခေါင်းနဲ့ ဆက်သွယ်တော့တာပဲ၊ ကဲ… မင်းဘာသိချင်သေးလဲဗျ"

ဟု ဆိုလေ၏။ ထိပ်တင်ခွေက လက်ကာပြမြီး

"ဘာ… ဘာမှမသိချင်တော့ပါဘူးဗျာ"

ဟု ပြောလိုက်ရ၏။

ထိပ်တင်ခွေသည် ပင်ပန်းမှုကြောင့် မျက်လုံးများပင် ပြာဝေလာ၏။







www.burmeseclassic.com

www.burmeseclassic.com



သူသည် မကြာခဏ အမောဖြေလေရာ အခြားအလုပ်သမားရများ၏ ပြုစုမှုကို ခံလာရ၏။

တစ်ကြိမ်တွင် မဟန်နိုင်တော့ဘဲ လဲပြိုသွားရာ မြေသယ်ခြင်းတခြား လူတခြား ဖြစ်သွားလေ၏။

အလုပ်သမားခေါင်းက ဒေါသတကြီးနှင့် ထလာပြီး ထိပ်တင်ဆွေကို

*"ကဲ… ကိုယ့်လူ၊ မင်းကို ငါကြည့်နေတာ သိပ်ဟန်ပုံမပေါ်ဘူး၊ အလုပ်လုပ်တာ (၂)နာရီ လောက်ပဲရှိသေးတယ်၊ မင်း ခံနိုင်ရည်မရှိတော့ဘူး"*

ဟု ဟိန်းဟောက်လေ၏။ ထိုအခါ မျက်နှာပေါက်ဆိုးဆိုးနှင့် လူကပါ ရောက်လာပြီး

*"မလုပ်နိုင်ရင်လည်း ခေါင်းနဲ့လေ၊ သူ့ကြောင့် အလုပ်ကြန့်ကြာနေမှာပေါ့"*

ဟု ပြောလေ၏။

မလှမ်းမကမ်းမှ ဟန်နီကျော်မြဟူသော မိန်းမလည်း လှမ်း





လာနေ၏။ ထိပ်တင်ဆွေမှာ ထိုအမျိုးသမီးသည် တစ်ချိန်တုန်းက မိမိကို ပါတီပွဲတစ်ခုတွင် ချည်းကပ်မြူဆွယ်ခဲ့ပုံကို ဖျတ်ခနဲ မြင်ယောင်မိ၏။

ထိုစဉ်က ထိပ်တင်ဆွေက သူမကို ပြတ်ပြတ်သားသားပင်

*"ငါ့အနေနဲ့ မင်းလိုမိန်းမကလေးကို စိတ်မဝင်စားဘူး"*

ဟု ငြင်းပယ်ခဲ့ဖူး၏။

ယခု ဟန်နီကျော်မြသာ မိမိကို မှတ်မိသွားလျှင် သရော်လှောင်ပြောင်ပေတော့မည်။ ထို့ကြောင့် ထိပ်တင်ဆွေသည် အားယူထကာ အလုပ်သမားခေါင်းကို

*"ဟုတ်တယ်၊ ကျုပ် ဒီလိုပင်ပန်းတာ မခံနိုင်တော့ဘူး၊ ဒီအလုပ်ကို ဆက်မလုပ်တော့ဘူး"*

ဟု ပြောပြီး ထိုနေရာမှ ချာခနဲလှည့်၍ ခေါင်းငိုက်စိုက်နှင့် ထွက်ခဲ့တော့၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးသည် မျောက်မီးခဲကိုင်မိသလို ဖြစ်နေ၏။ သူသည်

ဟိုပြေး သည်လွှားနှင့် ပျာယာခတ်ကာ လှည်းပျောက်ကို ရှာ

နေရ၏။

ဆန်စက်တစ်ဝင်းလုံး နှံ့နေချေပြီ။ သူ့ကိုကူညီပြီး လှည်း

ပျောက်ရှာဖွေပေးသော ရွာသားအချို့က

*"တွေတွေထူးထူး စဉ်းစားစရာတောင် မလို*

*ဘူးကွ၊ မင်း စေတနာတွေပိုပြီး လှည်းပေါ်တင်ခေါ်*





*လာတဲ့လူကြီး အလစ်သုတ်သွားတာပဲ"*

ဟု ပြောကြ၏။

ရွှေတိုးက ခေါင်းယမ်းပြီး

*"သူ့ပုံကြည့်ရတာ ဒီလိုလူမျိုးတော့ မဟုတ်*

*လောက်ဘူးလို့ ထင်ရတာပဲ"*

ဟု ဆိုလေရာ မြသီးက ဒေါသတကြီးနှင့်

*"ဟောကောင်… ဘာအူကြောင်ကြောင်လုပ်*

*နေတာလဲ၊ ဆင်ကြီးအကောင်လိုက်တွေ့နေတာ*

*တောင် ဆင်ခြေရာရှာချင်သေးလို့လား၊ မင်းတော့*

*ဒုက္ခတွေ့ပြီ၊ ခေါ်စိန့်ထွားကြီး ကပ်စေးနည်းပုံမျိုးနဲ့*

*လှည်းတွေ၊ နွားပွဲစားအပြင် စပါးတွေပါပျောက်တာ*

*သိလို့ကတော့ မိုးမီးလောင်ပြီသာမှတ်ပေတော့"*

ဟု ပြောလေ၏။ ဦးဘလှကလည်း ခေါင်းညိတ်ပြီး

*"ဟုတ်တယ်ကွ၊ ဒီလူ အဲဒီလိုလုပ်ချင်လို့*

*တို့လာမဲ့လမ်းက ကြိုစောင့်ပြီး ကြိုတင်စီစဉ်ထားတာ*



www.burmeseclassic.com

www.burmeseclassic.com



*ဖြစ်ရမယ်"*

ဟု ဆို၏လေ၏။

ရွှေတိုးက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး

*"ဘယ်သူပဲ ကျုပ်လှည်းကိုခိုးသွားပါစေ၊ ကျုပ်ကတော့ ပြန်တွေ့အောင်ရှာဖွေရမှာပဲ၊ ဒီသန် စက်ကနေ ထွက်တဲ့ထွက်ပေါက်တွေကို လိုက်ရမှာ ပဲ"*

ဟု ရေရွတ်လိုက်၏။

မြသီးက မေးစေ့ကို လက်နှင့်ပုတ်၍

*"လှည်းကို တခြားနေရာမောင်းမသွားဘဲ စပါးတွေကို တစ်နေရာရာမှ ချထားမယ်ကွာ၊ လှည်းကို အခွံကြီးပဲ ဒီအတိုင်းထိုးထားမယ်ကွာ၊ အဲဒီလှည်းခွံကို ရှုတ်တရက်တွေ့တောင် မှတ်မိဖို့ မလွယ်ဘူး၊ နွားတွေကိုလည်း ဒီအတိုင်း နဖားကြိုး ကဆွဲသွားပြီး အမဲပေါတဲ့လူတွေလက်ထဲအပ်လိုက်*





*ရင် ခဏကလေးနဲ့ လက်စပျောက်သွားမှာပဲ၊ မင်း ဘယ်လိုလုပ်စုံစမ်းရမှာလဲကွ"*

ဟု ပြောလေ၏။ ရွှေတိုးက မြသီးကိုကြည့်ပြီး

*"ဒါဆိုရင် ကျုပ်က ပုလိပ်ကို အကြောင်း ကြားရမှာလား"*

ဟု မေးမြန်းရာ ရွာသားတစ်ယောက်ကဝင်၍

*"ပုလိပ်က မင်းလိုအမှုမျိုးကို စိတ်ဝင်စားမှာ မဟုတ်ဘူး၊ စာအုပ်ထဲမှာ အမှုဖွင့်ပြီး ဒီအတိုင်း ထားလိုက်မယ်၊ အမှုကိုလိုက်စေချင်ရင် လာဘ် ထိုးရမှာပဲ၊ လှည်းတစ်စီးတိုက်လောက်ငွေကုန်တာ တောင် အမှုက ပေါ်ချင်မှပေါ်လိမ့်မယ်"*

ဟု ပြောပြန်၏။ ထိုအခါ ရွှေတိုးက

*"ဒါဆိုရင် ကျုပ်က လှည်းပြန်ရောက်လာတဲ့ အထိ ဒီအတိုင်းထိုင်နေရမှာလား၊ ကိုယ့်အား ကိုယ်ကိုးပြီး ရှာရမှာပဲ၊ လှည်းကို မတွေ့မခြင်း*



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ဒီကိုပြန်မလာဘူး၊ ဒီဆန်စက်တင်မဟုတ်ဘူး၊ ရွာကိုလည်း ပြန်လာဖို့ စိတ်မကူးတော့ဘူး၊ ကျုပ်အတွက် လှည်းကို မတွေ့တွေ့အောင် မြေလှန်ရှာရင် ရှာရပါစေဗျာ"

ဟု ဆိုလိုက်တော့၏။

ဦးဘလှက စိတ်မကောင်းဟန်နှင့် ရွှေတိုး၏အိတ်တွင်းသို့ ငွေစက္ကူတစ်ဆယ်တန်တစ်ရွက်ကို ထည့်ပြီး

"မမြလေးထည့်ပေးလိုက်တဲ့ငွေကိုတော့ ယူသွားဦးကွ၊ မင်းအတွက် လိုအပ်မှာပါ၊ ဟုတ်ပါတယ်ကွာ၊ ဒီပစ္စည်းတွေပျောက်ရင် ဆေါ်စိန်ထွားကြီးက မင်းကို အလျော်မပေးနိုင်လို့ဆိုပြီး ပုလိပ်လက်ထဲအပ်ဦးမယ်၊ အလွဲသုံးစားမှုနဲ့ ထောင်ချပစ်ဦးမယ်၊ ဒီမိန်းမကြီးက ငွေမျက်နှာကလွဲရင် ဘာမှမြင်တာမဟုတ်ဘူး၊ မင်းအနေနဲ့ ရွာကို လက်ရှည်းသက်သက်ပြန်လာရင်လည်း ဒုက္ခတွေ့မဲ့အတူတူ





လှည်းကိုမရရအောင်သာ စုံစမ်းရှာဖွေပေတော့"

ဟု မှာလေ၏။

ဤသို့ဖြင့် ရွှေတိုးသည် ဆန်စက်မှထွက်၍ အနီးပတ်ဝန်းကျင်တွင် နွားများ၏ပုံသဏ္ဌာန်ကိုပြောကာ စုံစမ်းလေ၏။

သို့သော် နွားလှည်းများ အဆက်မပြတ် ဝင်ထွက်သွားလာနေသော ထိုနေရာမျိုးတွင် သူ၏လှည်းနှင့်နွားများကို မည်သူကသတိမမူမိပါမည်နည်း။

ထို့အပြင် ထိုကဲ့သို့ ညကြီးအချိန်မတော်တွင် လူအားလုံးအိပ်စက်နေပြီဖြစ်ရာ စုံစမ်းရာတွင် မိုချွံခက်ခဲလှ၏။ နောက်ဆုံးတွင် ဆန်စက်ကိုမှီ၍ မိုးလင်းပေါက်ဖွင့်သော မုန့်ဟင်းခါးဆိုင်ကလေးမှနေ၍ မျှော်လင့်ချက်ရှိစေမည့် သတင်းတစ်ခုရလေ၏။

မုန့်ဟင်းခါးဆိုင်ရှင်မိန်းမကြီးက စုံစမ်းလာသူ ရွှေတိုးကို

"ဒီလိုမိုးစံမျိုးနဲ့ လှည်းနွားတွေကိုတော့ မှတ်မထားမိဘူး၊ အဲ... ရှည်ခဲ့တဲ့တစ်မှာရီလေးကတ်ကတော့ နွားတစ်ကောင်ကိုဆွဲပြီး ငါ့ဆိုင်က သောက်



www.burmeseclassic.com

www.burmeseclassic.com



ရေအိုးမှာ ရေလာသောက်သွားတဲ့လူကိုတော့ သတိ
ထားလိုက်မိတယ်"

ဟု ပြောလေ၏။ ရွှေတိုးသည် လှုပ်လှုပ်ရှားရှားဖြစ်ကာ

"ဪ... ဪဆိုရင် အဲဒီလူရဲ့ပုံသဏ္ဌာန်က
ဘယ်လိုလဲ၊ နွားကရော ဘယ်လိုအရောင်အသွေး
မျိုးလဲဗျ"

ဟု မေးမြန်းရာ ဆိုင်ရှင်မိန်းမကြီးက မျက်လုံးကိုမှေးစင်းပြီး

"အဲဒီလို သိသိကျွကျွတော့ မသိဘူး၊ လူပုံက
တော့ ခပ်စုတ်စုတ်ပါပဲ၊ အရက်နံ့ကတော့ အရက်
အိုးထဲ ပြုတ်ကျလာသလား မှတ်ရတယ်၊ ဖောင်
နေတာပဲ၊ နွားကလည်း သခင်နဲ့ သိပ်ပြီးမယှဉ်ပါဘူး
နဲ့တူပါရဲ့၊ ပေကပ်ကပ်လုပ်နေလို့ ရိုက်နှက်ပြီး
မောင်းလိုက် ကားလမ်းမကြီးရဲ့တစ်ဖက်ကိုကျော်ပြီး
လမ်းကြားထဲဝင်သွားတယ်၊ အဲဒီလမ်းက ဒီမြို့ကို
ဖြတ်ပြီးစီးနေတဲ့ ချောင်းကလေးကိုရောက်တယ်"





ဟု ဆိုလေ၏။

ရွှေတိုးသည် အချိန်မဆိုင်းဘဲ ဆန်စက်ရှေ့ဘက်ရှိ လမ်းမ
ကြီးကိုဖြတ်ကာ လမ်းကြားအတွင်း ဝင်ရောက်ခဲ့၏။

ထိုလမ်းကြားကလေးမှာ ကျဉ်းမြောင်းပြီး သစ်ပင်များ အုပ်
ဆိုင်းနေသော မြဝင်းကျယ်ကြီးနှစ်ခုကြားမှဖြတ်၍ ဖောက်လုပ်ထား
ခြင်းဖြစ်၏။

လမ်းမှာ များစွာမရှည်လျားဘဲ အဆုံးတွင် တဲအိမ်ကလေး
များ တစ်အိမ်စ၊ နှစ်အိမ်စရှိနေသော ချောင်းကမ်းစပ်သို့ ရောက်လာ
၏။

တဲအိမ်ကလေးများမှာလည်း မီးအလင်းရောင်ပျောက်၍
လူများ အိပ်နေဟန်ရှိ၏။ ချောင်းထဲတွင်မူ မီးအိမ်နီကလေးထွန်း၍
ပိုက်ချနေဟန်တူသော တံငါလှေတစ်စီးကို တွေ့ရ၏။

ထို့ကြောင့် ရွှေတိုးက ကမ်းစပ်မှနေ၍ တံငါသည်ကို လှမ်း
၍ အော်ဟစ်ကာ

"ဗျို့... တံငါသည်ကြီး၊ လှမ်းခဲ့တဲ့တစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ဒီဘက်ကို နွားဆွဲလာတဲ့လူတစ်ယောက် လာတာ မြင်မိသလား"

ဟု မေးမြန်းလိုက်ရာ လှေကလေးထဲမှ အဘိုးအိုတစ်ယောက်က

"မြင်တယ်ဟေ့၊ ချောင်းအတိုင်းယှဉ်ပြီး ဖောက်ထားတဲ့လမ်းကို လိုက်သွားတော့၊ ဒီလူက ဘာတွေများ အရေးကြီးနေသလဲ မသိဘူး၊ နွားက ရေသောက်ချင်လို့နဲ့တူပါရဲ့၊ ကမ်းစပ်ကို ဆွဲချနေတာတောင် ရေကလေးတစ်ပေါက်သောက် တိုက်မသွားဘူး"

ဟု အဖြေပေးလေ၏။ ရွှေတိုးက အားတက်ကာ

"အဲဒီလမ်းက ချောင်းအထက်ပိုင်းကို သွားတာ မဟုတ်လား၊ ဘယ်အထိပေါက်သလဲဗျ"

ဟုမေးမြန်းပြန်ရာ တံငါသည်ကြီးက

"လမ်းအတိုင်း လိုက်သွားပါကွာ၊ လမ်းဆုံး



BURMESE CLASSIC .com



ရင် ချောင်းကူးတံတားတစ်ခု တွေ့လိမ့်မယ်၊ အဲဒီ တံတားကလည်း မီးရထားဖြတ်သွားဖို့ လုပ်ထားတဲ့တံတားပဲ"

ဟုအဖြေပေးပြန်၏။

ဤသို့ ရွှေတိုးလည်း တံငါသည်ကြီး ညွှန်ပြရာလမ်းအတိုင်း လိုက်ရပြန်၏။ လမ်းခရီးမကျွမ်းကျင်သော်လည်း ကောင်းကင်တွင် လကလင်းလက်နေ၍ သွားနိုင်လာရေး အဆင်ပြေလှ၏။

ရွှေတိုးသည် မီးရထားလမ်းကူးတံတားမှနေ၍ ချောင်းကို ဖြတ်ကူးကာ တစ်ဖက်ရှိ ရထားလမ်းထက်တွင် ခြေချမိ၏။ ထို အခါမှပင် မည်သည့်လမ်းသို့ လိုက်ရမည်မသိ ဖြစ်သွား၏။

မီးရထားသံလမ်းအတိုင်း ဆက်၍သွားလျှင် အနီးမှအလံတိုင်ကို ကြည့်ရခြင်းအားဖြင့် မီးရထားဘူတာရုံသို့ ရောက်နိုင်ကြောင်း သိရ၏။

ရထားလမ်းက ကွေ့ကောက်သွားသောကြောင့် ဘူတာရုံကိုမူ မမြင်တွေ့ရချေ။ ထိုမှနေ၍ သံလမ်းတစ်ဖက်သို့ကူးလျှင်

www.burmeseclassic.com



လည်း လယ်ကွင်းများကြားမှ ဖြတ်၍ဖောက်ထားသော မြေလမ်း တစ်ခုကို တွေ့ရပြန်၏။

လယ်ကွင်း၏အဆုံးတွင် သစ်ပင်အုပ်အုပ်နှင့်ရွာကလေးကို မြင်တွေ့ရ၏။ ရွှေတိုးသည် ပတ်ဝန်းကျင်ကို လေ့လာကာ မြေလမ်းအတိုင်းသွားရန် ရွေးချယ်လိုက်၏။

မြေလမ်း၏တစ်နေရာတွင် လတ်လတ်ဆတ်ဆတ်ကြီးရှိနေသေးသော နွားချေးပုံကို မြင်တွေ့ရသောကြောင့်ဖြစ်၏။

မြေလမ်းအတိုင်း သွားလာပြီးလျှင် သစ်ပင်အုပ်အုပ်နှင့် ရွာကလေးကို နေရာမှာ သချိုင်းတစ်ခုဖြစ်နေကြောင်းသိရ၏။

ရွှေတိုးက တွန့်ခနဲဖြစ်ပြီးမှ အားတင်းကာ

*"လိုက်မဲ့လိုက် အဆုံးထိလိုက်ရတော့မှာပဲ၊*

*သချိုင်းမကလို့ ငရဲတွင်းပဲဖြစ်ဖြစ် ငါ့အတွက်*

*လှည်းနွားတွေ ပြန်ရဖို့က ပိုအရေးကြီးတယ်"*

ဟုရေရွတ်မိ၏။

ထိုအခိုက် မလှမ်းမကမ်းမှ ကြွက်တွန်သံကိုကြားရကာ





သချိုင်း၏ တစ်ဖက်ဆီမှလည်း အခြားကြွက်တစ်ကောင်၏တွန်ကျူးသံကို ကြားရပြန်၏။

ရွှေတိုးသည် ထိုကြွက်တွန်သံကို သန်းခေါင်ကြွက်တွန်သံ ဟုသာ ထင်မှတ်မိ၏။ သို့သော် ထိုအသံသည် တစ်ဦးကိုတစ်ဦး အချက်ပေးလိုက်သည့် လူတို့ပြုလုပ်သောအသံဖြစ်ကြောင်း မကြာမီ သိရှိရလေတော့၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ခွေ၏စိတ်သည် မြေကြီးအောက် ယူဇနာတစ်ရာ ထိအောင် ကျဆင်းနေ၏။

ထို့အတူ ရုပ်သွင်ပြင်ကလည်း ညစ်ထေး စုတ်ချာကာ ကူလီတစ်ယောက်နှင့်မခြား ရှိနေ၏။

သူ့ကို ယခုအချိန်တွင် သီပေါင်းကျွမ်းပေါင်းများက မြင်တွေ့လျှင်မှ မည်သူမျှ ထိပ်တင်ခွေဟူသော ကိုယ်တော်လေးဟု မှတ်မိသိရှိကြမည်မဟုတ်ပေ။





သူသည် ခြေဦးတည့်ရာသွားလာရင်း နှုတ်ဖျားမှ

"ငါ ဘယ်သွားရမှာလဲ၊ ဒီညအတွက် ငါ ဘယ်မှာ အိပ်စက်ရပါ့မလဲ၊ အို... ဒီညအတွက် တင်မဟုတ်ဘူး၊ နောက်နေ့တွေအတွက် နောက်အချိန်တွေအတွက် ဘယ်မှာခိုနားရမလဲ၊ အရင်က တော့ စိတ်ထင်ရာတွေ ပျော်စရာနေရာတွေကို လှည့်ပတ်သွားလာပြီး အိမ်ပြန်ရောက်ရင် အခြွေအရံတွေက အသင့်ကြိုဆိုပြီး ငါ့ကို လိုလေသေးမရှိ ပြုစုကြတယ်၊ မယ်တော်ကြီးကလည်း အငြိုအငြင်မရှိဘဲ ငါ့ရဲ့ စိတ်ချမ်းသာမှုအပြည့်ရအောင် ဂရုစိုက်တယ်၊ လိုတာရ ပြည့်စုံတဲ့ဘဝဆိုတာ ဒါမျိုးပဲ၊ အခုတော့ ငါမှာ အရာအားလုံးလိုအပ်နေတယ်၊ ကားတစီစီနဲ့ သွားလာနေတဲ့ဘဝကနေ ခုံဖိနပ်အမြီးပြတ်ကိုစီး ငွေမရှိ၊ ဂုဏ်မရှိ၊ ခိုနားစရာမရှိတဲ့ဘဝ ကိုရောက်နေပြီ၊ ဒီလောကကြီးမှာ ငါ့လောက်အပြ



www.burmeseclassic.com

www.burmeseclassic.com



*ဆိုးတဲ့သူ ရှိတော့မှမဟုတ်ဘူး"*

ဟုရေရွတ်နေလေ၏။

သူ၏ပါးပြင်သို့လည်း မှုန်နွေးသော မျက်ရည်တို့စီးဆင်းလာ၏။

ထို့နောက် ထိပ်တင်ခွေသည် လမ်းနဘေး ရေချမ်းစင်မှ ရေကိုသောက်၍ ထိုနေရာ၌ ခြေပစ်လက်ပစ်ထိုင်ကာ အားငယ်ဝမ်းနည်းမှုတို့ကြောင့် ရှိုက်ကြီးတငင်င် ငိုကြွေးနေလေတော့၏။

လမ်းမထက်တွင် အမှောင်ရိပ်က ကြီးစိုးပြီး လူသွားလူလာ ပြတ်လေရာ ထိပ်တင်ခွေသည် အသံထွက်၍ပင် အားပါးတရ ငိုကြွေးနေလေ၏။

◆◆◆





အချိန်မည်မျှကြာသည် မသိချေ။ သူ၏နောက်ဘက်မှ တခစ်ခစ်နှင့် ရယ်မောသံထွက်လာကာ

*"ခစ် ခစ် ခစ်… ရှုတ်စရာကောင်းလိုက်တာ၊ ယောက်ျားရင့်မာကြီးဖြစ်ပြီး ငိုကြီးချက်မဖြစ်နေလိုက်တာ၊ ဘုန်းကြီးပျံမှာ ငယ်ကျူးတဲ့လူလားမှတ်ရတယ်"*

ဟု ပြောဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ဆွေသည် ငိုကြွေးနေရာမှ ရုတ်ခြည်းရပ်တန့်၍ တွန့်ခနဲဖြစ်သွား၏။ ငိုကြွေးခြင်းကို လူသိသွားသည့်အတွက်လည်း ရှက်ရွံ့စိတ် ဖြစ်ပေါ်သွား၏။

၄င်းက နောက်သို့ဆတ်ခနဲလှည့်ပြီး ရှက်ရမ်းရမ်းကာ လေသံမာမာနှင့်

*"ဘယ်သူလဲ၊ ဘာ... ဘာဖြစ်လို့ ကျုပ်ငိုကြွေးနေတာကို ချောင်းနားထောင်နေရတာလဲ"*

ဟု မေးမြန်းလိုက်၏။

ရေချမ်းစင်နောက်ဘက်တွင် လူရိပ်တစ်ရိပ်က လဲလျောင်းနေ၏။ ထိပ်တင်ဆွေ၏စကားဆုံးလျှင် လူရိပ်က ဆတ်ခနဲထ၍ ထိုင်ကာ လက်ညှိုးပေါက်ပေါက်ထိုးပြီး

*"တယ်... ဒီဘကောင်သား လူမိုက်၊ ငါ့ရဲ့ နတ်ဘုံနတ်နန်းမှာလာပြီး ငိုကြွေးနေတာတောင် ဒင်းက ပြန်ပြီး သူ့ခိုးက လူကိုဟစ်နေသေးတယ်၊ ငါ့ရဲ့ ဇရစိန်လက်နက်နဲ့ တစ်ချက်တည်း အသက်ထွက်*





*သွားအောင် ပစ်ခွင်းလိုက်မယ်၊ လာလေရော"*

ဟု ကြိမ်းဝါးသံနှင့်အတူ သစ်ကိုင်းခြောက်တစ်ခုကပါ ထိပ်တင်ဆွေထံ လွင့်ပျံလာ၏။

ထိပ်တင်ဆွေက ထိတ်လန့်တကြားနှင့် သစ်ကိုင်းခြောက်ကို ရှောင်တိမ်းကာ

*"အရူးမပါလား၊ ငါလိုလူမျိုးကိုများ သူက သစ်ကိုင်းနဲ့ပေါက်သေးတယ်၊ လှပ်လိုက်ရရင် သေတော့မယ်"*

ဟု ဒေါသတကြီး ရေရွတ်လိုက်၏။

အမှန်ပင် ရေချမ်းစင်နောက်တွင် ဆံပင်ဖားလျားချထားသော မိန်းမသည် ထိပ်တင်ဆွေနှင့် သက်တူရွယ်တူခန့်သာရှိမည့် အရူးမ တစ်ယောက်သာ ဖြစ်၏။

အရူးမက ထိပ်တင်ဆွေ၏ပြောဆိုမှုကြောင့် အနီးသို့ လွှားခနဲ ရောက်ရှိလာပြီး

*"ဒီဝမိုက်သား... ပြောလေကဲလေပါလား၊*



www.burmeseclassic.com

www.burmeseclassic.com



ငါ့လို ရှက္ခစိုးမင်းသမီးကို မခန့်လေးစားလုပ်ရင် ဘာဖြစ်သွားမယ် ထင်သလဲ၊ ငါ့ရှေ့တော်မှောက်က အမြန်ထွက်သွားရင် သက်သာရာရမယ်၊ ထွက်သွားစမ်းဟေ့"

ဟု နှင်ထုတ်လေ၏။

ထိပ်တင်ဆွေသည် စိတ်ရှုပ်ထွေးနေရာ အရူးမနှင့် စကားဖက်ပြိုင်ပြောနေရသည်ဟု မေ့လျော့၍ ဆင်ခြင်တုံတရားကင်းလွတ်ပြီး

"နင်ကများ ငါ့ကို နှင်ထုတ်ရသေးတယ်"

ဟု ဒေါသတကြီးနှင့် ရိုက်နှက်ရန်ပြင်၏။ ထိုအခါ အရူးမက ဦးစွာပင် အော်ကြီးဟစ်ကျယ်နှင့်

"ကယ်ကြပါဦးတော်၊ ကယ်ကြပါဦး၊ ကျုပ်ကို သတ်မလို့တဲ့တော်ရေ"

ဟု အသံကုန်ဟစ်အော်နေတော့၏။

တိတ်ဆိတ်သောအချိန်တွင် အရူးမ၏အသံက ဘဝဂ်တိုင်





မြည်ဟီးသွားသည်ဟု ထင်မှတ်ရ၏။

ထိပ်တင်ဆွေသည် အရူးမကို ရိုက်နှက်ဟန်ပြင်ပြီးမှ တွန့်ခဲ့ဖြစ်ကာ

"ဟေ့ ဟေ့... အရူးမ၊ နင့်ကို ငါ မရိုက်ပါဘူး၊ တိတ်ပါတော့"

ဟု ဆို၍ အရူးမ၏ပါးစပ်ကို လက်နှင့်ပိတ်၍ အသံတိတ်စေရန် ကြိုးစား၏။ ထိုအခါမှပင် အရူးမက ရုန်းဖယ်ပြီး

"ကယ်ကြပါဦးတော်၊ ကျုပ်လည်ပင်းကို ညှစ်နေတာ သေပါတော့မယ်"

ဟု အော်ဟစ်ပြန်၏။

အရူးမ၏အော်ဟစ်သံကို ကြားလျှင်ကြားခြင်းပင် အနီးဆုံးရှိနေသည့် နွားမွေးမြူရေးခြံတစ်ခုမှ အလုပ်သမားအချို့ ပြေးထွက်လာကြ၏။

သူတို့သည် ထိုရေချမ်းစင်ကလေးနောက်တွင် အရူးမ အိပ်စက်တတ်သည်ကို သိရှိထားပြီး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အရှးမကို တစ်စုံတစ်ယောက်က အနိုင်အထက် ပြုကျင့်နေသည်ဟု ထင်မှတ်ပြီး ပြေးလွှားလာကြရင်း လူကြီး တစ်ယောက်က

"ဟောကောင် ဘာလုပ်တာလဲ၊ စိတ်ရောဂါ သည် မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့ အနိုင်ကျင့်တာလဲကွ"

ဟု အော်ဟစ်ဟန့်တား၏။

ထိပ်တင်ဆွေသည် ထိုလူစုကိုမြင်လျှင် ထိတ်လန့်ကာ

"ဟိုက်… ငါတော့ နေရင်းထိုင်ရင်း ဒုက္ခ တွေ့ပြီ၊ ဒီလူတွေလက်ထဲရောက်သွားရင် ဘာမှ ရှင်းမပြရသေးခင် အရိုးတခြား၊ အသားတခြား ဖြစ်သွားနိုင်တယ်"

ဟု တွေးမိ၏။

ထို့ကြောင့် သူသည် တွေဝေမနေအားဘဲ ထိုနေရာမှ ဝေး ရာသို့ ပြေးထွက်ရန်ပြင်လိုက်၏။





အရှးမက ထိပ်တင်ဆွေ၏လက်ကို ဆတ်ခနဲဖမ်းဆုပ်ပြီး

"မပြေးနဲ့၊ သခင်မကို ဒီလိုထားပြီး ထွက် ပြေးလို့ ရရိုးလား"

ဟု ပြောကာ ဆွဲ၍ထားလေ၏။ ထိပ်တင်ဆွေက အားကုန် ရုန်းကန်ထွက်ပြီး

"မပြေးရင်သေမှာပေါ့ အရှးမရဲ့"

ဟု အော်ဟစ်ကာ ဖနှောင့်နှင့်တင်ပါး တစ်သားတည်းကျ အောင် ပြေးလွှားလေတော့၏။ ထိုအခါ အရှးမကလည်း ထက်ကြပ် မကွာ လိုက်ပါလာသလို လူစုကလည်း ညာသံပေးရင် လိုက်ပါလာ ၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ဆွေသည် ပြေးလွှားရင်း ခေါင်းတွင် ပူခနဲဖြစ်ကာ နောက်မှပစ်ခတ်လိုက်သည့် ခဲတစ်လုံးက ခေါင်းကိုထိမှန်သွားပြီဟု သိလိုက်ရ၏။

ချက်ချင်းပင် ဒဏ်ရာမှသွေးတို့ စီးကျလာသည်ကိုလည်း ခံစားမိကာ မူးမိုက်၍ လဲပြိုမတတ်ဖြစ်သွား၏။

သို့သော် ရပ်တန့်မနေအားဘဲ အားကုန်ပြေးလွှားရင်း လမ်းကွေ့တစ်ခုသို့ရောက်လာ၏။ ရှေ့တွင် လမ်းကိုဖြတ်၍ဖောက်ဝင်ထား သော မြောင်းကူးတံတားတစ်ခုရှိ၏။





တံတားအနီးသို့ရောက်လျှင် ထိပ်တင်ဆွေသည် မဟန်နိုင် တော့ဘဲ လဲပြိုပြီး လမ်းနဘေးသို့ တလိမ့်ခေါက်ကွေး လိမ့်ဆင်း သွား၏။

သူသည် သတိကင်းလွတ်ခြင်းမရှိသောကြောင့် ကြိုးရုန်း၍ သော ရေများခမ်းခြောက်ပြီး အတန်ငယ်ကျယ်ဝန်းသော လမ်း အောက် မြောင်းပေါက်ကြီးအတွင်းသို့ဝင်၍ ပုန်းခိုလိုက်လေ၏။

သူ့တွင် ဆက်လက်ပြေးလွှားရန် အင်အားမရှိတော့ချေ။ ဒဏ်ရာမှသွေးတို့ကြောင့် ဦးခေါင်းတစ်ခုလုံး ခြင်းခြင်းနီးနေချေပြီ။

မကြာမီ လမ်းမထက်မှ အရှူးမအပါအဝင် နောက်မှလိုက်ပါ သော လူစု၏ ပြေးလွှားလာသံများကိုကြားရပြီး သူရှိရာနေရာကို ကျော်ဖြတ်သွားကြ၏။

ထိပ်တင်ဆွေသည် မြောင်းပေါက်ထဲတွင် လဲလျောင်းရင်း ကာထိတ်ထိတ်နှင့် အသက်ကိုပင် ရဲရဲမရှူရဲအောင်ရှိနေကာ

*"ငါ့ဘဝတော့ ဒီမှာဆုံးပြီထင်တယ်"*

ဟု ရေရွတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှလိုက်လာသောလူစုမှာ ထိပ်တင်ခွေကို မျက်ခြေပြတ်သွားသောကြောင့် မကျေမနပ်နှင့် နောက်ကြောင်းပြန်လှည့်လာကြ၏။ အရွးမပါ သူတို့နှင့်အတူ ပြန်လည်လိုက်ပါလာ၏။

လူတစ်ယောက်က ပြစ်ပြစ်နှစ်နှစ်ဆဲဆိုပြီး

"ဒီကောင်တော့ကွာ၊ မိလိုက်ရင်တော့ အသေပဲ၊ ဒီအရွးမလေးကို သနားလို့ ဒီအနီးအနားကလူတွေက တတ်နိုင်သလောက် ဝိုင်းပြီးစောင့်ရှောက်နေတာတောင် ဒီလိုအဖြစ်မျိုး ကြုံရတယ်၊ ဒီကောင်ဟာ လူဆိုးတစ်ယောက်ပဲဖြစ်ရမယ်၊ တို့ဆီက ယောက်ျားတွေဆိုရင် အရွးမလေးကို ဒီလိုကြံစည်မှာမဟုတ်ဘူး"

ဟု ပြောဆိုလေ၏။ ထိုအခါ အခြားတစ်ယောက်က

"ဘယ်လိုလုပ်ကြံစည်မလဲကွ၊ သနားလို့ အစားအသောက်တွေလည်း ဝိုင်းကျွေးကြတာပဲ၊ သူနေချင်တယ်ဆိုရင် အိမ်တိုင်းက လက်ခံတာပဲ





မဟုတ်လား၊ သူမှ မနေတာ၊ စိတ်ရောဂါသည်ဆိုတော့လည်း ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ဖို့လုံခြုံဖို့တွေ ဘယ်သိပါ့မလဲ၊ ဒီကောင်တော့ ငါတို့နဲ့တွေ့ပြီး ကြောက်လန့်သွားလောက်ပါပြီ"

ဟုပြောပြန်၏။

ထိပ်တင်ခွေသည် ထိုသူများ တဖြည်းဖြည်းဝေးကွာသွားမှ သက်ပြင်းချမိ၏။ ထို့အတူ တင်းထားသမျှ စိတ်ကိုလည်းလျှော့ချလိုက်၏။

ထိုအခါ ဒဏ်ရာနှင့်တကွ ပင်ပန်းမှုတို့ကြောင့် လဲလျောင်းနေရင်းပင် မျက်ခနဲ သတိကင်းလွတ်သွားတော့၏။

ထိပ်တင်ခွေသည် အတန်ကြာလျှင် နှုတ်ခမ်းမှစီးဝင်လာသည့် အေးမြသောရေကြောင့် သတိပြန်လည်လာ၏။ သူသည် မြောင်းပေါက်ထဲတွင်ပင် ရှိသေး၏။

ထို့အတူ သူ့အပေါ်မှ အုပ်မိုးပြီး လက်ကိုင်ရိုးရှည်တင် အုန်းမှုတ်ခွက်ကလေးမှ ရေကိုတိုက်နေသော ဆံပင်ဖားလျားနှင့်



www.burmeseclassic.com

www.burmeseclassic.com



အရူးမကိုလည်း တွေ့လိုက်ရ၏။

ထိပ်တင်ဆွေသည် မျက်လုံးဖွင့်လိုက်လျှင်ပင် မီးအလင်းရောင်နှင့် အရူးမကိုတွေ့လေရာ မျက်လုံးက ပိုမိုပြူးကျယ်ပြီး

*"မင်း... မင်း ဒီကိုရောက်လာပြန်ပြီ"*

ဟု အော်ဟစ်လိုက်မိ၏။

အရူးမက ခစ်ခနဲရယ်ပြီး လက်တစ်ဖက်မှ ဓါးလီးမုန့်ကို ထိပ်တင်ဆွေ၏ပါးစပ်အတွင်းသို့ ဆတ်ခနဲ ထိုးထည့်ကာ

*"သခင်မကို ဒီလိုရှောင်ပြေးလို့ လွတ်ရိုးလား၊ အခုအချိန်ကစပြီး မောင်မင်းဟာ သခင်မရဲ့ ငယ်ကျွန်ကြီးဖြစ်သွားပြီ၊ ဟောဒီမုန့်ကို ပွဲတော်တည်လိုက်စမ်း"*

ဟု အမိန့်ပေးဟန်နှင့် ပြောလေ၏။

ထိပ်တင်ဆွေသည် ပါးစပ်တွင်းသို့ရောက်ရှိလာသော မုန့်ကို ရွံရှာဟန်နှင့် ထွေးထုတ်ရန်ပြင်ပြီးမှ မုန့်၏မွှေးပျံ့သောရနံ့ကိုရကာ ကိုက်ဝါးလိုက်မိ၏။





ထိုအခါ မုန့်၏ကောင်းမွန်သောအရသာကို သိရှိပြီး အလိုအလျောက်ပင် စားသောက်လိုက်မိ၏။ သူ၏ဝမ်းဗိုက်ထဲမှလည်း ဆွန်စွာဆာလောင်နေသည် မဟုတ်ပါလား။

အရူးမက ထိပ်တင်ဆွေ၏အဖြစ်ကိုကြည့်ပြီး သဘောကျဟန်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ လက်ကျန်မုန့်ကို ထပ်မံကျွေး၍

*"သခင်မအပါးက ထွက်ပြေးဖို့မစဉ်းစားနဲ့တော့၊ သခင်မရဲ့ရောင်းရင်းတွေကို အော်ခေါ်လိုက်ရင် မောင်မင်းကိုဖမ်းပြီး နှိပ်စက်ကြလိမ့်မယ်"*

ဟု ပြောလေ၏။

ထိပ်တင်ဆွေသည် မျက်လုံးကိုမှိတ်၍ ငြိမ်သက်ကာ

*"ငါတော့ သေသွားတာမှ ကောင်းလိမ့်မယ်၊ ဒီအရူးမလက်ထဲမှ ရေတိမ်နစ်တော့မယ် ထင်တယ်"*

ဟု ရေရွတ်လိုက်တော့၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးသည် လှည်းပျောက်ကိုရှာဖွေရင်း သဲလွန်စရရာမှ သချိုင်းတစ်ခုအတွင်း ရောက်ရှိလာ၏။

ထိုအခါ တောကြက်တွန်သံကဲ့သို့အသံမျိုးကို ကြားရလေရာ အမှုမဲ့ပင် သန်းခေါင်ကြက်တွန်သည်ဟု ထင်မှတ်မိကာ ဆက်လက်သွားလာလေ၏။

သချိုင်းတွင်းရှိ မြို့ပျက်လူဖြစ်သော ဇရပ်အနီးသို့ရောက်လျှင် လူတစ်ယောက်က ဘွားခနဲပေါ်လာပြီး ရွှေတိုး၏မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ





*"ဟောကောင်… မင်း ဘယ်သူလဲ၊ ဒီကို ဘာလာလုပ်တာလဲ"*

ဟု မေးမြန်းလေ၏။

ရွှေတိုးသည် ရုတ်တရက် ကြောင်ငေးသွားပြီး အလင်းရောင်စူးစူးကို လက်ဖြင့်ကွယ်ကာ အမှန်အတိုင်းပင်

*"ကျုပ် လှည်းတွေ၊ နွားတွေပျောက်လို့ လိုက်ရှာတာပါ၊ ခင်ဗျားက သချိုင်းစောင့်လား"*

ဟု ပြန်၍မေးမြန်းလိုက်၏။

ထိုသူက လှုပ်လှုပ်ရှားရှားဖြစ်ပြီး လေသံတင်းမာစွာနှင့်

*"ဒီမှာ ဘာလှည်းတွေ၊ နွားတွေမှမရှိဘူး၊ မင်း နောက်ကြောင်းကို ချက်ချင်းပြန်လှည့်သွားပေတော့"*

ဟု ဟိန်းဟောက်ပြောဆိုလေရာ ရွှေတိုးက ဝို၍ သက်ာမကင်းဖြစ်ကာ

*"ဘာပဲဖြစ်ဖြစ် ကျုပ်ပစ္စည်းတွေပြန်တော့*



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေရဦးမှာပဲ၊ ဒီသချိုင်းထဲကို နွားတစ်ကောင်ဆွဲပြီး လူတစ်ယောက်ဝင်လာနိုင်တယ်လို့ ကျုပ် ခြေရာခံမိထားတယ်၊ ခင်ဗျားသာ သချိုင်းစောင့်ဆိုရင် ကျုပ်ကို စာနာပြီး အကူအညီပေးရဦးမယ်"

ဟု ပြောလိုက်၏။

ထိုအခိုက် ဇရပ်၏နောက်ဘက်ရှိ ဝါးရုံအကွယ်မှ နွားတစ်ကောင်၏အသံက ခပ်အုပ်အုပ်ထွက်ပေါ်လာ၏။ ရွှေတိုးက ထိုအသံကြောင့် ရုတ်ခြည်းပင် သဘောပေါက်ကာ လက်နှိပ်ဓါတ်မီး သမားထံ ပြေးဝင်ပြီး

"ကျုပ်နွားကို ဝါးရုံနောက်မှာ ဖွက်ထားတာပဲ ဖြစ်ရမယ်၊ ခင်ဗျား နွားသူခိုးပဲ"

ဟု အော်ဟစ်၍ တိုက်ခိုက်လေ၏။

လက်နှိပ်ဓာတ်မီးနှင့်လူက ရွှေတိုး၏လက်သီးချက်ကို ရှောင်တိမ်းရင်း နောက်သို့လှည့်၍

"ဟေ့ကောင်တွေ လာကြစမ်း၊ မင်းပတွေး





က ဒီအထိတောင် လိုက်လာပြီ"

ဟု အော်ဟစ်လေ၏။

ထိုအခါ ဝါးရုံနောက်ကွယ်မှ လူနှစ်ယောက် ပြေးထွက်လာပြီး တစ်ယောက်က

"ကြက်တွန်သံနဲ့ အချက်ပေးတာကြားကတည်းက တစ်နေရာကိုရှောင်ဖို့ပြောတာ မင်းတို့နားမထောင်ဘဲ၊ အဲဒီကင်းစောင့်ခိုင်းတဲ့ကောင်က ရော ဘယ်ရောက်နေသလဲ"

ဟု မေးမြန်း၏။

ထိုအခါ သချိုင်းအစပ် သစ်ပင်ထက်မှ လူတစ်ယောက်က ကသောကမျော ဆင်းသက်လာကာ

"ရှိတယ်ဟေ့၊ မထူးတော့ဘူး၊ အဲဒီကောင်ကို ပါ လက်စဖျောက်ပစ်လိုက်ပေတော့"

ဟု ဆိုလေရာ ရွှေတိုးသည် ရင်ဆိုင်လိုက်ရသည့် လူအင်အားကြောင့် မျက်လုံးပြူးကျယ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူများမှာ နွားသူခိုးများဖြစ်နေချေပြီ။ လူအင်အားက လေးယောက်တိတိရှိ၏။ ရွှေတိုးသည် လောလောဆယ် နီးကပ်နေသော လက်နှိပ်ဓာတ်မီးနှင့်လူကိုဖိ၍ ကန်ကျောက်တိုက်ခိုက်လေရာ ထိုသူမှာ လူတခြား လက်နှိပ်ဓာတ်မီးတခြား ဖြစ်သွား၏။

ထိုအခါ သူ့ထံသို့ ရန်သူက ရှေ့နှစ်ယောက်၊ နောက်တစ်ယောက် ညှပ်၍ တစ်ပြိုင်နက်တည်း တိုးဝင်လာလေ၏။

ရွှေတိုးသည် အံကြိတ်ပြီး သချိုင်းမှတ်တိုင်တစ်ခုကိုဆွဲ၍ နုတ်ယူလိုက်၏။ လရောင်အလင်းနှင့် ရန်သူကို ကောင်းစွာမြင်တွေ့၍သာ တော်သေး၏။

သို့သော် ထိုသူများမှာ လက်ရဲဇက်ရဲနိုင်၏။ တိုက်ခိုက်သတ်ပုတ်ခြင်းနှင့် ယဉ်ပါးနေသူများဖြစ်ဟန်တူ၏။

သူတို့သည် ရွှေတိုးကို ထွက်ပေါက်မရှိအောင် ဝိုင်းဝန်းတိုက်ခိုက်ကြ၏။ ဦးစွာ ရွှေတိုး၏လက်ချက်ကို မိသွားသူကလည်း ပြန်ထကာ တိုက်ပွဲအတွင်း ရောက်ရှိလာ၏။

ရွှေတိုးသည် ရွာတွင် ကိုယ်ခံပညာကို အခြားလူငယ်လူရွယ်





များနည်းတူ လေ့ကျင့်သင်ကြားခဲ့ဖူး၏။

တစ်ခါတစ်ရံ ရန်ပွဲများ ဆင်နွှဲခဲ့ဖူးသော်လည်း ထိုကဲ့သို့ လူကြမ်းလူရမ်းကြီးများနှင့် အသက်လုကာ တိုက်ခိုက်ခဲ့ဖူးခြင်း မရှိချေ။

မကြာမီ ရွှေတိုးမှာ မြေခွေးအုပ်အလယ်ရောက်လာသော ယုန်တစ်ကောင်လို ဖြစ်သွား၏။

သူသည် နွားသူခိုးများ၏ တစ်ယောက်တစ်လှည့် လက်စွမ်းပြခြင်းကို မရှုမလှခံရပြီး မြေပြင်သို့ မိုင်းခနဲလဲကျကာ သတိကင်းလွတ်သွားတော့၏။

ထိုအခါ နွားသူခိုးတစ်ယောက်က

*"ဒီကောင့်ကို ဘယ်လိုလုပ်မလဲ၊ သတ်ပြီး ချောင်းထဲမျှောလိုက်ရမှာလား"*

ဟု ဆိုလေရာ အခြားတစ်ယောက်က

*"လူသတ်မှုပေါ်တော့မှ အားလုံး ကြိုးစင်တက်နေရမယ်၊ သတ်လို့တော့မဖြစ်ဘူး"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

အခြားတစ်ယောက်က မကျေမနပ်နှင့် ရွှေတိုး၏နံကြားကို ဗိုင်းခနဲကန်ကာ

*"ဒီကောင့်ကိုလွှတ်ပေးလိုက်တော့မှ ငါတို့အားလုံး ထောင်ထဲရောက်ကုန်မယ်"*

ဟု ဆိုလိုက်ရာ အခြားတစ်ယောက်က လက်ဆောင်ပြီး

*"နေကြစမ်းပါဦးကွာ၊ မလောပါနဲ့၊ သူ့ကို ငါတို့သတ်လို့မဖြစ်ဘူးဆိုတာလည်း မှန်တယ်၊ လွှတ်ပေးလို့မဖြစ်ဘူးဆိုတာလည်း မှန်တယ်၊ ဒီတော့ တို့လည်း အလုပ်ဆက်လုပ်လို့ရအောင် ဒီကောင့်ပြဿနာလည်း စိတ်အေးရအောင် ငါ အကြံတစ်ခုရတယ်ဟ"*

ဟု ပြောလေ၏။

အချိန်အတန်ကြာလျှင် ရွှေတိုးသည် ထိုသူများ၏ကောင်းမှုနှင့် သတိကင်းလွတ်နေရင်း မီးရထားသံလမ်းထက်သို့ ရောက်





လာ၏။

သူ့ခန္ဓာကိုယ်က သံလမ်းနှစ်ခုပေါ်တွင် ကန့်လန့်ဖြတ်တင်နေ၏။

နွားသူခိုးများကမူ

*"သန်းခေါင်ကျော်မှာ ကုန်ရထားတစ်စီးသွားတတ်တယ် မဟုတ်လား၊ အဲဒီတော့ ဒီကောင်လည်း သူ့စရိတ်နဲ့သူသွားပြီပေါ့ကွာ၊ မီးရထားကြိတ်လို့ သေသွားတဲ့မသာအတွက် ငါတို့ အမှုပတ်စရာ အကြောင်းမရှိတော့ဘူးပေါ့"*

ဟု ပြောဆိုရင်း ပြန်လည်ထွက်ခွာသွားကြချေပြီ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးမှာမူ နားထဲတွင် မယဉ်ပါးသည့် တဂျုတ်ဂျုတ် တဂျိုင်းဂျိုင်းအသံကိုကြားရင်း သတိပြန်လည်လာ၏။

သူ၏တစ်ကိုယ်လုံး နာကျင်ကာ လှုပ်ရှားလို့မရအောင် ရှိ၏။ သူသည် မျက်လုံးကိုဖွင့်လိုက်လျှင်ပင် လင်းထိန်သော မီးမောင်းကြီး ထိုး၍ ခုတ်မောင်းလာသော မီးရထားကို အဝေးတွင်လမ်း၍ မြင်လိုက်ရ၏။

သူ၏ဦးခေါင်းမှာ သံလမ်းတွင် တစောင်းအနေအထားနှင့် ရှိ၍ နားက သံလမ်းနှင့်ထိကပ်နေ၍ မီးရထားခုတ်မောင်းမှုကို အတိုင်းသား ကြားနေရ၏။





သူသည် အခြေအနေကို ရှင်းလင်းစွာ သဘောပေါက်ပြီး သက်အန္တရာယ်မှ လွတ်မြောက်ရန် ကြိုးစားလေ၏။

သူ၏အတွင်းစိတ်မှ အားကုန်သုံးပြီး သံလမ်းနှင့်လွတ်ရာသို့ ောင်တိမ်းရန် ကြံစည်သော်လည်း ကိုယ်ခန္ဓာကြီးက လိုက်ပါမလာ

သူသည် လူလေးယောက်၏ စိတ်ရှိတိုင်း ထုထောင်း ကန်နှက်မှုကြောင့် ပြင်းထန်သော နာကျင်မှုနှင့် အကြောများ တွဲဆိုင်း ပြီဟု ထင်မှတ်မိ၏။

သူ့တစ်ကိုယ်လုံး ဦးခေါင်းပိုင်းမှအပ တစ်လက်မမျှ ရွေ့ ားခြင်းမပြုနိုင်ဘဲ လှုပ်ရှား၍မရ ဖြစ်နေ၏။ မီးရထားသည် ူတူနှင့် ဥသြသံရှည်ဆွဲကာ ခုတ်မောင်းလာနေ၏။

ရွှေတိုးသည် အန္တရာယ်ကိုမြင်နေရသော်လည်း ရှောင်တိမ်း အင်အားမဲ့နေ၏။

မီးရထားက လျှင်မြန်စွာ နီးကပ်လာသလို ရွှေတိုး၏စိတ် ြင်းထန်စွာ လှုပ်ရှားလာ၏။ ကိုယ်ခန္ဓာမှာမူ သစ်တုံးတစ်ခုလို



www.burmeseclassic.com

www.burmeseclassic.com



ရှိနေဆဲဖြစ်၏။

မီးရထားခေါင်းတွဲမဲကြီးဆီမှ ရေခိုးရေငွေ့နှင့် မီးခိုးလုံးများ ကို အဝိုင်းသားမြင်တွေ့နေရသည်အထိ ရွှေတိုးမှာ ထိုအတိုင်းသာ ရှိ၏။

ရွှေတိုးသည် မျက်စိတစ်မှိတ်အတွင်း သူ၏ကိုယ်ခန္ဓာ အပိုင်းအပိုင်း အတစ်တစ်ဖြစ်အောင် ပြုလုပ်ဖြတ်တောက်သွားတော့မည့် အရေးကို မြင်ယောင်၍သာ နေလေ၏။

သေမင်းက သူ၏လက်တစ်ကမ်းသို့ ပြေးလွှားလာနေချေပြီ

◆◆◆





ထိပ်တင်ဆွေသည် မြောင်းပေါက်ထဲတွင် ပုန်းအောင်းနေရာ အရှုံးမနှင့် ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ကာ လွန်စွာ စိတ်ရှုပ်ထွေး သွားလေ၏။

တွေ့စက သူ့ကို အန္တရာယ်ဖြစ်စေရန် ချောက်တွန်းခဲ့သော အရှုံးမသည် ယခုတော့ စိတ်ကောင်းဝင်နေဟန်နှင့် အစာရေစာများ ကျွေးမွေးနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ဆွေသည် ထိုနေရာတွင် အရှုးမနှင့် ကြာရှည်စွာ နေ၍မဖြစ်နိုင်မှန်း တွက်မိ၏။ အရူးမ၏လက်မှလည်း လွတ်မြောက် အောင် ထွက်ပြေးရန် မလွယ်ကူချေ။

အရူးမသည် သူ့ကို အလစ်မပေးဘဲ ကြည့်ရှုနေ၏။ သူသာ ထွက်ပြေးလျှင် ငယ်သံငယ်ရင်းပါအောင် အော်ဟစ်ပေလိမ့်မည်။

ထို့ကြောင့် ထိပ်တင်ဆွေသည် မိုးမလင်းမီ ထိုနေရာမှ ထွက်ခွာနိုင်ရန် အရူးမကို လိုက်လျောညီထွေ ဆက်ဆံရမည်ဟု တွေးမိကာ

*"ဒီမှာ ငါ မင်းကို ပြောမယ်၊ ငါ ဒီနေရာက အပြင်ကိုသွားပြီး မင်းစားဖို့ မုန့်တွေ သွားဝယ်လာ ခဲ့မယ်၊ မင်း ဒီကစောင့်နေပေတော့"*

ဟု ပြောလေရာ အရူးမက မျက်ထောင့်နီကြီးနှင့်ကြည့်ပြီး

*"မောင်မင်းက သခင်မကိုထားပြီး ထွက် သွားမယ်ပေါ့လေ၊ သခင်မမှာ ပွဲတော်တည်ဖို့ မုန့် တွေ အစုံအလင်ရှိတယ်၊ ဒီတော့ မောင်မင်းက*





*သခင်မအပါးက တစ်ဖဝါးမှမခွာဘဲ စောင့်ရှောက် ပါ၊ သခင်မ စက်တော်ခေါ်လိုက်ဦးမယ်"*

ဟု ဆိုလေ၏။

ပြီးလျှင် အရူးမသည် ကျဉ်းမြောင်းလှသော ထိုနေရာတွင်ပင် ခွေခွေကလေး လဲလျောင်းကာ လက်တစ်ဖက်မှ ထိပ်တင်ဆွေ၏ ခြေထောက်ကိုဆုပ်ကိုင်ပြီး အိပ်စက်ရန်ပြင်လေ၏။

ထိပ်တင်ဆွေသည် ခေါင်းကုတ်ကာ

*"ဒုက္ခပဲ၊ ငါ့ခြေထောက်ကိုကိုင်ပြီး ထွက် မပြေးနိုင်အောင် လုပ်ထားတယ်"*

ဟု ညည်းညူ၏။ ထိုအခိုက်တွင်ပင် အရူးမ ပြန်၍ ထလာ ပြီး

*"အင်း... အင်း... မောင်မင်းကို သခင်မ ပြောဖို့မေ့နေတယ်၊ မောင်မင်းက သခင်မရဲ့ ယော ကျ်ားကြီးဖြစ်သွားပြီဆိုတော့ သခင်မက ဆုချရ သေးတာပေါ့"*



www.burmeseclassic.com

ဟုပြော၍ လည်ပင်းတွင် ပိုးကြိုးအနီရောင်နှင့် ဆွဲထားသော အရာကလေးကိုချွတ်၍ ထိပ်တင်ဆွေအား ပေးလေ၏။

ထိပ်တင်ဆွေက ထိုအရာကိုကြည့်ရှုပြီး

"ကျောက်စိမ်းပြား အပိုင်းကလေးပါလား၊ ဒီလိုကျောက်စိမ်းပြားကလေးမျိုးကို ငါ လောင်းကစားဝိုင်းမှာ မြင်တွေ့ခဲ့ဖူးပါတယ်၊ သုံးပုံဖဲကစားရင် သုံးတဲ့ဖဲချပ်ကလေးပဲ၊ တစ်ချို့ကတော့ ဖဲချပ်ကို ကတ္တူစက္ကူတွေ၊ သစ်သားတုံးကလေးတွေနဲ့ ပြုလုပ်တတ်ကြတယ်၊ တချို့လောင်းကစားကို ခံ့ခံ့မင်မင် စွဲလမ်းပြီး ကြေးကြီးလောင်းကစားတတ်တဲ့ သူတွေကတော့ ဆင်စွယ်တွေ၊ ကျောက်စိမ်းပြားကလေးတွေနဲ့ ပြုလုပ်တတ်ကြတယ်၊ ဒီကျိုးပဲ့နေတဲ့ သုံးပုံဖဲချပ်ကလေးမှာတော့ ချိုင့်ကလေးနှစ်ခုတွင်းပြီး ဆေးဖြူသုတ်ထားတယ်၊ ဒါဟာ နှစ်ဖဲတော့ မဖြစ်နိုင်ဘူး၊ ကျန်တဲ့အပိုင်းကိုရမှ ဖဲမှင့်ဘယ်





လောက်ရှိမယ်ဆိုတာ သိနိုင်မှာပဲ"

ဟု ရေရွတ်မိ၏။ ထိုအခိုက် အရူးမက တခစ်ခစ်ရယ်မော၍

"ဘယ်လိုလဲ ငယ်ကျွန်းကြီး၊ သခင်မရဲ့ ဆုတော် လာဘ်တော်ကို သဘောကျနေပြီ မဟုတ်လား၊ အဲဒါကို ချက်ချင်းပဲ လည်ပင်းမှာဆွဲထားလိုက်စမ်း၊ အဲဒီဟာကလေးကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းထားရမယ်ဆိုတာ မှတ်ထားစမ်း"

ဟု ပြောလေ၏။

ထိပ်တင်ဆွေသည် အရူးမ၏အလိုကျ ထိုကျောက်စိမ်းဖဲချပ်အပိုင်းကလေးကိုဖောက်၍ ပိုးကြိုးနှင့်တွဲထားသည်ကို လည်ပင်းတွင် ဆွဲဆင်လိုက်ရ၏။

ထိုအခါမှပင် အရူးမက ခေါင်းတဆတ်ဆတ်ညိတ်၍

"ဒီလိုမှပေါ့၊ ကဲ ကဲ... သခင်မ စက်တော်ခေါ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ပြန်လည်အိပ်စက်လေ၏။

အရှုးမသည် ထိပ်တင်ခွေ၏ခြေထောက်ကို ဖမ်းဆုပ်ထား ရန်ကိုမူ မမေ့လျော့ချေ။ ထိပ်တင်ခွေသည် အရူးမ ကောင်းစွာ အိပ်ပျော်ရန် အသက်ကိုပင် ပြင်းပြင်းမရှူရဲချေ။

အချိန်က တရွေ့ရွေ့ကုန်ဆုံးလာခဲ့ပြီး အဝေးမှ ဆယ့်နှစ်နာရီ သံချောင်းခေါက်သံကို ကြားရ၏။

ထိပ်တင်ခွေက တရှူးရှူး၊ တခေါခေါနှင့် အိပ်စက်နေသော အရူးမကိုင်လက်ကို သူ၏ခြေထောက်မှအသာအယာပင် ဖြေလိုက်ပြီး

*"အိပ်နေပေဦးတော့ အရူးမရေ၊ မင်းကျေး*

*မွေးခဲ့တဲ့ ကျေးဇူးကို မမေ့ပါဘူး၊ ငါကတော့*

*မရေရာတဲ့ဘဝခရီးကို ဆက်ရဦးမယ်"*

ဟု နှုတ်ဆက်လေ၏။

ထိပ်တင်ခွေသည် လည်ပင်းမှ ပိုးကြိုးနှင့်ဆွဲထားသော ကျောက်စိမ်းပြားကို စမ်းသပ်၍ လွှင့်ပစ်ရန်ကြံရွယ်ပြီးမှ စိတ်ပြောင်း ပြီး





*"မင်းကို ကျေးဇူးတင်တဲ့အနေနဲ့ ကျေးဇူးရှင်*

*လို့ အမှတ်တရအနေနဲ့ ငါ ယူသွားပါမယ်"*

ဟု တီးတိုးပြောကာ ထိုနေရာမှ သုတ်ချေတင်ခဲ့တော့၏။

အချိန်အတန်ကြာလျှင် ထိပ်တင်ခွေသည် အင်းစိန်ဘူတာသို့ ရောက်လာခဲ့၏။ ထိုအခါ ဘူတာအနီးရှိ ညောင်ပင်ကြီးတစ်ပင် ခြေရင်းတွင် လူတစ်ဦး အိပ်စက်နေသည်ကိုတွေ့လေရာ သူလည်း ထိုသူနှင့် မလှမ်းမကမ်းတွင် ညောင်မြစ်ပေါ်၌ အိပ်စက်လိုက်တော့ ၏။

နံနက်အရုဏ်တက်ချိန်တွင် ထိုနေရာသို့ ကောက်ညှင်းပေါင်း သည်၊ အကြော်သည်ကလေးများ ရောက်လာပြီး တောင်းကလေး များ၊ ထင်းရှူးသေတ္တာပုံးကလေးများချ၍ ဈေးရောင်းချရန် ပြင် လေ၏။

ထိုအခါ အိပ်စက်နေသော ထိပ်တင်ခွေကို ကလေး တစ်ယောက်က လှုပ်နှိုးပြီး

*"ဟေ့လူကြီး… ထပါဗျာ၊ ဒါ ကျုပ်ရဲ့*



www.burmeseclassic.com

www.burmeseclassic.com



ဈေးရောင်းဖို့ ရုံပိုင်ကြီးဆီမှာ ခွင့်တောင်းပြီး အခွန် ပေးထားရတဲ့နေရာပဲဗျ"

ဟု ပြောလေ၏။

ထိပ်တင်ဆွေသည် ရေနံ့ဆီမီးခွက်ကလေးများ ထွန်းညှိပြီး ဈေးရောင်းရန်ပြင်နေသူများကိုတွေ့လျှင် အိပ်ချင်မူးတူးနှင့် ထိုနေရာမှ ထလိုက်ရ၏။

သူ့အနီး၌ အိပ်စက်နေသူမှာမူ တော်ရုံနှင့် နိုး၍မရဘဲရှိလေရာ ဈေးသည်ကလေးတစ်ယောက်က ရေနှင့်ပက်၍ နိုးမှပင် ဒေါသတကြီး နိုးထလာပြီး

"ဘာလုပ်တာလဲကွ၊ ငါ့ကို ရေနဲ့ပက်ရအောင် မင်းအမေလင် မှတ်နေသလား"

ဟု အော်ငေါက်လိုက်ရာ ဈေးသည်ကလေးက ကြောက်ရွံ့ဟန်မရှိဘဲ

"ခင်ဗျားက နိုးလို့မှမရဘဲ၊ ဒါ ကျုပ်တို့ ဈေးရောင်းရမဲ့နေရာဗျ၊ ဖယ်ပေးစမ်းပါဗျာ၊ ခင်ဗျား





အိပ်ချင်ရင် ဟိုရေစင်ကြီးတွေဘက်မှာ မီးရထား ရှန့်တိန်လုပ်ပြီးထားတဲ့ ကျောက်တွဲတွေရှိတယ်၊ အဲဒီမှာ စိတ်ရှိလက်ရှိ သွားအိပ်ပေတော့"

ဟု ပြောလေ၏။ ထိုအခါမှပင် ထိုသူက မျက်လုံးကို ပွတ်သပ်ပြီး ပါးစပ်မှ ပွစိပွစိလုပ်ကာ

"အေး အေး... ဒီမှာမအိပ်ရလည်း အဲဒီမှာ အိပ်မယ်ကွာ"

ဟု ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်ခွာသွားတော့၏။

ထိပ်တင်ဆွေသည်လည်း ထိုသူကဲ့သို့ အိပ်ချင်စိတ်မပြေဘဲ ရှိနေရာ သူတို့၏ပြောစကားအရ ထိုကျောက်တွဲများတွင် သွားရောက်အိပ်စက်မည်ဟု ဆုံးဖြတ်လိုက်၏။

ထိုအခါ ကျောက်တွဲများဆီသို့ရောက်လျှင် ညောင်ပင်အခြေ၌ အတူအိပ်စက်ခဲ့သူနှင့် ဆုံလေ၏။ ထိုသူမှာ တွဲ၏တစ်ဖက်တွင် ပုဆိုးကိုခြုံ၍ ထိပ်တင်ဆွေကိုပင် စောင်းငဲ့မကြည့်ဘဲ အိပ်စက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ခွေသည် ချက်ချင်းအိပ်မပျော်သေးဘဲရှိလေရာ အတန်ကြာလျှင် မီးရထားခေါင်းတွဲကြီးက သူတို့အိပ်စက်နေရာ ကျောက်တွဲများကို လာရောက်ချိတ်ဆက်သည်ကို သိလိုက်ရ၏။

ပုခိုးခြံ၌ အိပ်စက်နေသူသည် တွဲ၏လှုပ်ယမ်းသွားမှုကြောင့် လန့်နိုးလာပြီး

*"အရေးထဲ ငါအိပ်နေတဲ့တွဲကို ဆွဲသွားတော့ မယ် ထင်တယ်၊ ကောင်းတာပေါ့လေ၊ မီးရထားစီး ရင်း လေကလေးတဖြူးဖြူးနဲ့ အိပ်ရတာပေါ့"*

ဟု ရေရွတ်ကာ ပြန်လည်အိပ်စက်လေ၏။

ထိပ်တင်ခွေသည် တွဲပေါ်မှဆင်းသက်ရန်ပြင်စဉ် ထိုသူ၏ အပူအပင်ကင်းမဲ့သောစကားကြောင့် သူလည်း ခြေဦးတည်ရာ သွားလာနေသူဖြစ်လေရာ ရောက်ချင်ရာရောက်၍ ပေါက်ချင်ရာ ပေါက်ပါစေဟု သဘောထားလိုက်တော့၏။

◆◆◆



ရွှေတိုး၏အကြားအာရုံသို့ တဂျွန်းဂျွန်း၊ တဂျိုင်းဂျိုင်းအသံ …ီးက ဆူညံစွာ တိုးဝင်နေ၏။ သူ၏မျက်လုံးအစုံမှာမူ မှိတ်လျက် …ာ ရှိနေ၏။

အတွင်းစိတ်ကမူ ပြင်းထန်စွာ လှုပ်ရှားပြီး

*"ငါ့ကို မီးရထားကြီးက အပိုင်းပိုင်းဖြစ် အောင် ကြိတ်သွားတာ ခံနေရမှာလား၊ မဟုတ်သေး ဘူး၊ နောက်ဆုံးအချိန်အထိ ရှင်သန်ဖို့ အားထုတ်*

www.burmeseclassic.com

www.burmeseclassic.com



*ကြိုးစားရမယ်၊ စိတ်ကို တင်းတင်းထားစမ်း၊*

*အားကုန်ထုတ်လိုက်စမ်း"*

ဟု မာန်တင်းကာ ကိုယ်ခန္ဓာကို လှုပ်ရှားစေ၍ အားကုန် သုံးလိုက်၏။

အချို့သည် အသက်အန္တရာယ်နှင့် ရင်ဆိုင်တွေ့လျှင် ထိတ်လန့် တုန်လှုပ်မှုက အဆုံးစွန်ဖြစ်ပေါ်ကာ သတိကင်းလွတ်သွားတတ်၏။

အချို့ကမူ ဆောက်တည်ရာမရဘဲ ရူးသွပ်သူကဲ့သို့ ဖြစ်သွား တတ်၏။ အချို့ကမူ ကိုယ်ခန္ဓာအတွင်း ကိန်းအောင်းနေသော မယုံ နိုင်လောက်အောင် ကြီးမားသည့်စွမ်းအားများပေါ်ထွက်လာတတ်၏။

ဤသို့ဖြင့် ရွှေတိုးသည် စိတ်ကိုတင်းပြီး ကြိုးစားလှုပ်ရှား လေရာ ညာဘက်လက်က ဆတ်ခနဲ လှုပ်ရှားလာ၏။

သူသည် ရပ်တန့်မနေဘဲ ထိုလက်နှင့် သံလမ်းကို ပြုတ်ထု ကဲ့သို့ တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။

နာကျင်မှုကလည်း မူလကထက် ဆိုးရွားစွာ ဖြစ်ပေါ်လာ ၏။ သို့သော် သံလမ်းကို ဆုပ်ကိုင်မိသည့်လက်မှ အားကိုယူ၍





ကိုယ်ခန္ဓာကို လှုပ်ရှားလေရာ ရွေ့လျားလာသည်ကိုသိပြီး အား ဘက်သွား၏။

ထို့နောက် မှောက်လျက် ကုန်းကွကွကြီးဖြစ်နေသော အနေ ထားမှ အားကုန်ရုန်းကာ တစ်ဖက်သို့လှိမ့်၍ချလိုက်တော့၏။

ထိုအဖြစ်က မျက်စိတစ်မှိတ်မျှသာရှိသော်လည်း ရွှေတိုး အတွက် တစ်ကမ္ဘာမျှ ကြာမြင့်သည်ဟု ထင်ရ၏။

ရွှေတိုးသည် မီးရထားသံလမ်းမှလွတ်ကင်းပြီး လမ်းနံဘေး ..င်ခြေလျှောအတိုင်း လိမ့်ဆင်းသွားလေရာ ဦးခေါင်းနှင့် ကျောက် ..တစ်ခုတို့ ခွပ်ခနဲထိမိပြီး ရပ်တန့်သွားလေ၏။

ထိုအချိန်တွင် မီးရထားက သူ့နံဘေးမှ တဝေါဝေါနှင့် ..တ်သန်းသွားပြီဖြစ်၏။

ရွှေတိုးသည် သတိကောင်းစွာရလျှင် မှတ်ဆိတ်ဖြူဖြူနှင့် ..ားဆရာဝန်ကြီး၏မျက်နှာကို မြင်တွေ့လိုက်ရ၏။

ကုလားဆရာဝန်ကြီးက ရွှေတိုးကို ထူးဆန်းသည့်သတ္တဝါ ..ကောင်လို မျက်လုံးအပြူးသားနှင့် ကြည့်ရှုကာ



www.burmeseclassic.com

www.burmeseclassic.com



"အိုး… အသက်ပြင်းလှတဲ့ လူကလေးပဲ၊ ခေါင်းမှာ ထိမိထားတယ်၊ နံရိုးက သုံးချောင်းကျိုးတယ်၊ ခြေဆစ်ကလည်းသွားတယ်၊ တစ်ကိုယ်လုံးလည်း ထိခိုက်မိထားတဲ့ဒဏ်ရာတွေက နေရာလပ်မရှိဘူး၊ မင်းကို ဂေါ်ဆုံအကြီးကြီးထဲထည့်ပြီး ဂေါ်ကျည်ပွေ့အကြီးကြီးနဲ့ ထောင်းရင်တောင် ဒီလောက်ဒဏ်ရာတွေ ရနိုင်မယ် မထင်ဘူး"

ဟု ပြောလေ၏။

ရွှေတိုး၏တစ်ကိုယ်လုံးလည်း ကျောက်ပတ်တီးအဖွေးသားနှင့် ဖြစ်ကာ ခြေထောက်ကိုလည်း ကြိုးတစ်ချောင်းနှင့်ဆွဲ မြှောက်ကာ ချိတ်ထား၏။

ရွှေတိုးသည် မီးရထားလမ်းနံဘေး၌ သတိကင်းလွတ်နေစဉ် နံနက်မိုးလင်းမှပင် လမ်းသွားလမ်းလာများက တွေ့ရှိပြီး မြို့ကလေး၏ ဆေးရုံသို့ ပို့လိုက်ကြခြင်းဖြစ်၏။

သူသည် ကံကောင်းထောက်မစွာနှင့် သေမင်း၏လက်မှ





လွတ်မြောက်ခဲ့ချေပြီ။ ကုလားဆရာဝန်ကြီးက ရွှေတိုးကိုကြည့်ရှုနေစဉ် ဌာနပိုင်ဂါတ်ထဲမှ ပုလိပ်အင်စပက်တော်ရောက်ရှိလာပြီး မှတ်စုစာအုပ်ကိုဖွင့်ကာ

"ကဲ… ကိုယ့်လူ၊ ဖြစ်ကြောင်းကုန်စင်ကို ပြောပေတော့၊ အမည်ကစပြီး ပြောပါ"

ဟု စကားစ၏။ ရွှေတိုးက အူကြောင်ကြောင်နှင့်

"ကျုပ်က ဘာတွေပြောရမှာလဲ"

ဟု ပြန်လည်မေးမြန်းလိုက်ရာ ရာဇဝတ်အုပ်က စိတ်မရှည်ဟန်နှင့်

"မင်း ဒီလိုဒဏ်ရာတွေ ဘာကြောင့်ရသလဲဆိုတာ စစ်ဆေးဖို့ ကျုပ်မှာ တာဝန်ရှိတယ်၊ တစ်စုံတစ်ယောက်က မောင်ရင့်ကို ထိခိုက်အောင်လုပ်တာပဲဖြစ်ဖြစ်၊ တခြား အကြောင်းကိစ္စနဲ့ပဲဖြစ်ဖြစ် ရာဇဝတ်မှုမကင်းရင် လိုအပ်သလို အရေးယူနိုင်အောင် စစ်ချက်ယူရမယ်၊ ကျုပ်အထင်တော့



www.burmeseclassic.com

www.burmeseclassic.com



*မောင်ရင်ဟာ မီးရထားပေါ်က မတော်တဆ ပြုတ်ကျခဲ့တာ ဖြစ်ရမယ်”*

ဟု ဆိုလေ၏။

ဖျတ်ခနဲပင် ရွှေတိုးသည် သံချိုင်းအတွင်းမှ နွားသူခိုးများကို မြင်ယောင်ပြီး အံကိုတင်းတင်းကြိတ်လိုက်မိ၏။ သူသည် ပုလိပ် အင်စပက်တော်ထံ အမှန်အတိုင်း ဖွင့်ပြောလိုက်လျှင် ထိုသူများကို သွားရောက်ဖမ်းဆီးနိုင်၏။

သို့သော် ရွှေတိုး၏စိတ်တွင်း၌ အကြံအစည်တစ်ခု ဝင်ရောက်လာပြီး အင်စပက်တော်ကို

*“ဟုတ်ပါတယ်၊ ကျုပ် ခရီးသွားလာရင်း မီးရထားပေါ်က ခြေချော်ပြီး ပြုတ်ကျခဲ့တာပါ”*

ဟု လိမ်လည်ထွက်ဆိုလိုက်တော့၏။

အမည်နှင့်နေရပ်များကိုပါ စိတ်ကူးတည့်ရာ ပြောဆိုလိုက်လျှင် အင်စပက်တော်က သေချာစွာ ရေးမှတ်ပြီး

*“ဒီလို သာမန်ထိခိုက်ဒဏ်ရာရလာတော့*





*ကျုပ်တို့အတွက် အလုပ်မရှုပ်တော့ဘူးပေါ့”*

ဟု ပြောကာ ပြန်လည်ထွက်ခွာသွားတော့၏။

အင်စပက်တော်သည် တာဝန်အရသာ လာရောက်စစ်ဆေးရသော်လည်း စိတ်ပါဝင်စားခြင်းမရှိချေ။ အမှန်တကယ် အမှုအခင်းဖြစ်ပေါ်ပြီဆိုလျှင် သူ့အတွက် အလုပ်ရှုပ်ရဦးမည် မဟုတ်ပါလား။

ရွှေတိုးသည် သူ့ကို ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းကာ အသေသတ်ရန် ကြံစည်သူတို့အား ကိုယ်တိုင်လက်စားချေရန် ဆုံးဖြတ်ပြီးဖြစ်၏။ ထို့ကြောင့်ပင် အင်စပက်တော်ထံ လိမ်လည်၍ ထွက်ဆိုခဲ့ခြင်းဖြစ်၏။

သူသည် ပကတိ ကျန်းမာသန်စွမ်းလာမည့်နေ့ကို ဆေးရုံတွင် ဆေးကုသခံယူရင်း စောင့်ဆိုင်းနေလေ၏။ ဆေးရုံတွင် သူ့ကို တစ်ကောင်ကြွက် ဆင်းရဲသားတစ်ယောက်အဖြစ် သိထားလေရာ အားလုံးက ကရုဏာသက်ပြီး စောင့်ရှောက်ကုသပေးကြ၏။

ကုလားဆရာဝန်ကြီးက တစ်နေ့လျှင်တစ်ခေါက် မှန်မှန် ရောက်လာကာ



www.burmeseclassic.com

www.burmeseclassic.com



"မင်း တော်တော်ကံကောင်းတယ်၊ ဒီကို အချိန်မီလာရောက် ကုသနိုင်တာရော၊ အဲဒီလိုကုသတဲ့အချိန်မှာ တို့ဆေးရုံကို အဂ်လိပ်အစိုးရက ဆေးဝါးနဲ့ ဘတ်ဂျက်ငွေတွေ တိုးပြီးချပေးလိုက်တာရော ကြုံနေတာမဲ၊ အရင်ကဆိုရင် ဆေးရုံမှာ ဆေးဝါးမပြည့်စုံတာနဲ့ တခြားလိုအပ်တာတွေကြောင့် မင်းကို ဒီလိုကုသပေးဖို့ သိပ်လွယ်မှာ မဟုတ်ဘူး"

ဟု ပြောတတ်၏။ ဤသို့ဖြင့် ရွှေတိုးသည် ဆေးရုံတွင် နှစ်လခန့် ကြာမြင့်ခဲ့ ၏။ ထိုအခါ ဆရာဝန်ကြီးက

"မင်းအနေနဲ့ ဆေးရုံက နောက်တစ်ပတ်လောက်ဆို ဆင်းချင်ရင် ဆင်းလို့ရပြီ၊ ဒါပေမဲ့ ဒဏ်ရာတွေက ရှင်းရှင်းပျောက်သေးတာ မဟုတ်တော့ ကောင်းကောင်းအနားယူရလိမ့်မယ်"

ဟု ပြောလေ၏။





ထိုအခြေအနေနှင့် ရွှေတိုးသည် ရန်သူကို ရင်ဆိုင်နိုင်မည် မဟုတ်မှန်း သဘောပေါက်မိ၏။ သူ့အတွက် လှည်းပေါက်ကို ရှာဖွေ၍မတွေ့မခြင်း ရွာသို့မပြန်ဟု ဆုံးဖြတ်ခဲ့ပြီးဖြစ်၏။

ထို့ကြောင့်ပင် ရွှေတိုးသည် ခင်မင်နေပြီဖြစ်သော သူနာပြုဆရာမလေးကို

"ဆရာမရယ်... ကျုပ် မကြာခင် ဆေးရုံက ဆင်းရတော့မယ်၊ အဲဒီလိုဆင်းပြီးရင်လည်း ကောင်းကောင်း အနားယူရဦးမယ်လို့ပြောတယ်၊ ကျုပ်လို မွဲတစ်ယောက်အနေနဲ့ အနားယူဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ဝမ်းရေးအတွက် ရှာဖွေလုပ်ကိုင်ရမှာ မဟုတ်လား၊ ကျုပ်ကို ဒီမြို့ကလေးမှာ သင့်တော်မဲ့ အလုပ်အကိုင်ရှိရင် ညွှန်ပြပေးစမ်းပါဗျာ"

ဟု အကူအညီတောင်းလိုက်၏။ သူနာပြုဆရာမလေးက

"ရှင်က ဆေးရုံက ဆင်းဆင်းခြင်း အလုပ်ကြမ်းတွေလုပ်လို့ ရဦးမှာမဟုတ်တော့ သက်သောင့်



www.burmeseclassic.com

www.burmeseclassic.com



သက်သာလုပ်နိုင်စေ့အလုပ်ကို ရှာမှဖြစ်လိမ့်မယ်၊ ကျွန်မနဲ့ ရင်းနှီးတဲ့သူတွေကတစ်ဆင့် အဲဒီလိုအလုပ်မျိုး စုံစမ်းပေးပါ့မယ်"

ဟု အကူအညီတောင်းလိုက်၏။ ထိုအကြောင်းကို ဆရာဝန်ကြီး သိရှိသွားပြီး ရွှေတိုးကို

"ဒီမှာ လူကလေး၊ အလုပ်လိုချင်ရင်တော့ ကျုပ်က အလုပ်ပေးနိုင်ပါတယ်၊ လူကလေးအနေနဲ့လည်း သင့်တော်မှာပါ၊ အလုပ်က မပင်ပန်းပေမဲ့ သတ္တိရှိဖို့လိုအပ်တယ်"

ဟု ပြောလေ၏။ ရွှေတိုးက ဝမ်းသာအားရနှင့်

"သတ္တိရှိပါတယ် ဆရာကြီးရယ်၊ ဘယ်လိုအလုပ်မျိုးလုပ်ရမှာလဲ၊ ပြောစမ်းပါ"

ဟု ဆိုလေရာ ဆရာဝန်ကြီးက ဆေးရုံနောက်ဘက်ရှိ အုတ်တိုက်ဖြူဖြူကလေးကို ညွှန်ပြကာ

"အဲဒီအုတ်တိုက်ကလေးကို လူကလေး





သိရဲ့လား"

ဟု မေးမြန်း၏။ ရွှေတိုးက ခေါင်းညိတ်ကာ

"ကျုပ်သိပါတယ်၊ လူသေတွေ ဘာတွေကို လိုအပ်ရင် ရင်တွေဘာတွေခွဲရတဲ့ ရင်ခွဲရုံမဟုတ်လား"

ဟု အဖြေပေးလိုက်၏။ ဆရာဝန်ကြီးက

"အဲဒီမော်ကျူရီလို့ခေါ်တဲ့ ရင်ခွဲရုံမှာ လူကလေးကို အစောင့်အဖြစ်ခန့်မယ်၊ သဘောတူရင် ရုံးကိစ္စတွေကိုင်တဲ့ စာရေးကြီးဆီမှာ ကြိုတင်လစာထုတ်ပေးဖို့ ကျုပ် ပြောထားမယ်"

ဟု ပြောလေရာ ရွှေတိုးသည် မည်သို့မျှ ထင်မှတ်မထားသော အလုပ်မျိုးဖြစ်သည့်အတွက် နှုတ်မှ "ဗျာ" ဟူ၍ အာမေဋိတ်သံ ထွက်သွားတော့၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



မီးရထားက မရပ်မနား ခုတ်မောင်းနေသလို ကျောက်တွဲတစ်တွဲပေါ်မှ လှုနှစ်ယောက်ကလည်း အိပ်စက်ရင်း လိုက်ပါလာ၏။

ထိပ်တင်ဆွေသည် ထိုသို့လိုက်ပါရင်း မျက်နှာကို နေရောင်ထိုး၍ ပူလောင်လှသောကြောင့် အိပ်စက်ရာမှ နိုးလာ၏။ ၄င်းက ပတ်ဝန်းကျင်ရှိ ရှုခင်းများကို ငေးမောကြည့်မိသော်လည်း မည်သည့်နေရာသို့ ရောက်ရှိနေမှန်း မသိချေ။





ထိုအခါ အခြားတစ်ဖက်ထိပ်တွင် အိပ်စက်နေသူလည်း နိုးလာပြီး တဝါးဝါးသန်းကာ

*"အိုး… ဒီလိုအိပ်ရေးဝအောင် အိပ်စက်လိုက်ရတော့ စိတ်ကပါ ရွှင်လန်းပြီး တက်ကြွလာတယ်၊ ဒီလိုစိတ်တက်ကြွမှလည်း အလုပ်အကိုင်အတွက် ကြံစည်တွေးတော အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်လာတော့မှာပါ"*

ဟု ရေရွတ်လေ၏။

ထိုသူမှာ ထိပ်တင်ဆွေနှင့် အသက်အနည်းငယ်မို၍ ကြီးမည့်ခန့်ရှိကာ ဟောင်းနွမ်းနေသော ကုတ်အင်္ကျီနှင့် သဏ္ဍာလတ်ဦးထုပ်ကြီးကို ဆောင်းထား၏။

မျက်နှာတွင်လည်း မုတ်ဆိတ်ကျင်စွယ်တို့က မရိတ်ပယ်သည်မှာ ကြာပြီဖြစ်၍ ထူထပ်ရှုပ်ထွေးနေ၏။ ထိုသူသည် ကောင်းခင်ကို မော့ပြီး ပူလောင်သောနေရောင်ကြောင့် မျက်နှာကိုမဲ့ကာ လွယ်အိတ်အတွင်းမှ ရေဘူးကို ဆွဲ၍ထုတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူထံမှ ရေဘူးကိုမြင်လျှင် ထိပ်တင်ဆွေသည် နှုတ်ခမ်းကို လျှာနှင့်သပ်လိုက်မိ၏။ ထိုသူက ရေသောက်ပြီးလျှင် ထိပ်တင်ဆွေထံ လှမ်းလာပြီး ရေဘူးကို ပစ်ပေးကာ

"ကိုယ့်လူ ရေဆာနေပြီ မဟုတ်လား၊ သောက်လိုက်ပါ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့က တစ်ခရီးတည်းသွားတွေပဲ၊ ကိုယ့်လူလည်း ကျုပ်လို ခြေသလုံးအိမ်တိုင်သမားပဲ ဖြစ်ရမယ်"

ဟု ပြောလေ၏။ ထိပ်တင်ဆွေက ခေါင်းညိတ်ပြီး

"ကျုပ်ပါတယ်ဗျာ၊ ကျုပ်နာမည် ထိပ်တင်ဆွေပါ၊ ရင်းနှီးတဲ့သူတွေကတော့ ကိုယ်တော်လေးလို့ ခေါ်ကြတယ်"

ဟု ဆို၍ ရေဘူးကို အားပါးတရ မော့လိုက်၏။ ထိုသူက မျက်လုံးကို မှေးစင်းပြီး ထိပ်တင်ဆွေကို ခြေဆုံးခေါင်းဆုံးကြည့်ကာ

"ဒီအသွင်အပြင်နဲ့ ဒီအမည်က မိုးနဲ့မြေလို





ကွာခြားလှပါလား၊ အင်းလေ... လူဆိုတဲ့သတ္တဝါကလည်း အခက်သားပဲ၊ လောကကြီးမှာ အကောင်းဆုံးဆိုတာတွေကိုပဲ လိုချင်ကြတာ မဟုတ်လား၊ မောင်ချမ်းသာဆိုပြီး တောင်းရမ်းစားသောက်နေတဲ့လူမျိုးလိုပေါ့၊ အခြေအနေနဲ့ ကိုက်ညီတာတွေ၊ မကိုက်ညီတာတွေလည်း မသိကြတော့ဘူး"

ဟု ရေရွတ်လေရာ ထိပ်တင်ဆွေက သက်ပြင်းချ၍

"ကျုပ်က အမည်နဲ့လိုက်အောင် နေထိုင်ခဲ့ရတာပါဗျာ၊ အခုမြင်နေတဲ့ အခြေအနေနဲ့ ကျုပ်စကားကို ခင်ဗျား ယုံကြည်မှာမဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ ရက်ကပဲ ကျုပ်မှာ မထင်မှတ်တဲ့ စီးပွားဥစ္စာတွေ ဆုံးပါးပြီး ဒီဘဝကို ရောက်ခဲ့ရတာပါ"

ဟု ပြောလိုက်၏။ ထိုသူက ခေါင်းညိတ်ပြီး

"ကိုယ့်လူရုပ်ရည်က အမှန်ကိုပြောနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သက်သေခံနေပါတယ်၊ လက်စသတ်တော့ မင်းက အထည်ကြီးပျက်ရှုံတင်မကဘူး၊ ဘဝပါ ပျက်လာတာကိုး၊ ကျွန်မှာမည်လည်း မှတ်ထားပါ၊ ဖိုးလှလို့ခေါ်တယ်၊ အလုပ်အကိုင်ကတော့ ကြုံရာကျပန်းပဲ၊ မောင်ရင် စိတ်ဝင်စားမယ်ဆိုရင် ကျုပ်နဲ့တွဲပြီး အလုပ်လုပ်လို့ရတယ်”

ဟု ဆိုလေရာ ထိပ်တင်ဆွေက မျက်နှာဝင်းပပြီး

“အဆင်သင့်လိုက်လေဗျာ၊ ဒီလောကကြီးမှာ ဒီလောက်ငွေရှာရတာခက်ခဲမှန်း ကျုပ်သိတာ မကြာသေးပါဘူး၊ ဝမ်းရေးအတွက် ဖြေရှင်းရလည်း မလွယ်ဘူးဆိုတာ သဘောပေါက်မိပြီဗျာ၊ ဒါနဲ့ ကျုပ်က ခင်ဗျားနဲ့တွဲပြီး အလုပ်လုပ်ရမယ်ဆိုတော့ ဘယ်လိုအလုပ်မျိုးလုပ်မှာလဲ”

ဟုမေးမြန်းလိုက်၏။ ကိုဖိုးလှက မုတ်ဆိတ်မွေးကို လက်နှင့်ပွတ်သပ်ပြီး





“ကြုံရာကျပန်းအလုပ်လို့ မင်းကိုပြောထားသားပဲကွာ၊ ကြုံသလိုပေါ့၊ တစ်ခုရှိတာက ငါနဲ့တွဲပြီးအလုပ်လုပ်မယ်ဆိုရင်တော့ အတင်းပါးဖို့လိုတယ်၊ တိုက်ရခိုက်ရတာတွေနဲ့ကြုံလာရင် လက်မနှေးရဘူး၊ အဲဒီလိုပဲ ပြေးပြီပေါ့ဆိုရင်လည်း နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဆုံးကို နှလုံးမှူထားရတယ်”

ဟုပြောလေ၏။ ထိပ်တင်ဆွေက မျက်လုံးပြူးကျယ်ကာ

“ဒုက္ခပါပဲဗျာ၊ ကျုပ်က အဲဒီလိုမျိုးတွေ သိပ်ပြီးကျွမ်းကျင်တာ မဟုတ်ဘူးဗျ၊ ပြီးတော့ ခင်ဗျားအလုပ်က ရာဇဝတ်မှုတွေနဲ့ရော ကင်းရဲ့လားဗျာ”

ဟုမေးမြန်းလိုက်ရာ ကိုဖိုးလှက မျက်မှောင်ကြုတ်ပြီး

“ဘာလဲ၊ မင်းက ငါ့ကို ခိုးဝှက်ပြီး လိမ်လည်လှည့်စားတဲ့သူလို့ ထင်နေတာလား၊ ငါ့အလုပ်က မကောင်းမှုမဟုတ်ဘူးဆိုတာတော့ အာမခံ



www.burmeseclassic.com

www.burmeseclassic.com



*တယ်ကွာ''*

ဟုပြောဆိုလေ၏။ ထိပ်တင်ဆွေက အားနာဟန်နှင့်

*''ခင်ဗျားကို အဲဒီလိုထင်လို့မဟုတ်ပါဘူးဗျာ၊ ဒုစရိုက်မှုကလွဲရင် ဘယ်လိုအလုပ်မျိုးမဆို ကျုပ်လုပ်ပါ့မယ်''*

ဟုပြောလိုက်တော့၏။

မီးရထားသည် လမ်းခရီးတွင် ရပ်တန့်ခြင်းမရှိဘဲ ဘူတာတစ်ခုသို့ရောက်မှပင် ရပ်တန့်သွား၏။ ကိုဖိုးလှူက

*''ညနေစောင်းနေပြီပဲ၊ ရထားကလည်း နေးလိုက်တာကွာ၊ ဒီဘူတာက လက်ပံတန်းဘူတာပဲပေါ့၊ ဒါဆိုရင် ဒီမှာဂိတ်ဆုံးပြီထင်ပါရဲ့၊ တို့ဒီမှာပဲဆင်းပြီး အလုပ်အကိုင်လေးဘာလေး စုံစမ်းကြတာပေါ့ကွာ''*

ဟုပြောလေ၏။

ဤသို့ဖြင့် ထိပ်တင်ဆွေသည် ကိုဖိုးလှူကို ဆရာတင်ပြီး





လက်ပံတန်းသို့ရောက်လာခဲ့၏။ ကိုဖိုးလှူက ဦးစွာပင် ထိပ်တင်ဆွေကို ဈေးပေါသော လမ်းဘေးထမင်းဆိုင်ကလေးသို့ခေါ်၍

*''ကဲ…ကိုယ့်လူ၊ ဒီမှာ ထမင်းအဝသာ စားပေတော့၊ ငါ့မှာလည်း တို့နှစ်ယောက်စာ ထမင်းစားသောက်သမျှ ရှင်းဖို့လောက်ပဲ ငွေရှိတော့တယ်''*

ဟုဆိုလေ၏။ ထိပ်တင်ဆွေက လက်ကာပြ၍

*''ဒါဆိုနေပါစေဗျာ၊ ခင်ဗျားပဲ ထမင်းစားလိုက်ပါ၊ ကျုပ်နေနိုင်ပါတယ်''*

ဟု ငြင်းဆန်လိုက်ရာ ကိုဖိုးလှူက

*''လုပ်မနေပါနဲ့ကွာ၊ အစာစားပြီးမှ အလုပ်လုပ်လို့ရမှာပေါ့''*

ဟုပြောကာ ခေါ်လေ၏။ ထမင်းစားပြီးချိန်တွင် မှောင်စပြုလာပြီဖြစ်၏။ ထိုအခါ ကိုဖိုးလှူက

*''ညစာအတွက်တော့ ပြေရှင်းပြီးပြီ၊ အိပ်စက်*



www.burmeseclassic.com

www.burmeseclassic.com



ဖို့အတွက်ပဲ ကျန်တော့တယ်၊ ဒီတော့ ဘူတာဘက်ကိုပဲ ပြန်ပြီးချီတက်ကြစို့"

ဟုပြောလေ၏။ ထိပ်တင်ဆွေက

"ဘူတာမှာ ခင်ဗျားအသိရှိလို့လား"

ဟုမေးမြန်းရာ ကိုဖိုးလူက

"တုံးပါ ကိုယ့်လူရာ၊ ဘူတာဆိုတာ ဘယ်သူမဆို ခရီးသွားလာရင်း နားခိုလို့ရတဲ့နေရာပဲ၊ တို့က အဲဒီမှာ ခပ်တည်တည်အိပ်ကြတာပေါ့"

ဟုပြောလေတော့၏။

ဘူတာတွင် အိပ်စက်မည်ဟုဆိုသော်လည်း ကိုဖိုးလူသည် ထိုနေရာ၌ ထိပ်တင်ဆွေကို ထားရစ်ကာ

"ငါ ဟိုနားဒီနားသွားပြီး အလုပ်အကိုင်အတွက် စနည်းနာလိုက်ဦးမယ်၊ အဆင်ပြေရင်တော့ အလုပ်ရနိုင်လောက်ပါရဲ့"

ဟု မှာသွား၏။ အချိန်အတန်ကြာလျှင် ကိုဖိုးလူ အဖေ





တကြိမ်း ပြန်ရောက်လာကာ

"ကဲဟေ့... အလုပ်တော့ရပြီ၊ ငါနဲ့သာ လိုက်ခဲ့ပေတော့၊ မင်းကို ထပ်ပြီးသတိပေးထားရဦးမယ်၊ ငါ့အရိပ်အခြေကိုကြည့်ပြီး ခပ်သွက်သွက် ရှုပ်ရှားနော်၊ ကြောင်တောင်တောင် ယောင်တောင်တောင်တွေ မလုပ်နဲ့၊ မြေးစရာရှိလည်း ငါ့ကို မငဲ့ဘဲ လွတ်အောင်သာပြေးပေတော့၊ ပြီးတော့မှ မင်းနဲ့ငါ ဒီဘူတာမှာ ပြန်ဆုံကြတာပေါ့"

ဟုဆိုလေရာ ထိပ်တင်ဆွေသည် တွန့်ခနဲဖြစ်သွားပြီးမှ

"ကောင်းပါပြီဗျာ"

ဟု ပြောလိုက်လေတော့၏။

ရွှေတိုးသည် ဆေးရုံတွင် အလုပ်ဝင်နေပြီဖြစ်၏။ သူ့ကို ဆေးရုံဝင်းအတွင်းရှိ အလုပ်သမားတန်းလျားတွင် နေရာချထားသေး၏။

တစ်ပတ်ခန့်ကြာသည်အထိ ရွှေတိုးမှာ အလုပ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မယ်မယ်ရရ မရှိချေ။ အချိန်တန်လျှင် အလုပ်သမားတန်းလျား မှ ထမင်းလပေးစားသောအိမ်တွင် သွား၍စားသောက်ကာ ဆေးရုံ ထဲတွင် လိုအပ်သည်များ ကူညီလုပ်ကိုင်ပေးရင်း အချိန်ကုန်စေ လေ၏။

(၈) ရက်မြောက်နေ့တွင်မူ အရေးပေါ်လူနာတစ်ဦးရောက်ရှိ လာပြီး မကြာမီတွင် သေဆုံးသွားသည်နှင့်ကြုံရတော့၏။ ဆရာဝန် ကြီးက ရွှေတိုးကို နာမည်ပြောင်းပေးထားသည့်အတိုင်း သက်ပြင်း ဟူ၍ ခေါ်လေ့ရှိရာ

*"ကဲ... မောင်သက်ပြင်း၊ ရင်ခွဲရုံကို ပို့ ပေတော့၊ ဒီလူနာက ဓားထိုးမှုဖြစ်ပြီးရောက်လာ တော့ ရာဇဝတ်မှုနဲ့ မကင်းဘူး၊ သူ့ကို ရင်ခွဲပြီး ဆေးစစ်ချက်ယူရမယ်"*

ဟုပြောလေ၏။

ထိုအခါမှပင် ရွှေတိုးသည် အလောင်းကိုသေချာစွာ ကြည့် ရှုမိ၏။ ထိုသူကို မြင်တွေ့ဖူးသည်ဟုလည်း ထင်မှတ်မိ၏။





ရုတ်ချည်းပင် သူ့ကို သချိုင်းအတွင်း၌ ဝိုင်းဝန်းရိုက်နှက်ခဲ့ သော နွားသူခိုးထဲမှ တစ်ယောက်ဖြစ်ကြောင်း မှတ်မိသွားပြီး အံ့ ဩတကာ

*"ငါလက်စားချေရမဲ့ ရန်သူတစ်ယောက် တော့ လျော့သွားပြီ၊ ဒီလိုလူတွေဟာ နောက်ဆုံး မှာ ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ပဲ တွေကြုံကြရတာပဲ"*

ဟု ရေရွတ်မိ၏။

နောက်တစ်နေ့တွင်လည်း ဆေးရုံသို့ အရေးပေါ်လူနာတစ်ဦး ရောက်ရှိလာပြန်၏။ ထိုသူမှာ ကားတိုက်ခံရသော လူနာဖြစ်ပြီး အသက်ရှင်ရန် မျှော်လင့်ချက် သိပ်မရှိကြောင်းသိရပြန်၏။

ရွှေတိုးက လူနာကိုမြင်တွေ့လျှင် ပါးစပ်အဟောင်းသားဖြစ် ကာ

*"တိုက်ဆိုင်လှချည်လား၊ ဒီလူကြီးကို မထင် မှတ်ဘဲ ပြန်တွေ့ရပြန်ပြီ"*

ဟု အံ့ဩတကြီး ရေရွတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ဆရာဝန်ကြီးက ပြုစုကုသပေးသည့်အထိ သတိကင်းလွတ်လျက်ရှိ၏။ ရွှေတိုးသည် ထိုသူရှိရာ ခုတင်သို့ သွားရောက်ကြည့်ရှုပြီး နှုတ်ဖျားမှ

"ခင်ဗျားကို ဒီလိုအချိန်မျိုးမှာ ဒီရုပ်ပုံစံနဲ့ တွေ့ရတော့ ကျုပ်ဘာလုပ်ရတော့မှာလဲ၊ ကျုပ်ကတော့ ခင်ဗျားကိုကူညီပြီး လှည်းပေါ်တင်ခေါ်လာခဲ့တယ်၊ အဲဒီစေတနာကိုမှ မထောက်၊ ကျုပ်ရဲ့လှည်းနွားတွေကို အလစ်သုတ်သွားရက်တယ်ဗျာ၊ အဲဒီကဆက်နွယ်ပြီး ကျုပ် သေလုမျောပါးဖြစ်ခဲ့ရတာ ခင်ဗျားရဲ့စနက်ကြောင့်ပဲဗျ"

ဟု ပြောဆိုလိုက်၏။

ထိုသူမှာ ရွှေတိုး လှည်းကြုံတင်၍ခေါ်ခဲ့သူ လူကြီးဖြစ်၏။ ထိုလူကြီးမှာ ကားတိုက်ခံရပြီး ဒဏ်ရာပြင်းထန်ကာ ဆရာဝန်ကြီးက လက်လျှော့ထားသော်လည်း နောက်တစ်နေ့တွင် ရွှေတိုးသွားရောက်ကြည့်ရှုချိန်၌ သတိပြန်လည်လာပြီဖြစ်၏။





သူသည် ရွှေတိုးကိုမြင်တွေ့လျှင် မျက်နှာအမူအရာပြောင်းလဲသွားပြီး အားတက်လာဟန်နှင့်

"မင်း...မင်း...ရွှေတိုးမဟုတ်လား၊ ငါ မင်းကိုရှာနေတာကွ"

ဟုပြောလေ၏။ ရွှေတိုးက အံ့ကြိတ်၍

"ကျုပ်ကိုဘာကြောင့် ရှာဖွေရတာလဲ၊ ကျုပ်ဆီမှာ ခင်ဗျားအလစ်သုတ်ဖို့ ဘာပစ္စည်းမှ မရှိတော့ပါဘူးဗျာ"

ဟုပြောဆိုလိုက်ရာ ထိုလူကြီးက

"မင်း ငါ့ကို အထင်လွဲနေမယ်ဆိုတာ သိပါတယ်၊ ငါ့စကားကို ဆုံးအောင်နားထောင်စမ်းပါကွာ၊ သေခါနီးလူတစ်ယောက်က မင်းကိုမလိမ်ပါဘူး၊ ဆန်စက်မှာ မင်းရဲ့လှည်းနဲ့အတူ ငါကျန်ရစ်ခဲ့တုန်းက အဖြစ်အပျက်ကို ပြောပြမယ်၊ အဲဒီအချိန်က လှည်းတွေ ဝင်လိုက်ထွက်လိုက်နဲ့ ရှုပ်ယှက်



www.burmeseclassic.com

www.burmeseclassic.com



ခတ်နေပြီး မင်းတို့ရွာကလှည်းတွေလည်း တကွဲတပြားဖြစ်သွားကြတယ်၊ ငါလည်း မင်းရဲ့လှည်းကို နေရာချဖို့ ဟိုမောင်းဒီမောင်းနဲ့ ဖြစ်နေတုန်း ဝမ်းဗိုက်က ရစ်ပြီးနာလာတာနဲ့ လှည်းကိုခဏထားပြီး တောထိုင်ရအောင် ပြေးရပြန်တယ်၊ ငါ လှည်းဆီကို ပြန်ရောက်တော့ လှည်းကိုမတွေ့ရတော့ဘူး၊ အဲဒီမှာ ငါတွေးမိလိုက်တာက လှည်းကိုရပ်ခဲ့စဉ်က မင်းတို့ရွာဘက်ကို ဦးတိုက်ပြီးရပ်ခဲ့တယ်ဆိုတာပဲ၊ နွားဆိုတဲ့သတ္တဝါကလည်း အသွားလမ်း အပြန်လမ်းကို မှတ်မိနေတော့ နွားတွေဟာ မောင်းသူမရှိဘဲ ရွာဘက်ကို ပြန်ပြေးပြီလို့ ထင်လိုက်မိတယ်၊ ဒါနဲ့ပဲ လှည်းလမ်းအတိုင်း အပြေးလိုက်ရတာပေါ့၊ မကြာပါဘူးကွာ၊ ငါထင်တဲ့အတိုင်း လှည်းကို မောင်းသူမရှိဘဲ ရွာဘက်ကို တရွေ့ရွေ့နဲ့ ပြန်သွားတာကို တွေ့ရတော့တာပဲ၊ ငါ့အတွက် လှည်းကို





တွေ့ပေမဲ့ နွားတွေကို ပြန်ပြီးမောင်းလာဖို့ တော်တော်ခက်တာပဲ၊ နွားတွေက ငါ့အမိန့်ကို မနာခံဘဲ ရွာဘက်ကို ဆွဲပြေးနေတော့တာပဲ”

ဟုပြောလေ၏။ ရွှေတိုးက ခေါင်းညိတ်ပြီး

“ဒီအတိုင်းမှန်ရင်တော့ ကျုပ်နွားတွေမှာ အဲဒီအကျင့်တော့ရှိတယ်၊ ကျုပ်ကလွဲရင် ဦးဘလှတောင် သိပ်ကိုင်လို့မရဘူး၊ ပြီးတော့ သူတို့ကို ရိုက်နှက်လို့လည်းမရဘူးဗျ”

ဟုဆိုလိုက်ရာ ထိုလူကြီးက အသက်ကိုပြင်းပြင်းရှူ၍

“ငါကလည်း ဆန့်စက်ကိုပြန်မောင်းလို့ မရတော့ ရိုက်နှက်မိတာပေါ့၊ ရိုက်လေရုန်းလေပါပဲကွာ၊ ဒါနဲ့ပဲ လွှတ်ပေးလိုက်ရတယ်၊ မင်းတို့ရွာကိုရောက်ရင်တော့ နွားတွေက အိမ်ကိုတန်းပြန်မှာဆိုတော့ ဘာပဲဖြစ်ဖြစ် အဆင်ပြေမယ်လို့ ထင်ထားတာကိုး၊ ဒါပေမဲ့ ကံဆိုးချင်တော့ ရွာမရောက်



www.burmeseclassic.com

www.burmeseclassic.com



ခင် လှည်းဝင်ရိုးက ကျိုးပါလေရောကွာ၊ ငါ့မှာ တ ခြားအကူအညီကိုစောင့်ရင်း အဲဒီမှာပဲ မိုးလင်း ခဲ့ရတယ်၊ နောက်ပိုင်းကျမှ မင်းဟာ ဆန့်စက်ကနေ ငါ့ကို လှည်းအလစ်သုတ်သွားတယ်ထင်ပြီး ရှာဖွေ ရအောင်ထွက်သွားရင်း တ ခြားသူတွေက စပါး ကြိတ်ခွဲပြီးတာတောင် ပြန်မရောက်သေးတာသိရ တယ်၊ ဒါကြောင့် ငါ မင်းကိုလိုက်ရှာနေတာပဲ ကွ၊ အဲဒီလိုရှာဖွေရင်း မြို့ကလေးရဲ့လမ်းမပေါ်မှာ မဆင်မခြင်မောင်းလာတဲ့ ကားတစ်စီးကြောင့် အခုလိုဒုက္ခတွေ့ရတာပါပဲကွာ''

ဟုရှင်းပြလေ၏။ ရွှေတိုးသည် ထိုလူကြီး၏စကားကြောင့် ရင်ထဲတွင် နင့်ခနဲဖြစ်ကာ

''ကျုပ် စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျား အပေါ် အထင်လွဲခဲ့မိတယ်''

ဟုတောင်းပန်လိုက်၏။ တစ်ဆက်တည်းပင် သချိုင်း





အတွင်းမှ နွားသူခိုးများအကြောင်းက ခေါင်းထဲသို့ရောက်လာပြီး

''ငါက နွားဆွဲသွားတဲ့ လူတစ်ယောက် နောက် ခြေရာခံမိပြီး လိုက်သွားခဲ့ပေမဲ့ အဲဒီနွားက ငါ့နွားမှမဟုတ်ဘဲ၊ ဒါပေမဲ့ ဟိုလူတွေက တကယ့် နွားသူခိုးတွေဆိုတော့ ငါ့ကိုရန်မူပြီး လွှတ်လိုက်မှာ ပေါ့၊ ဒါဆိုရင် ငါ့ရဲ့လှည်းတွေ၊ နွားတွေ မပျောက် ဆုံးတဲ့အတွက် ငါပျော်ပျော်ကြီး ရွာကိုပြန်လို့ရပြီ ပေါ့''

ဟုတွေးမိ၏။ ခုတင်ထက်မှ လူကြီးကမူ ရွှေတိုး၏လက်ကို ဆုပ်ကိုင်ကာ

''ငါ မနေရတော့ဘူးကွာ၊ ငါ့ဝေဒနာကို ငါသိပါတယ်၊ စိတ်က တင်းထားလို့သာ အသက် မထွက်သေးတာပါ၊ မင်းကို အကူအညီတစ်ခု တောင်းစရာရှိတယ်၊ ငါ့မိခင်က ငါ့ကို အိမ်ပေါ်က နှင်ချကတည်းက ဘယ်သူ့ဆီကမှ အကူအညီမယူ



www.burmeseclassic.com

www.burmeseclassic.com



*ရဘူးလို့ မှာလိုက်ပေမဲ့ ဒီအကူအညီကိုတော့ ငါ့အတွက် နောက်ဆုံးအနေနဲ့ လိုအပ်နေတယ်"*

ဟုပြောလေ၏။ ရွှေတိုးက လူကြီး၏လက်ကိုဖျစ်၍ ပြန်လည်အားပေးလိုက်ပြီး

*"ခင်ဗျား မသေနိုင်ပါဘူးဗျာ၊ ကျုပ်ဘက်ကလည်း ကူညီနိုင်တာကို အစွမ်းကုန်ကူညီပေးပါ့မယ်"*

ဟု ကတိပေးလိုက်၏။ လူကြီး၏ နှုတ်ခမ်းမှ အပြုံးရိပ်ပေါ်လာပြီး

*"ဒီလိုဆိုရင် ငါသေပျော်ပါပြီကွာ"*

ဟုပြောလေတော့၏။

◆◆◆





ထိပ်တင်ဆွေသည် ကိုဖိုးလူ၏နောက်မှ ရင်တထိတ်ထိတ်နှင့်လိုက်ပါခဲ့ရ၏။ ဤသို့ ညအခါတွင်လုပ်ရမည့် အလုပ်မျိုးကို ထိပ်တင်ဆွေမှာ စဉ်းစား၍မရချေ။

ယမန်နေ့ကလို ရေကန်တူးရန် မြေပေါက်ရမည်လား မသိဟုတွေးမိ၏။ တဆက်တည်းပင် အရှုးမလေးကို သတိရမိ၏။

ထိုအခိုက် ကိုဖိုးလူက ထိပ်တင်ဆွေကို လက်တို့ပြီး

*"ကဲဟေ့… အလုပ်လုပ်ရမဲ့နေရာကို ရောက်ပြီ"*

ဟုပြောလေ၏။



www.burmeseclassic.com

ထိုအခါမှပင် ထိပ်တင်ဆွေသည် ပတ်ဝန်းကျင်ကို သတိပြုမိ၏။ ထိုနေရာမှာ ဘူတာနှင့်များစွာ မဝေးကွာလှသော ညဈေးတန်းကလေးဖြစ်၏။ ဈေးတန်းကလေးများ၊ အသားငါးများ၊ ဟင်းသီးဟင်းရွက်များ ရောင်းချသော ယာယီဆိုင်တန်းကလေး ဖြစ်သလို နောက်ဘက်တွင် စားသောက်ဆိုင်အချို့ကိုလည်း တွေ့ရ၏။

ကိုဖိုးလူက ထိပ်တင်ဆွေကို တရုတ်စားသောက်ဆိုင်တစ်ခုသို့ သွားရန် ခေါ်ဆောင်လေ၏။ ထိပ်တင်ဆွေက

*"ဟေ့လူ…ကြည့်လည်းလုပ်ဦးနော်၊ စားသောက်ဆိုင်ဝင်ပြီး စားသောက်ဦးမလို့လား၊ ကျုပ်တို့မှာ ငွေလည်းရှိတာမဟုတ်ဘူး"*

ဟုပြောလိုက်လေရာ ကိုဖိုးလူက ဟက်ခနဲရယ်၍

*"လိုက်မှာသာ လိုက်ခဲ့စမ်းပါကွာ၊ စားသောက်ဖို့မဟုတ်ဘူးကွ၊ အလုပ်လုပ်ရမှာ"*

ဟု ဆိုလေ၏။

ထိပ်တင်ဆွေ၏ စိတ်တွင်းမှ ဒီတစ်ခါတော့ စားသောက်





ဆိုင်တွင် ပန်းကန်ဆေးရတော့မည်ဟု တွေးလိုက်မိ၏။ ဆိုင်တွင်း၌ စားသောက်နေသူ အနည်းငယ်ရှိပြီး ဆိုင်ရှင်ဖြစ်သူ ပိန်လှီလှသော တရုတ်ကြီးမှာ ခုံတစ်လုံးတွင် မျောက်မှိုင် မှိုင်နေသည်ကိုတွေ့ရ၏။

ကိုဖိုးလူက တရုတ်ကြီးကို

*"ကဲ…ထောင်တဲ၊ ကျုပ်တို့တော့ ရောက်ပြီ"*

ဟု အကြောင်းကြားလိုက်၏။

တရုတ်ကြီးက မျက်လုံးကို မှေးစင်းပြီး စိတ်မပါဟန်နှင့် ခေါင်းဆတ်ပြကာ တန်းလျားတစ်ခုတွင် ထိုင်ရန်ညွှန်ပြ၏။ ကိုဖိုးလူကလည်း ခပ်တည်တည်ပင် ခုံတန်းလျား၌ထိုင်၍ ထိပ်တင်ဆွေကို

*"မကြာခင် အလုပ်စရတော့မယ်"*

ဟု သတိပေး၏။

ထိပ်တင်ဆွေလည်း အူကြောင်ကြောင်နှင့် စောင်းဆိုင်းနေရ၏။ အချိန်အတန်ကြာလျှင် ဆိုင်တွင်းသို့ ဆံပင်ရှည်တို့ကို ကျစ်ဆံဦးကျစ်၍ထားသော အင်္ကျီကို ရင်ဘတ်ဖွင့်၍ဝတ်ထားသည့် တရုတ်လူမျိုး လူထွားကြီးတစ်ယောက်ရောက်ရှိလာ၏။

www.burmeseclassic.com



ထိုအခါ မျောက်မှိုင်မှိုင်နေသော ပိုင်ရှင်တရုတ်မှာ ထိုင်ရာမှ ဆတ်ခနဲထ၍ မျက်နှာပြုံးချိုစွာနှင့် လူထွားကြီးကို

*"ရှောင်ယီ…လာပါ၊ လာပါ"*

ဟု ဆီးကြိုလေ၏။ လူထွားကြီးရှောင်ယီက မျက်နှာတင်းမာစွာနှင့် လက်ဝါးကိုဖြန့်ပြီး

*"ဒီနေ့ ရက်ချိန်းစေ့ပြီဆိုတာ သဘောပေါက်တယ်နော်၊ ငွေပေးပေတော့"*

ဟု တောင်းလေ၏။ ဆိုင်ရှင်တရုတ်ကြီးမှာ တွန့်ခနဲဖြစ်၍ မျက်နှာငယ်ကလေးနှင့်

*"ငါ့မှာ အဆင်မပြေပါဘူးကွာ၊ ဈေးရောင်းမကောင်းတာလည်း မင်းအမြင်ပဲ မဟုတ်လား"*

ဟု တောင်းပန်လေရာ ရှောင်ယီက ဆတ်ခနဲပင် တရုတ်ကြီးကို ကုတ်မှကိုင်၍

*"သေသွားချင်သလား၊ ကျုပ်ကို ဒီလို အပေါက်မျိုးချိုးတာ မကြိုက်ဘူး"*





ဟု ကြိမ်းဝါးစဉ် ကိုဖိုးလူက

*"လွှတ်လိုက်စမ်းပါကွာ၊ လူကြီးသူမကို ရိုသေလေးစားရကောင်းမှန်း နားမလည်ဘူးလား"*

ဟု ဟန့်တားလေ၏။ ရှောင်ယီက တရုတ်ကြီးကို လွှတ်ပြီး ချာခနဲလှည့်ကာ ကိုဖိုးလူကို မျက်ထောင့်နီကြီးနှင့်ကြည့်၍

*"ဒုက္ခများချင်ပြီထင်တယ်၊ ရှောင်ယီဆိုတာ မကြားဖူးဘူးလား"*

ဟုပြောလေ၏။ ကိုဖိုးလူကလည်း

*"ဖိုးလူဆိုတာကိုရော ကြားဖူးသလား"*

ဟု မခန့်လေးစားနှင့်ပြန်လည်မေးမြန်းလိုက်၏။ ရှောင်ယီက ဝုန်းခနဲ ကိုဖိုးလူနှင့်မျက်နှာချင်းထိလုမတတ် တိုးကပ်ပြီး အံကြိတ်ကာ

*"မင်းကို နောက်ဆုံးအနေနဲ့ အခွင့်အရေး ပေးလိုက်မယ်၊ ငါ့ရှေ့က မြန်မြန်ထွက်သွားစမ်း"*

ဟု အမိန့်ပေး၏။ ကိုဖိုးလူကလည်း



www.burmeseclassic.com

www.burmeseclassic.com



*"မင်းကိုလည်း ဒီဆိုင်က တစ်မိနစ်အတွင်း*

*ထွက်သွားဖို့ အခွင့်အရေးပေးလိုက်မယ်"*

ဟု ပြန်လည်ပြောဆို၏။

ထိုအခါ ရှောင်ယီက စကားမပြောတော့ဘဲ ကိုဖိုးလူ၏ လည်ပင်းကိုညှစ်ရန် သန်မာသောလက်ကြီးနှစ်ဖက်ကိုသာဖျတ်ခနဲ လှုပ်ရှားလိုက်တော့၏။

ထိုအဖြစ်ကို ပွဲကြည့်ပရိသတ်လို ကြည့်ရှုနေသော ထိပ်တင်ဆွေသည် ကိုဖိုးလူအတွက် စိုးရိမ်သွားမိ၏။ ကိုဖိုးလူမှာ ရှောင်ယီ၏လက်တွန်း၌ မရှုမလှခံရတော့မည်ကို မြင်ယောင်မိနေစဉ်ပင် ရှောင်ယီမှာ ဝုန်းခနဲနောက်သို့ လန်ကျသွားသည်ကိုတွေ့လိုက်ရတော့၏။

ရှောင်ယီသည် ကြဲ့ရန်းထရန် ကြိုးစားနေစဉ်မှာပင် ကိုဖိုးလူ၏ ဘောလုံးတစ်လုံးကို ကန်သလို ဆက်တိုက်တိုးဝင်လာသော ခြေကန်ချက်များကိုရှောင်တိမ်းရင်း ကြမ်းပေါ်တွင် လူးလိမ့်နေ၏။

ရှောင်ယီ၏မျက်နှာတွင် သွေးတို့ချင်းချင်းနီနေပြီ။ ကိုဖိုးလူ





တမူ သနားညှာတာဟန်မရှိဘဲ

*"ရှောင်ယီ၊ မင်းကိုငါပေးထားတဲ့အခွင့်*

*အရေးကို မှတ်မိသေးလား၊ ဒီဆိုင်ထဲက တစ်မိနစ်*

*အတွင်း ထွက်သွားမယ်ဆိုရင် သက်သာမယ်"*

ဟုပြောလိုက်၏။

ထိုသို့ပြောဆိုပြီးသော်လည်း ကန်ကျောက်ခြင်းကိုမူ မရပ်တန့်ချေ။ ရှောင်ယီမှာ အခြေအနေမဟန်မှန်းသိရှိပြီး လက်ကာပြကာ

*"ကျုပ်...ကျုပ်...ထွက်သွားပါတော့မယ်"*

ဟုပြောလေ၏။ ကိုဖိုးလူက ခေါင်းညိတ်ပြီးရပ်တန့်ကာ

*"ကောင်းပြီ၊ မင်းကိုနောင်ဆိုရင် ဒီပတ်ဝန်း*

*ကျင်မှာ မမြင်ချင်တော့ဘူး"*

ဟုဆိုလိုက်၏။

ရှောင်ယီမှာ အစွယ်ကျိုးသောမြွေကဲ့သို့ ဆိုင်ထဲမှ ခပ်ကုတ်ကုတ် ထွက်သွားချေပြီ။ ထိုအခါမှပင် ဆိုင်ရှင်တရုတ်ကြီးက ကိုဖိုးလူကို အကြိမ်ကြိမ်ဦးညွှတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာကွာ၊ မောင်ရင်နဲ့ပြောထားတဲ့အတိုင်း ငွေ (၁၀၀) ယူပါ၊ ဒီညအတွက် ကျုပ်ဆိုင်မှာ ကြိုက်သလို စားသောက်နိုင်ပါတယ်"

ဟု ဖိတ်ခေါ်လေ၏။ ကိုဖိုးလူက ခေါင်းယမ်းပြီး

"ကျုပ်တို့ စည်းကမ်းချက်ထဲမှာ ငွေ(၁၀၀)ပဲ သတ်မှတ်ထားတာ၊ ကျန်တဲ့အခွင့်အရေးတွေကို ကျုပ်မယူဘူး၊ ကဲ.. သွားပြီ၊ နောက်ဆိုရင် ရှောင်ယီဟာ ခင်ဗျားဆိုင်ရှေ့ကို ဖြတ်လျှောက်ရဲမှာတောင် မဟုတ်တော့ဘူး"

ဟု ပြော၍ တရုတ်ကြီးထံမှငွေကို ဆတ်ခနဲဆွဲယူလေ၏ ပြီးလျှင် ထိပ်တင်ဆွေကို ဆိုင်မှထွက်ခွာရန် မျက်ရိပ်ပြလေတော့၏ ထိပ်တင်ဆွေက လမ်းမထက်သို့ရောက်လျှင် ကိုဖိုးလူက

"ခင်ဗျားအလုပ်အကိုင်က ဒါမျိုးလား၊ ကျုပ် ရိပ်မိပါပြီ၊ ခင်ဗျားက မိုက်ကြေးခွဲတတ်တဲ့ လူမိုက်





ရဲ့ရန်က စားသောက်ဆိုင်ပိုင်ရှင် တရုတ်ကြီးကို အကာအကွယ်ပေးပြီး ရှင်းလင်းပေးလိုက်တာပေါ့"

ဟုဆိုလိုက်ရာ ကိုဖိုးလူက

"ဟုတ်တယ်၊ ငါလည်း သွားလာရင်း ဆိုင်ရှေ့မှာ မျောက်မှိုင်မှိုင်နေတဲ့ တရုတ်ကြီးကို တွေ့လို့ စုံစမ်းရင်း သူ့ကို ရှောင်ယီက မကြာခဏ ခြိမ်းခြောက်ငွေညှစ်နေတယ်လို့ သိရတော့ ငါ့ဘက်က ကာကွယ်ပေးမယ်လို့ ကတိပေးလိုက်တယ်၊ တရုတ်ကြီးက ငါ့ကိုမယုံကြည်ပါဘူး၊ တကယ်လို့ ကာကွယ်ပေးနိုင်ရင် ငွေ (၁၀၀) ပေးမယ်လို့တောင် ပြောလိုက်သေးတယ်"

ဟုပြောလေ၏။

ထိုညအတွက် သူတို့နှစ်ယောက်မှာ ဘူတာတွင် အိပ်စက်ရန် မလိုဘဲ တည်းခိုခန်းတစ်ခုတွင်ဖိမ်ကျကျ နားခိုနိုင်ပြီဖြစ်၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိုးသည် ဧရာဝတီမြစ်ဝကျွန်းပေါ် မြို့ကလေးတစ်မြို့သို့ သွားလာနေသည့် မော်တော်ကြီးတစ်စီးထက်တွင် လိုက်ပါလျက်ရှိ၏။

ထိုခရီးသည် သူ့ဘဝအတွက် အပြောင်းအလဲတစ်ခုလည်းဖြစ်၏။ သူသည် မော်တော်ကြီးထက်တွင် လိုက်ပါရင်း လည်ပင်း၌ ဆွဲထားသောအရာကလေးကို မကြာခဏ စမ်းသပ်မိ၏။

ထိုအရာကလေးမှာ ပိုးကြိုးအနီနှင့်တွဲထားသော ကျောက်စိမ်းပြားအပိုင်းအစကလေးဖြစ်၏။ ထိုကျောက်စိမ်းပြားမှာ သုံးပုံးကစားရာတွင် အသုံးပြုသော ဖဲချပ်တစ်မျိုးသာဖြစ်၏။





ကျောက်စိမ်းပြားတွင် အချိုင့်ကလေးတစ်ခုတွင်းထားပြီး ဆေးအနီသုတ်ထား၏။ ထိုအရာကလေးကို ရွှေတိုးသည် ဦးဘကောင်းဟူသည့် လူကြီးထံမှ လက်ခံရရှိခဲ့၏။ ဦးဘကောင်းမှာ ရွှေတိုးက လူညီးသူခိုးဟု ထင်မှတ်ခဲ့ပြီး ဆေးရုံတွင် မထင်မှတ်ဘဲ ပြန်လည်တွေ့ဆုံခဲ့သူ လူကြီးဖြစ်၏။

ဦးဘကောင်းသည် ကားတိုက်ခံရသောဒဏ်ရာနှင့် ဆေးရုံသို့ရောက်ရှိပြီး (၃)ရက်မြောက်တွင် ကွယ်လွန်သွားခဲ့၏။ သူသည် မသေဆုံးမီ ရွှေတိုးကို အကူအညီတောင်းပြီး ကျောက်စိမ်းပြားကလေး ပေးအပ်ကာ

*"ငါ့မိခင်ဆီကို ဒီဟာလေး အရောက်ပို့ပေးပါကွာ၊ ငါ့ရဲ့သတင်းဆိုးကိုလည်း အကြောင်းကြားပေးပါ၊ အမေက ငါ့ကိုအိမ်ပေါ်က နှင်ချခဲ့တယ်ဆိုပေမဲ့ စိတ်ဆိုးလို့မဟုတ်ဘဲ ငါ့ကို သံသာရလောကကြီးထဲက သင်ခန်းစာတွေကို သဘောပေါက်အောင် လုပ်လိုက်တာပါ၊ ငါကလည်း ငါ့*



www.burmeseclassic.com

www.burmeseclassic.com



*ရည်ရွယ်ချက်နဲ့ အိမ်ပေါ်က ဆင်းလာခဲ့တာပါ၊ အဲဒါကတော့ ယောဒီကျောက်စိမ်းပြားလေးနဲ့ ပတ်သက်တဲ့ လူတစ်ယောက်ကို ရှာဖွေဖို့ပါပဲ၊ အခုတော့ ငါ့အတွက် ဘာမှ အကောင်အထည်မဖော်နိုင်ဘဲ သေဆုံးရတော့မယ်၊ ဒီပစ္စည်းကလေးကို ငါ့အမေလက်ထဲကိုသာ အရောက်ထည့်ပေးပါကွာ"*

ဟု မှာကြားခဲ့၏။

ထိုအမျိုးသမီးကြီး၏လိပ်စာကိုလည်း ပေးခဲ့၏။ ထို့ကြောင့် ရွှေတိုးသည် ထိုလူကြီးသေဆုံးသွားလျှင် မြို့ကလေး၏သင်္ချိုင်းတွင် ကောင်းစွာမြှုပ်နှံသဂြိုဟ်ပြီး ရွာသို့မပြန်နိုင်ဘဲ ခရီးဆက်ခဲ့ရပြန်၏။

ရွှေတိုးသည် လိပ်စာပါအတိုင်း ထိုမြို့သို့ရောက်လျှင် ဦးဘကောင်း၏မိခင်ကို ရှာဖွေ၍ သွားရောက်တွေ့ဆုံလေ၏။

ထိုအခါ ဦးဘကောင်းသည် ကွယ်ဝသောမိဘများမှ ဆင်းသက်လာသူမှန်း သိလိုက်ရ၏။ ဦးဘကောင်း၏မိခင်မှာ မြစ်ကမ်း





ပါးကို မျက်နှာမူပြီး ဆောက်လုပ်ထားသော ရဲတိုက်ဆန်ဆန် အိမ်ကြီးတွင် နေထိုင်လေ၏။

သူမသည် အသက် (၇၀)ကျော်အရွယ်ရောက်ရှိပြီး တစ်ခေါင်းလုံး ဆံပင်ဖြူတို့နှင့်ဖုံးလွှမ်းနေချေပြီ။ အရွယ်နှင့်မမျှအောင် ကျန်းမာဟန်ရှိသော အဘွားအိုသည် ဦးဘကောင်း၏သတင်းဆိုးကို ကြားလျှင် မူးမေ့လဲကျမတတ်ဖြစ်ကာ

*"ငါမှားသွားပြီထင်တယ်၊ ဘကောင်းကို နှင်ချလိုက်တာ မှားသွားပြီထင်တယ်၊ အခုတော့ ငါ့သွေးရင်းဆိုလို့ဘယ်သူမှ မရှိတော့ပါလား၊ အားလုံးက ငါ့ကိုစွန့်ခွာသွားကြပြီ"*

ဟု ကြေကွဲဟန်နှင့် ရေရွတ်နေလေ၏။

ထို့နောက် ရွှေတိုးပေးအပ်လိုက်သော ကျောက်စိမ်းပြားကလေးကို စူးစိုက်ကြည့်ကာ အနည်းငယ်အားတက်လာဟန်နှင့်

*"သူ...သူတော့ ရှိသေးတာပဲ၊ သူဟာ ငါ့ရဲ့နောက်ဆုံးမျိုးဆက်ပဲ"*



www.burmeseclassic.com

www.burmeseclassic.com



ဟုရေရွတ်ပြန်၏။

အဘွားအိုသည် ပူဆွေးဝမ်းနည်းနေသော်လည်း ရွှေတိုးကို အိမ်တွင် ကောင်းမွန်စွာစောင့်ရှောက်ရန်အစေအပါးများကိုညွှန်ကြားထား၏။

နောက်တစ်နေ့တွင်မှ ရွှေတိုးနှင့်တွေ့ဆုံပြီး ရွှေတိုး၏ အကြောင်းများကို မေးမြန်းလေ၏။ ရွှေတိုးကလည်း ရွာမှနေ၍ ဆန်စက်သို့ စပါးကြိတ်ခွဲရန် သွားရောက်ရင်း မထင်မှတ်ဘဲကြုံတွေ့ရသော အဖြစ်အပျက်များကို ရှင်းပြလိုက်၏။

အဘွားအိုက ရွှေတိုး၏စကားဆုံးလျှင် အတန်ကြာမျှ ငြိမ်သက်နေပြီးမှ သက်ပြင်းချကာ

"လူကလေးကို အဘွားအကူအညီတစ်ခု တောင်းစရာရှိတယ်၊ အဲဒီအတွက် လူကလေးကို မနစ်နာစေရပါဘူး၊ အတိအကျပြောရရင် လူကလေးရဲ့ စာရင်းငှားဘဝက လွတ်မြောက်ပြီး လယ်ပိုင်ယာပိုင်နဲ့ သူဌေးတစ်ယောက်လိုနေနိုင်အောင် အဘွားလုပ်ပေးနိုင်ပါတယ်"





ဟုပြောလေ၏။ ရွှေတိုးက နားမလည်ဟန်နှင့် ရှိနေစဉ် အဘွားအိုက ဆက်၍

"ဒီလိုပါကွယ်၊ အဘွားမှာ ဘကောင်းအမြင် ဘကောင်းရဲ့အထက်က သမီးကြီးတစ်ယောက်ရှိခဲ့သေးတယ်၊ သူတို့မောင်နှမကို အဘွားက ကောင်းကောင်းမွန်မွန် ကျွေးမွေးစောင့်ရှောက်ခဲ့ပေမဲ့ သမီးကြီးကတော့ မိုက်လုံးကြီးပြီး လူရူပ်လူပွေ လောင်းကစားသမားတစ်ယောက်နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားတော့တာပဲ၊ အဘွားကလည်း သမီးကိုနောင်ကြဉ်အောင် ပစ်ထားခဲ့မိတယ်၊ နောက်ပိုင်းမှာ အဘွားက ပြန်ပြီးရှာဖွေခဲ့ပေမဲ့ သူတို့ဟာ နေရပ်ကိုစွန့်ခွာပြီး ဘယ်ဆီကို ရောက်သွားသလဲဆိုတာ မသိရဘဲ ခြေရာပျောက်သွားခဲ့တယ်၊ သူတို့မှာ အဘွားရဲ့မြေးကလေးတော် စပ်တဲ့ သမီးကလေးတစ်ယောက် ဖွားမြင်ခဲ့တာကို



www.burmeseclassic.com

www.burmeseclassic.com



ပဲ သိလိုက်ရတယ်"

ဟုဆိုလေ၏။ ထိုအခါ ရွှေတိုးက

"ဒါဆိုရင် ကျုပ်က အဲဒီအဘွားရဲ့မြေးမလေးကို ရှာဖွေပေးရမှာပေါ့"

ဟုပြောလိုက်ရာ အဘွားအိုက ခေါင်းညိတ်၍

"ဟုတ်တယ်၊ ဒါပေမဲ့ ထင်သလောက်လွယ်ကူမှာမဟုတ်ဘူး၊ အဘွားနောက်ဆုံးရခဲ့တဲ့ သတင်းအရတော့ မြေးမလေးရဲ့ဖခင်ဖြစ်တဲ့ လောင်းကစားသမားဟာ သေဆုံးသွားခဲ့ပြီး အဘွားရဲ့သမီးနဲ့ မြေးကလေးပဲ ကျန်ရစ်ခဲ့တယ်လို့ သိရတယ်၊ မြေးကလေးဟာ ရန်ကုန်မြို့က အလွတ်ပညာသင်ကျောင်းတစ်ခုမှာ ကျောင်းဆရာမလေးလုပ်ပြီး သားအမိနှစ်ယောက် ချို့ချို့တဲ့တဲ့နဲ့နေထိုင်ကြတယ်လို့ သိရတယ်၊ အဘွားလည်း သတင်းအတိုင်း ချက်ချင်းရောက်သွားခဲ့ပေမဲ့ အမျိုးသမီးရောဂါနဲ့သေအံ့မူး





ဖြစ်နေတဲ့ သမီးဖြစ်သူကိုပဲ တွေ့ရပြီး မြေးကလေးကတော့ ကျောင်းကအပြန်လမ်းမှာ ပျောက်ဆုံးနေတယ်ဆိုတဲ့အကြောင်း ကြားရတော့တာပဲ၊ အဘွားရဲ့လက်ပေါ်မှာပဲ သမီးမိုက်ကတော့ သေဆုံးသွားခဲ့ပါပြီ"

ဟု ရှင်းပြလေ၏။ ရွှေတိုး အဘွားအိုး၏အဖြစ်ကို စာနာဟန်နှင့်

"အဘွားက သမီးကိုတွေ့ပေမဲ့ ကံဆိုးချင်တော့ မြေးက ထပ်ပျောက်နေတာပေါ့"

ဟု ဆိုလိုက်ရာ အဘွားအိုက

"ကံကြမ္မာအလှည့်အပြောင်းကို ဘယ်သူမှ မမြင်နိုင်ဘူးဆိုတဲ့ စကားလိုပေါ့ကွယ်၊ အဘွားရဲ့သမီး မသေခင်က ဟောဒီကျောက်စိမ်းပြား အပိုင်းကလေးပေးပြီး မြေးကလေးဆီမှာလည်း ကျန်တဲ့အပိုင်းတစ်ခုရှိတယ်လို့ မှာခဲ့တယ်၊ သူတို့ဖခင်က



www.burmeseclassic.com

www.burmeseclassic.com



"လောင်းကစားသမားဆိုတော့ အမှတ်တရအနေနဲ့ ကျောက်စိမ်းဖဲချပ်ကလေးကိုချိုးပြီး ဖနီးနဲ့သမီးကို ပေးထားခဲ့တယ်လို့ဆိုတယ်၊ ဖဲချပ်ကလေးက သုံးပွင့်ရှိပြီး သုံးပေါက်ချွန်းလို့ခေါ်တဲ့ ဖဲချပ်ပေါ့၊ မြေးကလေးဆီမှာ နှစ်ပွင့်ပါတဲ့ ကျောက်စိမ်းပြား အပိုင်းအစလေးရှိနေမှာပေါ့"

ဟုပြောလေ၏၊

ရွှေတိုးသည် ပခုံးထက်တွင် တာဝန်တစ်ခု ထပ်မံရောက်ရှိလာပြန်၏။ သူ့ကို အဘွားအိုက ကျောက်စိမ်းပြားကလေးကို လည်တိုင်တွင် ကိုယ်တိုင်ဆွဲပေးကာ

"ဒီဟာလေးနဲ့ ဆက်စပ်နိုင်တဲ့ ကျောက်စိမ်းပြားပိုင်ရှင် မိန်းကလေးကိုတွေ့အောင်ရှာဖွေပေးပါကွယ်၊ အဘွားမသေခင် မြေးကလေးကိုတွေ့ပြီး စည်းစိမ်ဥစ္စာတွေ လွှဲပြောင်းပေးခဲ့ချင်တယ်"

ဟုပြောလေ၏။





ရွှေတိုးက ရွာသို့ ဒီအတိုင်းပြန်လျှင်လည်း စာရင်းငှားဘဝသို့ ပြန်ရောက်ကာ မူလအတိုင်းပင် ငွေမက်လှသော ဒေါ်စိန်ထွားကြီးကြောင့် မမြလေးနှင့် နီးစပ်ရန် ခက်ခဲမည်ကိုတွေးမိ၏။

ယခုတော့ တစ်ချက်ခုတ်၍ နှစ်ချက်ပြတ်ချေတော့မည်။ သူက အဘွားအိုကို ဖွင့်ဖွင့်လင်းလင်းပင်

"ကျုပ်ကတော့ သူတစ်ပါးကို ကူညီရတာဘယ်တော့မှ ဝန်မလေးပါဘူး၊ ကျုပ်အတွက်လည်း အဆင်ပြေတာပဲလေ၊ ဒါကြောင့် စွမ်းအားရှိသရွေ့ အဘွားရဲ့မြေးကလေးကို ရှာဖွေပေးပါ့မယ်လို့ ဆုံးဖြတ်ထားပါတယ်"

ဟု ပြောဆိုခဲ့လေ၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ဆွေသည် ကိုဖိုးလူ၏ ကြံ့ရာကျပန်းအလုပ်ဟူသည်ကို ကောင်းစွာ သဘောပေါက်သွားပြီဖြစ်၏။ သူတို့သည် ခြေဦးတည့်ရာ သွားလာရင်း ကိုဖိုးလူက ရွာကလေးများသို့ရောက်လျှင် ရွာခံလုလင်ပျိုတို့က သိုင်းပညာသင်ကြားပေးရန် တောင်းဆိုလေရာ သိုင်းဆရာဖြစ်သွားပြန်၏။

အခြားတစ်နေရာသို့ရောက်လျှင် ကိုဖိုးလူသည် ဗေဒင်ဆရာတစ်ယောက်ဖြစ်သွားပြန်၏။ တစ်ခါတစ်ရံ ဘုရားပွဲများနှင့်ကြုံတွေ့လျှင် ကိုဖိုးလူမှာ မျက်လှည့်ပစ္စည်းကလေးများ စုဆောင်းပြီး မျက်လှည့်ဆရာဖြစ်သွားပြန်၏။





ကြုံလျှင်ကြုံသလိုလည်း အင်္ဂလိပ်အစိုးရ ဆုငွေထုတ်ထားသော ဝရမ်းပြေးများကို ခက်ခက်ခဲခဲဖမ်းဆီးပြီး ဆုငွေထုတ်ယူတတ်၏။

ထိုအခါမျိုးတွင် ထိပ်တင်ဆွေအတွက် စိုးရိမ်ထိတ်လန့်မှုလွန်ကဲနေတတ်၏။ သူသည် ကိုဖိုးလူလို ရဲဝံ့သူမဟုတ်ချေ။

ထို့ကြောင့် တိုက်ခိုက်သတ်ပုတ်ရခြင်းများ အခန့်မသင့်လျှင် အသက်အန္တရာယ်များကြားမှ ပြေးလွှားရသည်များကိုလည်း မပြုလုပ်လိုပေ။

ကိုဖိုးလူကမူ ကြောင့်ကြမှု ကင်းစွာနှင့်ကြံ့ရာကျပန်း လုပ်ကိုင်လျက်ရှိ၏။ ထို့ကြောင့် တစ်နေရာတွင် ထိပ်တင်ဆွေက

*“ဒီမှာ ကိုဖိုးလူ၊ ကျုပ် ခင်ဗျားနဲ့သွားလာနေရတာ အဆင်ပြေပါတယ်ဗျာ၊ ဒါပေမဲ့ ဒီလိုနေရာအနှံ့လှည့်ပြီး အလုပ်ကလေးတစ်ခု လုပ်လိုက်ရတဲ့ငွေကလေးကို သုံးပစ်လိုက်၊ ငွေကုန်တော့မှ အလုပ်တစ်ခု ထပ်ရှာလိုက်နဲ့ မထင်ရင်မထင်သလို ကြမ်း*



www.burmeseclassic.com

ကြမ်းတမ်းတမ်းတွေ လုပ်ရသေးတယ်၊ ကျုပ် အဲဒီလိုမျိုးတွေ မလုပ်ချင်တော့ဘူးဗျာ"

ဟုပြောလေရာ ကိုဖိုးလှုက

"ငါသိပါတယ်ကွာ၊ မင်းက ဘဝယောင်းလိုပဲ တင့်တောင့်တင့်တယ်နဲ့ ချမ်းချမ်းသာသာနေချင်တာမဟုတ်လား၊ ငါ့အလုပ်မျိုးကတော့ မင်းမှန်းထားသလောက် ချမ်းသာမှာမဟုတ်ပါဘူးကွာ၊ တစ်ခုတော့ရှိတယ်၊ မင်းလိုလူမျိုးအတွက် သင့်တော်မဲ့ အလုပ်ကတော့ နယ်စပ်ဘက်သွားပြီး ကုန်ရောင်းကုန်ဝယ် လုပ်ရင်လုပ်၊ မလုပ်ရင် ကျောက်စိမ်းတို့၊ ပတ္တမြားတို့လို ရတနာတူးဖော်တဲ့ အလုပ်တွေကို လုပ်ပေတော့၊ အဲဒီအလုပ်တွေက ပင်ပန်းတာမှန်ပေမဲ့ ကံနဲ့သက်ဆိုင်နေတာမဟုတ်လား၊ မင်းလိုကံသမားနဲ့တော့ ကိုက်လောက်ပါတယ်"





ဟု အကြံပေး၏။ ထိပ်တင်ဆွေက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ကျုပ်ဖြစ်နေတာက ခင်ဗျားပြောတာနဲ့ တစ်ထပ်တည်းပဲ၊ ကျုပ် ကျောက်တူးရရင်ကောင်းမယ်"

ဟု ဆိုလေရာ ကိုဖိုးလှုက

"ဒါဆိုရင် မြစ်ကြီးနားဘက်ကိုတက်ပြီး ကျောက်စိမ်းရှာပေတော့၊ ဥရုချောင်းမှာ ကျောက်စိမ်းထွက်တာပဲ၊ သေရင်မြေကြီး ရှင်ရင်ရွှေထီးပေါ့ကွာ၊ မင်းအတွက် လမ်းစရိတ်တွေဘာတွေ ငါ အလုံအလောက်ပေးလိုက်မယ်"

ဟုပြောလေ၏။

ထိပ်တင်ဆွေက အားတက်ပြီး ထိုအလုပ်ကိုလုပ်ရန် ဆုံးဖြတ်လိုက်၏။

ထို့အတူ သူ့ကိုကူညီစောင့်ရှောက်ခဲ့သော ကိုဖိုးလှုဟူသော ထူးလှဆန်းကြီးနှင့်လည်း လမ်းခွဲရပေတော့မည်။ တကယ်တမ်း

www.burmeseclassic.com



ကိုဖိုးလူနှင့်နှုတ်ဆက်ပြီး လမ်းခွဲလိုက်သောအခါ ထိပ်တင်ဆွေမှာ အားငယ်သွားမိ၏။

သူ၏အကြံကိုလည်း စွန့်လွှတ်ကာ ကိုဖိုးလူနှင့်ပြန်၍လက်တွဲမည်ဟုပင် စိတ်ကူးမိ၏။

သို့သော် အားတင်းပြီး

*"ယောက်ျားပဲကွ၊ ချမ်းသာခြင်းဆိုတာ အလွယ်တကူ ဘယ်ရမလဲ၊ စွန့်စားရှာဖွေရမှာပေါ့"*

ဟုတွေးမိကာ ခရီးဆက်ခဲ့တော့၏။

ထို့နောက် ရက်အတန်ကြာလျှင် ထိပ်တင်ဆွေသည် မန္တလေးနှင့်မြစ်ကြီးနားသွား မီးရထားတစ်စင်းထက်တွင် လိုက်ပါနေချေပြီ။

သူသည် ထိုအထိ အခက်အခဲမတွေ့ရသေးချေ။ ကိုဖိုးလူက မခွဲခွာခင် ထိပ်တင်ဆွေကို

*"ဒီမှာကိုယ့်လူ၊ အခုဆိုရင် မင်းက ကိုယ့်အစွမ်းအစနဲ့ကိုယ် လှုပ်ရှားရတော့မယ်၊ ဒီတော့ အကြောင်ကြောင်လုပ်နေလို့ မရဘူး၊ ဘယ်သူ့ကို*





*မှလည်း မယုံကြည်နဲ့၊ မျက်စိနဲ့နားတွေကို အစွမ်းကုန်ဖွင့်ပြီး ကျားရဲတောထဲကိုရောက်သွားတဲ့ ယုန်ကလေးလို သတိမပြတ်စေနဲ့၊ တကယ်တော့ လူ့ဘဝဆိုတာလည်း ကျားရဲတောကြီးတစ်ခုလိုပါပဲကွာ"*

ဟုမှာခဲ့လေ၏။

ထိပ်တင့်ဆွေသည် လမ်းခရီးရှိ ဘူတာငယ်တစ်ခုတွင် ရထားရပ်တန့်လေရာ ငှက်ပျောဖက်နှင့်ထုပ်ထားသော ထမင်းထုပ်တစ်ထုပ်ကိုဝယ်ယူပြီး ဝမ်းမိုက်ကိုဖြည့်တင်းရန်ပြင်လေ၏။

ထိုအခါ ထူးဆန်းစွာပင် ထမင်းထုပ်ထဲမှ စာရွက်လိပ်ကလေးတစ်ခုကို တွေ့ရလေ၏။

စာရွက်ထဲတွင်မူ အောက်ပါအတိုင်းထူးဆန်းသော စာကြောင်းကလေးကို ဖတ်ရှုရ၏။

***"သင့်အတွက် ဤစာကို လက်ခံရခြင်းသည် ကံကောင်းခြင်း၏အမှတ်လက္ခဏာသာဖြစ်***



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ရွှေဘုတာတွင်ဆင်း၍ စုံစမ်းလျှင် ငွေ (၁၀)မျှ ရင်းရုံနှင့် ရာဂဏန်းရနိုင်သော ရာဂဏန်း ရင်းရုံနှင့် ထောင်ဂဏန်းရနိုင်သောအလုပ်ကိုတွေ့ ရပေမည်၊ ထို့ထက်ဆိုရလျှင် မျက်စိတစ်မှိတ် အတွင်း ငွေအရင်းအနှီးပေါ်တွင်လိုက်၍ ချမ်းသာ ကြွယ်ဝသူဖြစ်နိုင်၏။

(ကျားကိုးကောင်)

စာထဲတွင် ပါရှိသော ချမ်းသာကြွယ်ဝသူဟူသည့်စကား က ထိပ်တင်ဆွေ၏ စိတ်ဝင်စားမှုကို တိုးပွားစေ၏။ ကျားကိုး ကောင်ဟူသောလူသည် ထိုကဲ့သို့ စာမျိုးကို အဘယ်ကြောင့် ထမင်း ထုပ်ထဲတွင် ထည့်၍ပေးရသည်မသိဟုလည်း တွေးမိ၏။

သို့သော် ချမ်းသာကြွယ်ဝရန်အတွက် ရွှေဘုတာတွင် ဆင်း သက်ကာ စုံစမ်းရမည်ဟု ဆုံးဖြတ်လိုက်၏။

ထိုဘုတာမှာ စည်ကားသော တိုင်းရင်းသားရွာကြီးတစ်ရွာ တွင်ရှိ၏။ ထိပ်တင်ဆွေသည် ကိုဖိုးလူ ပြင်ဆင်ပေးလိုက်သော





လွယ်အိတ်ဟောင်းကိုလွယ်၍ ထိုရွာကြီးတွင် ဆင်းသက်ခဲ့၏။

သူသည် ဘုတာအနီးရှိ မြင်းလှည်းသမားတစ်ယောက်ကို

"ဒီမှာ နောင်ကြီး၊ ကျားကိုးကောင်ဆိုတဲ့ လူက ဘယ်မှာနေတာလဲဗျ"

ဟုမေးမြန်းရာ ထိုသူက ရယ်မောပြီး

"ခင်ဗျားက ခရီးသွားလူစိမ်းတစ်ယောက် ထင်တယ်၊ တန်တော့ ရထားပေါ်မှာ ထမင်းထုပ် ဝယ်စားရင်း ကျားကိုးကောင်ကြော်ငြာစာရွက်ကို တွေ့ခဲ့တဲ့သူပဲဖြစ်ရမယ်၊ ကျားကိုးကောင်ကိုတွေ့ ချင်ရင်တော့ ဒီလမ်းအတိုင်း အဆုံးထိလျှောက် သွားပေတော့"

ဟုညွှန်ပြလေ၏။

ထိပ်တင်ဆွေသည် ထိုသူ၏စကားအတိုင်း သွားလာလျှင် ကျားကိုးကောင်ဟူသည်မှာ လူအမည်မဟုတ်ဘဲ လူများနှင့်စည်ကား နေသော မြေစိုက်တဲကြီးတစ်လုံးမှ ဆိုင်းပုတ်တွင်ရေးသားထားသည်



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်ကြောင်းတွေ့ရ၏။

ခြေစိုက်တဲကြီးအတွင်းရောက်လျှင် ထိုနေရာသည် ဖဲဝိုင်း၊ ဂျင်ဝိုင်းများနှင့် လောင်းကစားသူများ ကျင်လည်ရာ လောင်းကစားရုံကြီးတစ်ရုံဖြစ်ကြောင်းသိရ၏။

ထိပ်တင်ခွေသည် အိတ်တွင်းမှ ငွေကလေးကို စမ်းသပ်မိပြီး

*"နည်းနည်းတော့ ကံစမ်းလိုက်မှ ထင်တယ်၊*
*အရင်တုန်းက လောင်းကစားဝိုင်းတွေမှာ ကြုံရင်*
*ကံစမ်းတာ အမြဲအနိုင်ရခဲ့တာပဲ၊ ဟား ဟား…*
*ဒီမှာ ပွဲပေါက်တိုးရင်လည်း ပင်ဝင်ပန်းပန်း*
*ကျော့ကျော့မတွေ့ရဘဲ ချမ်းသာပြီပေါ့ကွာ"*

ဟု ကြုံးဝါးလိုက်တော့၏။

♦♦♦





ရွှေတိုးသည် အဘွားအိုး၏ မြေးမငယ်ကို ရှာဖွေရန် ခရီးထွက်လာခဲ့၏။ ထိုမိန်းကလေး၏အမည်မှာ ထိပ်ထားဟုသိရပြီး အသက်အရွယ်ကလည်း သူနှင့်ရွယ်တူခန့်ရှိ၏။

ရွှေတိုးမှာ ကောက်ရိုးပုံထဲမှ အပ်ကိုရှာဖွေနေရသလို ထိုမိန်းကလေးကို ရှာဖွေရသည်မှာ မရေရာ မသေချာသော်လည်း စိတ်မလျှော့ချ။

သူ့ကို အဘွားအိုက ငွေကြေးအလုံအလောက်ပေးလိုက်လေရာ တစ်မြို့ဝင် တစ်မြို့ထွက်နှင့် လူပျောက်ကို ရှာဖွေနေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ရွှေတိုးသည် မြစ်ဝကျွန်းပေါ်ရှိ နယ်မြို့ကလေး တစ်မြို့သို့ရောက်ရှိရာ ဈေးအနီးမြေကွက်လပ်တွင် လူများဝိုင်းအုံကြည့်ရှုနေသော မျက်လှည့်ပွဲတစ်ခုနှင့်ကြုံလေ၏။

သူသည် မျက်လှည့်ပွဲကို ဝင်ရောက်ကြည့်ရှုလေရာ မျက်လှည့်ဆရာဖြစ်သူမှာ လွန်စွာ အာဝဇ္ဇန်းရွှင်၍ ပိရိသေသပ်သော မျက်လှည့်ပြကွက်များနှင့် ပရိသတ်များကိုဖမ်းစားထားသည်ကို တွေ့ရ၏။

ထိုသို့ မျက်လှည့်ပွဲကြည့်ရှုနေစဉ် မျက်လှည့်ဆရာ၏ နောက်ကျောဘက်၌ လူနှစ်ယောက်၏ ထူးခြားသောလှုပ်ရှားမှုကို အမှတ်မထင်မြင်တွေ့လိုက်ရ၏။

ထိုသူနှစ်ယောက်မှာ ဝှက်၍ယူဆောင်လာသော ဓားမြှောင်ကိုယ်စီထုတ်၍ အသင့်အနေအထားနှင့်ရှိနေလေ၏။

ရွှေတိုးသည် ထိုလူများက မျက်လှည့်ဆရာကို တစ်စုံတစ်ရာ အန္တရာယ်ပြုတော့မည်မှန်း ရိပ်မိပြီးထိုနေရာသို့ တိုးဝှေ့၍သွားလေ၏။





မျက်လှည့်ဆရာမှာမူ သေတ္တာလွတ်ကလေးတစ်လုံးအတွင်းမှ ပစ္စည်းမျိုးစုံကိုထုတ်ယူပြသရင်း သူ့အာရုံနှင့်သူရှိနေ၏။

ဓားမြှောင်ကိုင်ထားသူနှစ်ယောက်က အချင်းချင်း မျက်ရိပ်ပြပြီးလျှင် မလှမ်းမကမ်းမှ ကျောပေးနေသော မျက်လှည့်ဆရာထံ အလစ်အငိုက်တိုက်ခိုက်ရန် ပြေးဝင်သွားကြ၏။

ရွှေတိုးသည် တွေဝေမနေတော့ဘဲ ဓားမြှောင်ကိုင်သူတစ်ယောက်၏ကျောကို အားကုန်ဆောင့်ကန်လိုက်ပြီး မျက်လှည့်ဆရာကိုအော်ဟစ်ကာ

*"ဟေ့လူ… သတိထား"*

ဟု အသံပေးလိုက်၏။

ရန်ပြုသူတစ်ယောက်မှာ ရွှေတိုး၏လက်ချက်နှင့် ယိမ်းယိုင်သွားသော်လည်း တစ်ယောက်က အရှိန်နှင့် မျက်လှည့်ဆရာ၏ကျောကို ဓားမြှောင်နှင့် ထိုးလိုက်၏။

ရွှေတိုး၏ သတိပေးသံကြောင့် မျက်လှည့်ဆရာသည် အတ်ခနဲပင် နံဘေးသို့ခုန်လွှား၍ရှောင်ထွက်သွားနိုင်ကာ အသက်ဘေး



www.burmeseclassic.com

www.burmeseclassic.com



မှ ကင်းလွတ်သွား၏။

ရွှေတိုးမှာမူ မကျေမနပ်နှင့် ပြန်လှည့်လာသော ဓားမြှောင်သမားနှင့်ရင်ဆိုင်လိုက်ရ၏။

ထိုသူက ရွှေတိုးကို ဓားမြှောင်နှင့် ဝှေ့ရမ်းတိုက်ခိုက်လေ၏။ မျက်လှည့်ဆရာမှာလည်း ကျန်လူကို အလစ်မပေးဘဲ ပွဲမြန်မြန်သိမ်းရန် တရစပ်တိုက်ခိုက်နေ၏။

ရွှေတိုးသည် ရင်ဆိုင်ရသူကို လက်နက်မဲ့သွားအောင် တိုက်ခိုက်ပြီး နှစ်ယောက်သားမြေပြင်တွင် လုံးထွေးသွားလေ၏။ ပွဲကြည့်ပရိသတ်များလည်း ဝရုန်းသုန်းကားဖြစ်သွားပြီး ရန်ပွဲကို ဝိုင်းဝန်းကြည့်ရှုနေကြပြန်၏။

နောက်ဆုံးတွင် ရွှေတိုးနှင့်မျက်လှည့်ဆရာသည် ဓားမြှောင်သမားနှစ်ယောက်ကို မြေပြင်တွင် လှဲသိပ်လိုက်နိုင်၏။ မျက်လှည့်ဆရာက ထိုသူများကိုကြည့်ပြီး

"ဒီလူတွေက မြို့ခံလူမိုက်တွေပါ၊ ကျုပ်က သူတို့ကို ပညာပေးဖူးတော့ အလစ်မှာဝင်ပြီး တိုက်





ခိုက်ဖို့ကြံစည်ကြတာပဲ၊ မင်းကူညီလို့ သူတို့ အန္တရာယ်က လွတ်သွားတာပါ"

ဟု ရွှေတိုးကို ကျေးဇူးစကားပြောလေ၏။ ရွှေတိုးက လက်ကာပြ၍

"ရပါတယ်ဗျာ၊ ကျုပ်က ဒီလို တစ်ဖက်သတ်အမူမျိုးတွေကို ရှောင်လွှဲမသွားတတ်ပါဘူး၊ ခင်ဗျားမျက်လှည့်ပွဲလည်း ပျက်သွားပြီ၊ ကျုပ်လည်း ခရီးဆက်တော့မယ်"

ဟု နှုတ်ဆက်၍ ထွက်ခွာဟန်ပြင်၏။ ထိုအခါ မျက်လှည့်ဆရာက တားမြ၍

"ဒီလို မလုပ်ပါနဲ့ကွာ၊ ငါမင်းကို ကျေးဇူးတင်တဲ့အနေနဲ့ စားသောက်ဆိုင်ကောင်းကောင်းမှာ ပြုစုပါရစေ၊ ငါ့နာမည် ဖိုးလှလို့ခေါ်တယ်"

ဟု မိတ်ဆက်၏။ ရွှေတိုးက ခေါင်းယမ်းပြီး

"ကျုပ် အဲဒီလိုလုပ်ပြီး စားသောက်ချင်ရို



www.burmeseclassic.com

www.burmeseclassic.com



"ကူညီတာမဟုတ်ပါဘူးဗျာ၊ ကျုပ်အမည်က ရွှေတိုး လို့ခေါ်ပါတယ်၊ နောင်ကြီးနဲ့ကျုပ် ရေစက်ပါရင် ပြန်ဆုံကြသေးတာပေါ့"

ဟုပြောလိုက်၏။ သူ၏လည်ပင်းကို စမ်းသပ်ကာ

"ဟိုက်... ကျုပ်ရဲ့ပစ္စည်းကလေး ဘယ် ရောက်သွားပြီလဲ မသိဘူး၊ ဟိုလူနဲ့လုံးထွေးရင်း ပြုတ်ကျသွားတာဖြစ်ရမယ်"

ဟု ဆို၍ မြေပြင်တွင် ရှာဖွေလေ၏။

ကံကောင်းထောက်မစွာနှင့် ကျောက်စိမ်းပြားကလေးကို ပြန် တွေ့ရ၏။ ထိုအခါ ကိုဖိုးလူက မျက်မှောင်ကြုတ်ပြီး

"မောင်ရင့်လိုပစ္စည်းကလေးတစ်ခု ကျုပ် မြင်ခဲ့ဖူးတယ်"

ဟုပြောလေ၏။ ရွှေတိုးက လှုပ်လှုပ်ရှားရှားဖြစ်ကာ

"နောင်ကြီးက ဒါမျိုးကျောက်စိမ်းပြားကို မြင်ခဲ့ဖူးလို့လား"





ဟု မေးမြန်းလိုက်၏။ ကိုဖိုးလူက ပြုံး၍

"ဒီကျောက်စိမ်းပြားနဲ့ပတ်သက်ပြီး မင်းမှာ အရေးတကြီးကိစ္စရှိပုံရတယ်၊ ငါ့အနေနဲ့ ပြောသင့် သလောက်တော့ ပြောပြနိုင်ပါတယ်၊ ဟဲ..ဟဲ... ဒီအတိုင်းတော့ မပြောနိုင်ဘူး။ကျ[illegible]ဘားသောက် ဆိုင်မှာ ပြုစုတာကို လက်ခံမှဖြစ်မယ်"

ဟုပြောလေရာ ရွှေတိုးက ဟက်ခနဲရယ်၍

"ကောင်းပါပြီဗျာ၊ အနီးဆုံးဆိုင်ကိုသာ ချီတက်ကြပါစို့"

ဟု ဆိုလိုက်တော့၏။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ရက်အနည်းငယ်အကြာတွင် ရွှေတိုးသည် မန္တလေး၊ မြစ်ကြီးနား မီးရထားထက်တွင် လိုက်ပါနေပြီဖြစ်၏။ ထိုအခါ ဘူတာငယ်လေးတစ်ခုတွင် ဝမ်းဗိုက်ကို ဖြည့်တင်းရန် ထမင်းထုပ်ဝယ်စားရာမှ ထမင်းထုပ်ထဲတွင် အောက်ပါအတိုင်း စာတိုကလေးရေးသားထားသည်ကိုတွေ့ရလေ၏။

*"သင့်အတွက် ကံကောင်းပြီလို့သာ မှတ်ပေတော့၊ ငွေအနည်းငယ်မျှနှင့် အဆ ရာထောင်မက ရနိုင်သော လုပ်ငန်းကြီးတစ်ခုက ရှေ့ဘူတာကလေးတွင် စောင့်စမ်းပါက သင့်ကိုကြိုလင့်နေကြောင်း သိရမည်။ ချမ်းသာကြွယ်ဝစေချင်သလား။ နဂါးကိုးကောင်ဆီကိုသာ အရောက်လာပါ"*





ရွှေတိုးသည် စာကလေးကိုဖတ်ပြီး ပြုံးကာ လုံးချေ၍ လွှင့်ပစ်လိုက်၏။ အလွယ်လမ်းသို့လိုက်လိုသော စီးပွားရေးသမားများ၏ ထူးခြားသော ကြော်ငြာတစ်ခုသာဟု လက်ခံထား၏။

သူသည် ကိုဖိုးလှူထံမှ ထိပ်တင်ဆွေဟူသော သူဌေးသားလူပေါ်ကြော့ အထည်ကြီးပျက်အကြောင်း အတော်အတန်သိခဲ့ရ၏။

သူ့အကြောင်းကို ကိုဖိုးလှူအား ရေရာစွာ ပြောမပြခဲ့ချေ။ ကျောက်စိမ်းပြားကလေးနှင့်ပတ်သက်၍ လျှို့ဝှက်ထားခြင်းသည် အမှားမရှိနိုင်ဟု တွက်မိ၍ဖြစ်၏။

ကျန်သည့်ကျောက်စိမ်းပြားမှာ ထိပ်တင်ဆွေထံတွင် ရှိနေလေ၏။ ထိပ်တင်ဆွေသည် ကျောက်တူးရန် ဤခရီးစဉ်အတိုင်း သွားလာခဲ့ပေမည်။

မိမိကလည်းခရီးဆုံးအထိ လိုက်လံရှာဖွေရမည်ဖြစ်၏။ ထိပ်



www.burmeseclassic.com

www.burmeseclassic.com



တင်ဆွေကိုတွေ့လျှင် ကျောက်စိမ်းပြားကို မည်သည့်နေရာက ရခဲ့သည်ကို သေချာစွာမေးမြန်းရပေမည်။

ရွှေတိုးသည် ထိုသို့တွေးတောရင်း ကြော်ငြာစာကလေးကို ဖျတ်ခနဲ သိရကာ

*"ငါ့လိုပဲ ထိပ်တင်ဆွေလည်း ထမင်းစားရင်း ဒီလိုစာမျိုးကိုတွေ့နိုင်တာပဲ၊ ဒါပေမဲ့ ဒီလူက အယုံလွယ်ပြီး တံအကျိုးပေးနဲ့ ချမ်းသာချင်တဲ့လူလို့ ကိုဖိုးလူက ပြောလိုက်တယ်၊ ဒီလိုဆိုရင် ကြော်ငြာစာကို သူစိတ်ဝင်စားပြီး ရှေ့ဘူတာမှာ ဆင်းသက်နိုင်တာပဲ၊ ဟုတ်ပါတယ်၊ ငါလည်း အဲဒီမှာဆင်းပြီး စုံစမ်းရင်းအကျိုးမယုတ်နိုင်ဘူး"*

ဟု တွေးမိ၏။

ထို့နောက် ဘူတာတွင် ရထားဆိုက်လျှင် ရွှေတိုးသည် နဂါးကိုးကောင်ကို စုံစမ်းရာ လောင်းကစားဝိုင်းကြီးတစ်ခုဖြစ်ကြောင်း သိရ၏။





သူသည် ကိုဖိုးလူပြောသည့်အတိုင်း ထိပ်တင်ဆွေ၏ ပုံသဏ္ဍာန်ကို မှတ်သားထားခဲ့၏။ သို့သော် လောင်းကစားဝိုင်းတွင် ထိုသူနှင့်တူသူကိုပင် မတွေ့ရှိချေ။

ရွှေတိုးမှာ သူ၏တွက်ချက်မှုလွဲချော်သွားပြီဟုတွေး၍ ထိုနေရာမှ ပြန်လည်ထွက်ခွာပြီး ခရီးဆက်ရန်ပြင်လေ၏။

ထိုအခါ လောင်းကစားဝိုင်းတွင် လက်တိုလက်တောင်းခိုင်းသူတစ်ယောက်အား လူမိုက်တစ်ယောက်က ရိုက်နှက်ရန် လက်ရွယ်ပြီး

*"ဒီကောင်ကွာ၊ အလုပ်လုပ်လိုက်ရင် ပေါ့ပေါ့ဆဆနဲ့၊ မင်းသယ်လာတဲ့အရက်ခွက်က ငါ့အပေါ်ကို မှောက်ကျရအောင် မင်းမျက်လုံးက ကြောင်တောင်ကန်းနေလို့လားကွ"*

ဟု ကြိမ်းဝါးသည်ကိုတွေ့ရ၏။

ထိုအလုပ်သမားသည် အပေါ်ပိုင်းဗလာကျွင်းပြီး ညစ်တွေးဘိချာနေသော်လည်း ထိုသူ၏ လည်တိုင်၌ဆွဲထားသောနေရာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးကြောင့် ရွှေတိုး၏ မျက်လုံးအစုံက ဖျတ်ခနဲတောက်ပသွား၏။ သူသည် ထိပ်တင်ဆွေကို တွေ့ရချေပြီ။

မကြာမီ အူကြောင်ကြောင်ဖြစ်နေသော ထိပ်တင်ဆွေ၏ လက်ကိုဆွဲ၍ ရွှေတိုးက ကောင်းကစားဝိုင်းအပြင်သို့ရောက်လာကာ

*"ဒီမှာကွာ၊ ငါရှင်းရှင်းပဲမေးမယ်၊ မင်း လည်ပင်းက ကျောက်စိမ်းပြားကို ဘယ်ကရလာ သလဲ"*

ဟုဆိုလိုက်၏။ ထိပ်တင်ဆွေက လက်ကိုရုန်းဖယ်ပြီး

*"မင်းမေးတိုင်း ငါက ဖြေရမှာလား"*

ဟု ပြောလေရာ ရွှေတိုးက ဆတ်ခနဲပင် ထိပ်တင်ဆွေ၏ ဆွဲပြားကို ဆွဲဖြုတ်ယူလိုက်ကာ

*"အင်း… အတိအကျပါပဲ၊ သုံးပေါက်ချွန်း ဆိုတော့ ဒီအပြားကလေးမှာ အနီရောင် အစက် ကလေးနှစ်စက်ပါနေတာပဲ"*

ဟု ရေရွတ်လိုက်၏။





ထိပ်တင်ဆွေက ဒေါသတကြီးနှင့်

*"မင်းဘယ်လိုလုပ်လိုက်တာလဲ၊ ဒါက ငါ့ရဲ့ ကျေးဇူးရှင် အစ္စမကလေးတစ်ယောက်ပေးလို့ အမှတ်တရ သိမ်းထားတာကွ"*

ဟု ပြောလေ၏။ ရွှေတိုးက အလောတကြီးနှင့်

*"အဲဒီအစ္စမကလေးက ဘယ်ကလဲ၊ ဘယ် မှာနေတာလဲ၊ သူ့နာမည်က ဘယ်သူလဲ"*

ဟု မေးမြန်းလိုက်ရာ ထိပ်တင်ဆွေက

*"ရန်ကုန် အင်းစိန်ဘက်မှာ ဘိုးကုန်းဆိုတာ ရှိတယ်၊ အဲဒီမှာ သူ့ကိုမသိတဲ့သူ မရှိဘူးကွ"*

ဟုဆိုလေ၏။ ထိုအခါ ရွှေတိုးသည် တုံ့ဆိုင်းမနေတော့ ဘဲ ထိုနေရာမှ ချာခနဲ လှည့်ထွက်ခဲ့တော့၏။

နောက်ပါးမှ ထိပ်တင်ဆွေမှာမူ

*"ဟေ့ကောင်၊ ငါ့ပစ္စည်းကလေး ပြန်ပေးခဲ့ ဦးလေ၊ ငါမှာ လောင်းကစားဝိုင်းမှာရှုံးလို့ ဒီမှာပဲ*



www.burmeseclassic.com

www.burmeseclassic.com



*ပြန်ပြီး အလုပ်လုပ်နေရတာတောင် ငါချမ်းသာသမျှ ဘာမှတန်ဖိုးမရှိတဲ့ ပစ္စည်းကလေးကို ယူသွားတာ ခံရသေးတယ်"*

ဟု အော်ဟစ်၍ကျူန်ခဲ့လေ၏။

ရွှေတိုးမှာ အဝေးသို့ရောက်ရှိသွားပြီဖြစ်၍ ၎င်းသည် ယခု အချိန်တွင် သားကောင်ရနံ့ကိုရသော မုဆိုးကဲ့သို့ တက်ကြွနေလေ၏။ သူ့အနေနှင့် ရန်ကုန်မြို့ကြီးကို အလျှင်အမြန်ရောက်ရှိရန် အရေးကြီး၏။

ရွှေတိုး၏ရှေ့မှောက်တွင် အရှုံးမလေးကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့နေရချေပြီ။ သူမသည် စိတ်ရောဂါသည်ဖြစ်သော်လည်း ကြမ်းတမ်းခက်ထန်ခြင်းမရှိဘဲ ပန်းကလေးများကို သီချင်းတအေးအေးနှင့်သီနေ၏။

ရွှေတိုးသည် သူမနှင့်မတွေ့မီ စုံစမ်းစဉ်အချိန်က ဘိုကုန်းထဲတွင် ကြွယ်ဝချမ်းသာသော ကရင်သူဌေးကြီးတစ်ယောက်က

*"အရှုံးမကလေးက ကျုပ်ကလေးအသက်*





*ကို ကယ်ခဲ့ဖူးတယ်၊ ကလေးက လမ်းမှာဆော့ကစားရင်း မြင်းလှည်းတစ်စီးက တိုက်မိမလိုဖြစ်တော့ သူက ပြေးပြီးဆွဲလိုက်နိုင်တော့ အသက်ချမ်းသာရာရသွားတာပဲ၊ မိန်းကလေးကို ဒီအရပ်က ကောင်းကောင်းစောင့်ရှောက်ထားတာပဲ၊ ကျုပ်အိမ်မှာ ကြိုက်သလိုနေခွင့်ပြုထားပေမဲ့ သူကမနေဘူး၊ ဒါပေမဲ့ ဘယ်မှလည်း ဝေးဝေးလံလံသွားလာနေတာ မဟုတ်တော့ ဒီအတိုင်းလွှတ်ထားရတာပေါ့"*

ဟုပြောခဲ့၏။

ရွှေတိုးက ကရင်သူဌေးကြီးကို အကြောင်းစုံ ရှင်းပြခဲ့ပြီး ဖြစ်သလို အရှုံးမကလေးကို ရပ်ရွာမှ လူကြီးများပါ လိုက်ပါရင်း သူမ၏အဘွားအရင်းထံ ပြန်ပို့ရန်စီမံရ၏။

ထိုအခါမှပင် ပြဿနာပေါ်တော့၏။ အရှုံးမလေးကို မည်သို့မျှ ခေါ်ဆောင်၍မရဘဲ အကြောက်အကန်ငြင်းဆန်နေလေရာ လူကြီးတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို အတင်းအကျပ်ခေါ်ရင် သူ့ရဲ့စိတ်အခြေအနေက ပိုပြီးဆိုးရွားသွားနိုင်တယ်၊ သူ စိတ်ပါလက်ပါ လိုက်လာအောင် တစ်နည်းနည်းနဲ့ ကြံကြသေးတာပေါ့"

ဟုဆိုလေ၏။

ရွှေတိုးသည် အရှုံးမလေးကို တွေ့မြင်နေရသော်လည်း ခေါ်ဆောင်၍မရ ဖြစ်နေ၏။ သူသည် အရှုံးမလေးကို ကျောက်စိမ်းဆွဲပြားအား ပြသပြီး

"ဒီမှာ မိန်းကလေး၊ ဒါလေးက မင်းရဲ့ပစ္စည်းပဲ သိတယ်မဟုတ်လား"

ဟုမေးမြန်းလိုက်ရာ သူမက မျက်လုံးကလေးဝိုင်းစက်ပြီး

"နင်…ငါ့ရဲ့ယော်ကျွန်ကြီးဆီက ဟာလေးကို ဘာလို့ယူထားရတာလဲ၊ ငါ့ရဲ့ယော်ကျွန်ကြီးကို ရှာပေးပါ၊ အခုရှာပေးပါ"

ဟု တောင်းဆိုလေတော့၏။ ရွှေတိုးသည် ခေါင်းကုတ်





ပြီး

"ဒီကျောက်ဆွဲပြားကို ပြလိုက်တော့မှ ဘယ်ကမှန်းမသိတဲ့ ယော်ကျွန်ကြီးက ပေါ်လာတယ်"

ဟု ညီးညူလိုက်မိ၏။

အရှုံးမလေးသည် ထိုသို့အော်ဟစ်နေရင်းမှပင် လမ်းမထက်သို့ အကြည့်ရောက်ကာ မျက်နှာရွှင်ပြသွား၏။ အပြောင်းအလဲက မြန်ဆန်လှ၏။

သူမသည် ရုတ်ခြည်းပင် ခုန်ပေါက်ကာ ထိုနေရာမှ ပြေးထွက်သွားတော့၏။ ရွှေတိုးသည် သူမ၏ ဦးတည်ရာကိုကြည့်ရှုရာ လူနှစ်ယောက်သည် ခပ်မှန်မှန်ပင် လျှောက်လှမ်းလာသည်ကို တွေ့ရ၏။

ထိုသူနှစ်ယောက်မှာ ကိုဖိုးလူနှင့် အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော ထိပ်တင်ဆွေတို့ဖြစ်၏။

အရှုံးမလေးသည် ထိပ်တင်ဆွေထံ ပြေးသွား၍ရောက်သောအခါ လက်မောင်းကိုခိုတွယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟား…ဟား…ဟား… ငါ့ရဲ့ငယ်ကျွန်ကြီး ရောက်လာပြီ၊ သခင်မ ပျော်လိုက်တာ၊ ပျော်လိုက်တာ"

ဟု ဝမ်းသာရွှင်မြူး၍နေလေ၏။ ကိုဖိုးလူက ရွှေတိုးထံ လှမ်းလာပြီး

"မင်းကို ထိပ်တင်ဆွေရဲ့သတင်းပေးပြီး မင်းနောက်က အစိုပ်လိုလိုက်ခဲ့မိတာ တောင်းပန်ပါတယ်ကွာ၊ ဒါကြောင့်လည်း ဘဝပျက်လုဖြစ်နေတဲ့ ထိပ်တင်ဆွေကိုတွေ့ပြီး အခုလို ခေါ်လာနိုင်ခဲ့တာပေါ့"

ဟုပြောလေ၏။

ရွှေတိုးက တာဝန်တစ်ခုကို အောင်မြင်စွာ လုပ်ဆောင်ပြီးလေရာ သက်ပြင်းချလိုက်ကာ

"ကျုပ် ဒီမိန်းကလေးကို သူ့အသွားဆီ အရောက်ပို့ရမယ်ဗျ။ ဒါတွေကို ကျုပ်သေသေချာ





ချာ ရှင်းပြပါမယ်၊ ခက်တာက မိန်းကလေးကို ဒီက ခေါ်သွားလို့မရဘဲ အတင်းငြင်းဆန်နေတာဗျ၊ အခုလိုဆိုတော့ ဒီကိစ္စကို သူ့ရဲ့ငယ်ကျွန်ကြီးက အလွယ်တကူ လုပ်နိုင်လိမ့်မယ်ထင်တယ်"

ဟုပြောဆိုလိုက်၏။

ထိပ်တင်ဆွေမှာမူ သူ့အပေါ် သံယောဇဉ်တွယ်နေရှာသော အရူးမလေးကို ကရုဏာသက်ဟန်နှင့်ကြည့်ရှုနေ၏။ သူ့ရင်ထဲ၌လည်း အရူးမလေးနှင့်တူညီသော နှောင်ဖွဲ့မှုတစ်မျိုး ဖြစ်ပေါ်နေချေပြီ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး တစ်လခန့်ကြာလျှင် လူနှစ်ယောက်သည် လှည်းတစ်စီးထက်တွင် လိုက်ပါရင်း ရွာကလေးတစ်ရွာသို့ ရှေ့ရှုသွားလာနေကြ၏။

လှည်းထက်တွင် လိုက်ပါလာသည့် သျှောင်ထုံးနှင့်လူရွယ်က မုတ်ဆိတ်ပါးပြိုင်းမွေးနှင့်လူကို စတင်ကာ

"ကိုဖိုးလူ... အခုကျူပ်ရဲ့ အပြန်ခရီးက ပျော်စရာအတိပါပဲဗျာ၊ ကျူပ်မှာ အိမ်ရာတည်ထောင်ဖို့ ယောက္ခမကြီးစိတ်တိုင်းကျ ငွေထုပ်ကြီး ပါလာတယ်ဗျ၊ ဒါဟာ ထိပ်ထားဆိုတဲ့ အရွးမ





လေးရဲ့ကျေးဇူးပဲ"

ဟုပြောလေ၏။ ထိုအခါ ကိုဖိုးလူက

"ထိပ်ထားကို အရွးမလို့ ပြောလို့မရတော့ဘူးကွဲ၊ ရန်ကုန်မှာ ဆရာဝန်ကြီးတွေနဲ့သေသေချာချာ စစ်ဆေးကုသပေးတာ တော်တော်ကလေးကောင်းလာပြီလေ၊ သူ့အဘွား သူငွေးမကြီးလည်း ဝမ်းသာလုံးဆို့နေတာပေါ့ကွာ၊ အဲဒီမှာ ထိပ်တင်ဆွေဆိုတဲ့ လူ့ပေါ်ကြော့လည်း ထိပ်ထားနဲ့တွေ့တော့မှ ကောင်းကောင်းကြီးခံရတော့တာပဲ၊ ထိပ်ထားက သူ့ကို အပျောက်မခံဘူးလေ၊ ထိပ်ထားဟာ ထက်မြက်တဲ့မိန်းကလေးဆိုတော့ ဒီကောင့်ကို ကောင်းကောင်းလည်း ထိန်းနိုင်မှာပါ၊ မိန်းကလေးရဲ့ရောဂါ ရှင်းရှင်းပျောက်ရင် သူတို့နှစ်ယောက်ကို အကြီးအကျယ် မင်္ဂလာဆောင်ပေးမယ်လို့ အဘွားကြီးကပြောနေတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလေ၏။ ရွှေတိုးသည် ပတ်ဝန်းကျင်ရှုခင်းများကို ငေး

မောရင်း

"အင်း... ထိပ်ထားဆိုတဲ့ မိန်းကလေးဟာ ကျောင်းကနေ အိမ်အပြန်မှာ မိုးရေထဲချော်လဲပြီး ခေါင်းကိုထိခိုက်မိသွားတယ်ဗျ။ အဲဒီလို ထိခိုက်မိပြီး အာရုံကြော ချို့ယွင်းခဲ့တာပေါ့၊ မိန်းကလေးသာ စိတ်ရောဂါသည်မဖြစ်ခဲ့ရင် ထိပ်တင်ခွေနဲ့ ဆုံမှာမဟုတ်ဘူး၊ အဲဒီလို မဆုံခဲ့ရင် ကျောက်စိမ်းမြားကလေးလည်း ထိပ်တင်ခွေဆီ ရောက်လာမှာ မဟုတ်ဘူး၊ ဒါဆိုရင် ကျုပ်ကို ခင်ဗျားက အဲဒီသတင်းကိုပေးနိုင်မှာ မဟုတ်ဘူးဗျ၊ ကျုပ်လည်း မိန်းကလေးကို တစ်သက်လုံး ရှာတွေ့နိုင်မှာ မဟုတ်ဘူးဗျ၊ တကယ်တော့ ဆန်းကြယ်တဲ့ ကံကြမ္မာကို သာ ကျေးဇူးတင်ရမှာပေါ့ဗျာ"

ဟုပြောဆိုလေရာ ကိုဖိုးလူက



BURMESE CLASSIC .com



"သိပ်ဟုတ်တာပေါ့၊ ကံသမားဖြစ်တဲ့ ထိပ်တင်ခွေလည်း ဘာပဲဖြစ်ဖြစ် ထိပ်ထားကြောင့် သူ့ဘွေးဘဝကို ပြန်ရောက်သွားပြီကွ"

ဟုထောက်ခံ၏။ ထိုအခါ ရွှေတိုးက ကိုဖိုးလူ၏ပခုံးကိုပုတ်၍

"ခင်ဗျားက ကြုံရာကျပန်း လုပ်တဲ့သူဆိုတော့ ကျုပ်တစ်ခု အလုပ်အပ်ချင်တယ်ဗျာ"

ဟုပြောလေရာ ကိုဖိုးလူက မျက်ခုံးပင့်၍

"ဘယ်လိုအလုပ်ဖြစ်ဖြစ် ငါ့ဘက်ကတော့ အဆင်သင့်ပဲ"

ဟုဆိုလေ၏။ ရွှေတိုးက ရွာဆီသို့ လက်ညှိုးညွှန်ပြီး

"မကြာခင် ရွာကိုရောက်တော့မယ်၊ အဲဒီမှာ ကျုပ်ရဲ့ ချစ်ရတဲ့သူရှိတယ်ဗျ၊ ကျုပ်က သူ့ကို တစ်ခါတည်းတောင်းရမ်းပြီး မင်္ဂလာဆောင်ချင်တယ်၊ ကျုပ် ယောက္ခမကြီးကျေနပ်အောင် ကြားကပြောဆိုပေးဖို့ ကျုပ်ဘက်က အုပ်ထိန်းသူလူကြီး



www.burmeseclassic.com

www.burmeseclassic.com



လိုတယ်ဗျ၊ အဲဒီအုပ်ထိန်းသူအဖြစ် ခင်ဗျားဆီမှာ အလုပ်အပ်ချင်တယ်၊ ခင်ဗျားအတွက် မနစ်နာစေရပါဘူးဗျာ"

ဟုပြောလိုက်ရာ ကိုဖိုးလူမှာ မျက်လုံးပေါက်များပိတ်အောင် ရယ်မောရင်း

"ဟား…ဟား…ဟာ… ကောင်းလိုက်လေကွာ၊ ငါ့လို ကြံ့ရာကျပန်းလုပ်ခဲ့တဲ့သူတောင် ဒီအလုပ်မျိုး တစ်ခုမှ မလုပ်ခဲ့သေးဘူး၊ လုပ်ခအနေနဲ့ မင်းအိမ်မှာ တစ်လတိတိတင်ပြီး ကျွေးမွေးထားရင် ရပါပြီကွာ"

ဟုပြောဆိုလေ၏။

ရွှေတိုးမှာမူ မျက်လုံးထဲတွင် သူနှင့်မမြလေးတို့၏ ကြီးကျယ်သောမင်္ဂလာပွဲကြီးသာ မြင်ယောင်နေလေတော့၏။

နလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေ

မင်းသွေးသစ္စာ

ဆံရစ်လှိုင်စာပေ

www.burmeseclassic.com